
မောင်ညိုမှိုင်း (သန့်လျှင်)
သေနှိပ်တံစီး
မောင်ကံကြီး
အပါအဝင်
ဂန္တဝင်ဝတ္ထုတိုများ
မောင်ညိုမှိုင်း(သန့်လျှင်)၊ ယောင်မှုူးကြီးသိန်းဝင်း၊ လေးမောင်၊ ဗျိုင်းဝေကိုယ်၊ အောင်သာမိုး

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၆၁၁၀၆၁၀
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၈၀၄၀၇၁၀

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၀၊ နိုဝင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း။
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း။
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၂၀၀ကျပ်

၈၀၈ . ၈၃
တာရေသောင်စုံ
သေနိဗိတ်စီးမောင်ကံကြီးအပါအဝင်ဝတ္ထုတိုများ/– ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၀။
၂၀၆–၈၇ ၊ ၁၂စင်တီ × ၁၈စင်တီ။
(၁) သေနိဗိတ်စီးမောင်ကံကြီးအပါအဝင်ဝတ္ထုတိုများ

# မာတိကာ


| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | သေနိဗိတ်စီး မောင်ကံကြီး<br>*မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | မေတ္တာဆိုတာ ခွင့်လွှတ်ခြင်း<br>*ထောင်မှူးကြီးသိန်းဝင်း* | ၄၇ |
| ၃။ | လိပ်ပြာလုလု ကမ္ဘာသကာပုံပြင်<br>*ဂျဲဇေကိုယ်* | ၇၉ |
| ၄။ | မုဆိုးနှင့်စည်း<br>*လေးမောင်* | ၁၁၇ |
| ၅။ | အရိပ်ပမာ<br>*အောင်သာမိုး* | ၁၇၉ |



[ ၁ ]

❑

''မောင်ကြိုင် . . . မင်းအမေ ဘယ်လိုနေသေးလဲဟင် သူငယ်ချင်း''

''သတိတော့ ပြန်ရစပြုလာပြီ ခင်ရွှေရေ . . . စကားတော့ မပြောနိုင်သေးဘူးကွ''

''ဒါဆို တဖြည်းဖြည်း ပြောလာနိုင်မှာပါကွာ။ အားမရှိသေးလို့ပါ''

''ရှူး . . . ရှူး . . .''

''ဘာတုံး . . . ဘာဖြစ်လို့တုံး မောင်ကြိုင်''

''မောင်ကံကြီးလာနေတယ် . . . လစ်ကြစို့''





မောင်ကြိုင်နှင့် ခင်ရွှေတို့လည်း မောင်ကြိုင့်မိခင် လူမမာကြီးအကြောင်း သတင်းမေးမြန်း အားပေးစကားများ ပြောဆိုနေတုန်း အင်္ကျီမပါသော ခန္ဓာကိုယ်ကို ပုဆိုးအဟောင်းနှင့် ရင်စလွယ်သိုင်းချည်ပြီး ဆံပင်စုတ်ဖွားနှင့်ဝင်လာသည့် လူရွယ်တစ်ဦးကို မြင်လိုက်ရသည်နှင့် ပြူးတူးပျာတာ တထိတ်တလန့်ဖြစ်ပြီး လူခွဲ၍ အမြန်လစ်ကြစဉ် . . .

''ဟော့ . . . ခင်ရွှေ . . . ခင်ရွှေ . . . ဟော့ကောင် . . . ခင်ရွှေကြီး နေပါဦးဟ။ ဘာလဲ မင်းကသေချင်လို့လား''

ခင်ရွှေကြီး ကြားလိုက်ရသည့်စကားကြောင့် ခေါင်းနားပန်းကြီးသွားပြီး ဆက်မလျှောက်ရဲဘဲ တုံ့ခနဲ ရပ်လိုက်ရသည်။

''မင်းတို့နှစ်ယောက် ငါ့ကိုမြင်တာနဲ့ ဘာလို့ပြေးရတာတုံး''

''အဲ . . . အဲ . . . ဟို . . . ဟို . . . အဟဲ . . .''

''ဟိုကောင်က မောင်ကြိုင်မဟုတ်လား ခင်ရွှေ''

''ဟုတ် . . . တယ် . . . ကို ကံ ကြီး''

''သူ့အမေ နှလုံးရောဂါဖောက်လို့ လဲနေဆိုကွ''

''အဲ . . . အဲ . . . ဟုတ်တယ်၊ ကျုပ်သွားဦးမယ်ဗျာ . . . ကိုကံကြီး''

''နေ . . . နေပါဦးဟ . . . ခင်ရွှေရဲ့ အခြေအနေရော''

''သွားပြီဗျာ။ ကိစ္စရှိနေလို့ပါ''

စကားကို အမြန်ဖြတ်ပြီး ကိုကံကြီးရှေ့မှ အမြန်လစ်ခဲ့ရသည်။ နို့မဟုတ်လျှင် နိမိတ်မရှိသော အမင်္ဂလာစကားကို ပြောနေလိမ့်မည်။

သူ့ကို လူအတော်များများက လန့်ကြ၏။

နာမည်အရင်း ကိုကံကြီးဟု သိပ်မခေါ်ကြ။

လျှို့ဝှက်အမည်အသစ်နှင့် ကွယ်ရာမှာခေါ်ကြ၏။

ငှင်းအမည်သစ်များကား ...

ငှက်ဆိုး ... ဟူ၍လည်းကောင်း။

သေမင်းဟူ၍လည်းကောင်း ဖြစ်လေသတည်း။

[ ၂ ]

ညနေစောင်း အပုပ်ချိန်သို့ရောက်သောအခါ မောင်ကြိုင်တို့ အိမ်မှာ လူနာသတင်းမေး အသိသားချင်းများ အဝင်အထွက်များနေကြ၏။

"ကြီးကြီးမြချယ် သတိရပြီဆို မောင်ကြိုင်"

"ဟုတ်ကဲ့ ဒေါ်လေး"

"စကားပြောပလား ဟဲ့"

"ဆရာကြီး ဦးမွေးတော့ လျှာလိမ်းဆေး နှိုက်ပေးနေတာပဲ ခင်ဗျ။ မကြာခင် ပြောလာလိမ့်မယ်လို့ဆိုတာပဲ ဒေါ်လေးရယ်"





ဒီလိုနှင့် အိမ်ထဲသို့ တစ်ယောက်ပြီးတစ်ယောက် ဝင်လာလိုက်ကြ၊ ကြည့်ရှုအားပေးစကားပြောကြ၊ ဟိုဟိုဒီဒီ ဆေးနည်းတိုများ တိုးတိုးတိတ်တိတ် အကြံပြုကြ။

ပြီး မောင်ကြိုင်တို့မောင်နှမကို နှုတ်ဆက်၍ ထွက်လာကြ။

ဒီအချိန်မှာပဲ 'အကုသိုလ်ကောင်'ဟု အများက ခေါ်ကြသည့် မောင်ကံကြီး ခေါ် ကိုကံကြီး ... ပုဆိုးအစုတ် ရင်သိုင်းစလွယ်စည်း နှင့် လူမမာဒေါ်မြချယ်အိမ်ရှေ့သို့ ရောက်လာ၏။

သူ့ကိုမြင်သော် ...

လမ်းထဲကခွေးများက တစ္ဆေသရဲမြင်သကဲ့သို့ ဟောင်ကြ၏။ ရုပ်ကလည်း တစ္ဆေသရဲရုပ်။

မျက်လုံးနှစ်လုံးက ပြူးထွက်သလိုရှိ၏။

ဘယ်ဘက်မျက်လုံးက စောင်းစွေနေ၏။

နားရွက်နှစ်ဖက်ကလည်း ကြွက်နားရွက်လို ဘေးကားကြီး။ သွားက အတွင်းခေါ၊ အပြင်ခေါ ဆန့်ကျင်ခေါနေသည့်အပြင် နှာခေါင်းက ပြားချပ်ချပ်ဖြစ်နေရကား ...

မျက်နှာက ပိဘိ သရဲတစ္ဆေရုပ်ပေါက်နေ၏။

သည်ကြားထဲ ကွမ်းကံ အဆက်မပြတ်ဝါးနေသဖြင့် ကွမ်းတံတွေးများက သူ့ပါးစပ်ထောင့်နှင့် ရင်ဘတ်ပေါ်မှာ စီးကြောင်းကျ အကွက်ထင်လျက်။

အိမ်နီးနားချင်းများ၊ ခေတ်သိလူများသည် လူမမာအိမ်ရှေ့မှာ သင်းကို မြုန်းစားချည်း မြင်လိုက်ရသောအခါ တုန်လှုပ်သွားကြသည်။ မေးငေါ့ကြသည်။

ဒီမှာ ခွေးနှစ်ကောင်က ကိုကံကြီးကို ကြည့်၍လည်းကောင်း။

လူမမာအိမ်ဘက်သို့ မျက်နှာမူ၍လည်းကောင်း ဆွဲဆွဲငင်ငင် အူကြလေသည်။

အချို့လူကြီးများက 'ဖွ ... ဖွ'ဟု ပါးစပ်မှ ရေရွတ်ကြ၏။

အချို့လူကြီးများက ...

"ဦ ... ရန်သူအကြား ... ငါတို့အကြား ... ဘုရားငါးဆူခြား"ဟု မန္တန်လိုစကားကို ရွတ်ဆိုကြလေ၏။

လူအများက ကိုကံကြီးကိုမြင်သော် ကြောက်ရွံ့ရွံ့ရှာ၍ အဖက်မလုပ်ကြဘဲ ကိုယ့်လမ်းကိုယ်သွား၊ ကိုယ့်အချင်းချင်းသာ တီးတိုးဝေဖန်နေကြလေ၏။

သူ့ကို အရေးမလုပ်သောအခါ ကိုကံကြီးက စောင်းငန်းစောင်းငန်းနှင့် မကျေနပ်သလို လိုက်ကြည့်နေ၏။

ဒီအချိန်မှာပဲ ကိုခွေးကြီးဆိုသူသည် လူမမာသတင်းမေးပြီးအထွက် ...

"ဗျို့ ... ကိုခွေးကြီး"

"ဟာ ... မောင်ကံကြီး"

"ဒီနေ့ မသောက်ရသေးဘူးလားဗျ"

"အဲ ... အဲ ... တော်ကြာမှကွာ ... အခု ..."

"ကျုပ်လည်းတိုက်နော် ကိုခွေးကြီး"

"အဲ ... အဲ ... အေး ... လာခဲ့လေကွာ ... သွားမဟော့"

"နေပါဦးဗျ"

"ဘာတုံး ... မောင်ကံကြီးရာ"

"ဟိုကောင့်အမေ စကားမပြောနိုင်ဘူးဆိုဗျ"

"အဲ ... အဲ ... ကောင်းသွားမှာပါ ... သွား ... သွားမ





ဟော့"

"မလွယ်ပါဘူးဗျာ"

"ဘာကွ ... ဘာ ... မင်းပေါက်ကရ မပြောပါနဲ့ မောင်ကံကြီး"

"ကျုပ် အာရုံရလို့ သိလို့ ပြောနေတာပါဗျာ။ မယုံကြည့်နေ၊ ဒီနေ့ည သန်းခေါင်မကျော်ရစေဘူး"

"မင်းကွာ နိမိတ်မရှိ နမာမရှိကွာ ... သွား ... သွား"

"သွားမှာပါဗျ ... ကျုပ်ကိုချည်း နှင်မနေနဲ့ဦး။ ဒီအိမ်က အဘွားကြီးပြီးရင် ခင်ဗျားလည်း သွားရမှာပဲ"

"ဖွ ... ဖွ .... မင်းသွားတော့ကွာ"

ကိုခွေးကြီး ဒေါပွပြီး ထိုးမည်ကြိတ်မည်လုပ်တော့မှ ကိုကံကြီးသည် ကျက်သရေကင်းမဲ့လှသော မျက်နှာကြီးကို မလှမပပြုံးရင်း လက်မကိုထောင်၍ ထွက်သွားတော့၏။

သူသွားရာနောက်သို့ ခွေးနက်တစ်ကောင်က အူ၍လိုက်၏။

ကျန်ခွေးမည်းတစ်ကောင်က လူမမာအိမ်ကို မျက်နှာမူ၍ တစ္ဆေသရဲကို မြင်ရသည့်အလား ဆွဲဆွဲငင်ငင် အူ၍နေလေသည်။

ကိုကံကြီးနှင့်ကိုခွေးကြီးတို့ ပြောနေသည့်စကားများကို မလှမ်းမကမ်းမှာ ရှိနေကြသည့် လူအချို့က ခပ်သဲ့သဲ့ကြား၍ မေးကြ၏။

"ကိုခွေးကြီး"

"ဘာတုံးကွ"

"ဟိုအကုသိုလ်ကောင် ဘာတွေပြောနေတုံး"

"ကျက်သရေမရှိတဲ့ အကောင်ပါကွာ ... ဖွီ ..."

"အေးလေ ... ဒီကောင်ဘာတွေ ပြောသွားလို့တုံး"

ဒီမှာ ကိုခွေးကြီးက ဟိုဟိုဒီဒီလှည့်ကြည့်ပြီး မေးသူများအနီးသို့တိုးကပ်၍ ...

''ဒီအကုသိုလ်ကောင်က ဘာပြောမှတ်လို့တုံး၊ ဒီအဘွားကြီး ဒီညသန်းခေါင် မကျော်ဘူးတဲ့''

''ဗျာ''

''ပြီး ငါ့ကိုပါ အဆစ်ထည့်လိုက်သေးရဲ့ကွာ''

''ခင်ဗျားကိုပါ''

''အိမ်း''

''ခင်ဗျားတို့ သောက်ဖော်သောက်ဖက်ပဲ မဟုတ်လား''

''ဒီလို အဖေမသိ၊ အမေမသိမွေးလာတဲ့ကောင်မှာ သောက်ဖော်သောက်ဖက်တို့၊ ကျေးဇူးရှင်တို့ဆိုတာ နားလည်တာမဟုတ်ဘူးကွ''

''လုပ်ပါဦးဗျ ကိုခွေးကြီးရေ။ ခင်ဗျားကို ဒီကောင်က ဘယ်လိုအဆစ်ထည့်လို့တုံး''

''သင်းက ငါ့မျက်နှာကြည့်ပြီး ပြောလိုက်သေးတယ်။ ဒီအဘွားကြီးပြီးရင် ခင်ဗျားသွားရမှာတဲ့''

''ဗျာ''

''အလိုလေး မြတ်စွာဘုရား''

''ဗွီ ...''

''ကိုခွေးကြီး''

''ဘာတုံး ငဆောင်''

''ဒီကောင့်ပါးစပ်က စီးတယ်နော်။ ခင်ဗျား ဘုရားတရားလေးလည်း လုပ်ဦးကိုခွေးကြီး''





''တွေ့မှာပါ ဒီအကုသိုလ်ကောင်နဲ့ငါ၊ ဒီညနေ ဘဂျမ်းတို့ထန်းရည်ဆိုင်မှာ တွေ့ကြမှာပါ။ အဲဒီကျမှ ဒီကောင့်ပါးစပ်ကိုဖြဲပြီး ဟိုဒင်းကို သွင်းပစ်လိုက်မယ် ... ထွီ ...''

[ ၃ ]

ကိုကံကြီးရဲ့ ပါးစပ် နိမိတ်စီးလို့ပဲလား ...

ဒါမှမဟုတ် နေ့စွေကံကုန်လို့ပဲလားမသိ။

သန်းခေါင်နားကပ်ချိန်မှာ ငှက်ဆိုးတစ်ကောင်ရဲ့ထိုးသံကို လှူမဟာမိခင်ကြီးအနားစောင့်နေသည့် ကိုမောင်ကြိုင်နှင့်သူ့နှမ မိအုန်းမြတို့ကြားလိုက်ရပြီး လန့်ဖျပ်သွားသည်။

မကြာမီ လှူမဟာ လူးလွန့်မောဟိုက် အမောဖောက်ကာ အသက်ပျောက်သွားခဲ့လေသည်။

ကိုမောင်ကြိုင်တို့မောင်နှမရဲ့ ငိုကြီးချက်မ ဟစ်လိုက်သည့် အသံကို ကြားကြသောအခါ ...

အိမ်နီးနားချင်းများ အပြေးအမြန် ရောက်ချလာကြသည်။

"အုန်းမြ ..."

"မောင်ကြိုင် ... ဘာဖြစ်လို့တုံး"

"အမေ ... အမေဆုံးသွားပြီ ဒေါ်လေးတင်ရဲ့ ဟီး ..."

ဒီလိုနှင့် ညတွင်းချင်းအသိပေးကြ၍ ကိုမောင်ကြိုင်ရဲ့သူငယ်ချင်းများဖြစ်ကြသော ကိုခွေးကြီး၊ ဘိုသောင်း၊ စိန်မြရှိန်တို့နှင့် မိအုန်းမြရဲ့ သူငယ်ချင်းများပါ ရောက်ရှိလာပြီး ...

စုတ်သပ်သူက စုတ်သပ်။

မျက်ရည်ကျသူက မျက်ရည်ကျ။

တရားပြသူက တရားပြနှင့် နောက်ဆုံး အလောင်းတင်ကပ် လုပ်သူကလုပ်။ အလောင်းကို ရေချိုးသန့်စင်ဖို့ လုပ်သူကလုပ်။ ဆွဲအုန်းဖြုတ်၍စည်းရိုးမှာ ချိတ်သူကချိတ်။

"ကိုခွေးကြီး"

"ဘာတုံး ဘိုသောင်း"

"ဟိုအကုသိုလ်ကောင်းရဲ့စကား မှန်နေတာပဲနော်"

"အိမ်း ..."

"ဒီကောင့်ပါးစပ်ထဲမှာ ဘာရှိသလဲမသိဘူး။ သူသေမယ်လို့ ပြောရင် သေရောပဲ"

"သေမင်း စီးနေ၊ ဝင်နေလို့ နေမှာပေါ့ ဘိုသောင်းရ"

စိန်မြရှိန်က ဝင်၍ပြောလိုက်သည်။

"ကိုခွေး"





"ဟေ ..."

"ခင်ဗျားနဲ့ ကိုကံကြီး ထန်းရည်ဆိုင်မှာ ညနေတုန်းက ဆုံကြရဲ့လား"

"ဒီခွေးသား မလာဘူးကွ။ လာများလာရင်လားကွာ အာနှစ်ချမ်းကိုဆွဲဖြဲပြီး ... ဟိုဒင်း ... တောက် ..."

အားလုံးဒေါ်ပွကြသည်။

ကိုကံကြီး နိမိတ်မရှိ နမာမရှိပြော၍ သေရတာဟုဆိုသူက ဆိုကြသည်။ သူ့ကို ဝိုင်းရိုက်သတ်လိုက်ရင် ကောင်းမည်ဟု အကြံပြုသူက မသာအိမ်မှာ အကြံဖြုကြသည်။

"သူ့ကိုသတ်လိုက်ရင် ငါတို့လူသတ်မှုဖြစ်ပြီး ထောင်ကျမှာပေါ့ကွ ... မြရှိန်ရ"

"ဘယ်သူမှမရိပ်မိအောင် သတ်ပစ်ရမှာပေါ့"

"ရာဇဝတ်ဘေးက ပြေးလို့လွတ်မှာလား မြရှိန်ရာ"

"ဒီကောင် ဒီလိုသာ ပါးစပ်က နိမိတ်မရှိလျှောက်ပြောနေရင် ကြာရင် ကျုပ်တို့ပါ မြန်မြန်သေမလား မသိဘူးဗျ"

ဒီမှာ ဘုန်းကြီးလူထွက် ဦးကြာခွက်ဆိုသူက ...

"အကုသိုလ်ကို အကုသိုလ်နဲ့ မဖိကြ၊ မဖို့ကြပါနဲ့ လူကလေးတို့။ ဖရုသဝါစာပြောသူဟာ နောက်ဆုံး သူ့ရဲ့ ဖရုသဝါစာနဲ့ ကံအကျိုးပေးမှာပဲ။ မီးကိုကိုင်သူမှန်သမျှ မီးပူမှာပဲ။ လူဖြစ်လာတာ သေဖို့ကွယ့်။ သတ္တဝါဖြစ်လာတာလည်း တစ်နေ့သေဖို့ပဲ။ အားလုံး အနိစ္စဝရသေခါရချည်းပဲ၊ မမြဲဘူး"

"ဒီကောင့်ပါးစပ်ပုပ်ကြီးကြောင့် သေသွားတာ ဒါပါနဲ့ဆို (၆) ယောက်ရှိပြီ အဘရဲ့"

"အေးလေ ... အဘမေးပါရစေ။ အဲဒီလူခြောက်ယောက်ကို အဲဒီမောင်ကံကြီးက လာသတ်သွားသလား"

"ဒီကောင်က သေမင်းစီး၊ ငှက်ဆိုးစီးနေတာ အဘရဲ့။ ခြောက်ယောက်စလုံးကို သူ့ပါးစပ်ပုပ်ကြီးနဲ့ သေမှာပဲလို့ ပြောလိုက်တာချည်းပဲ။ သူပြောပြီးမကြာဘူး တစ်ခုခုနဲ့သေရတာ မဟုတ်ဘူးလား"

"အကြောင်းဆိုင်လို့ပါကွယ်။ အဘကို သေမယ်လို့လာပြောစမ်းပါ။ အဘ ဘုရားတရားနဲ့နေသူပါ။ သေရမှာ မစိုးရိမ်ပါဘူး။ အားလုံး သေမျိုးချည်းဥစ္စာ။ သင်းလည်း တစ်နေ့မဟုတ်တစ်နေ့ သေရမှာပဲ။ သေခြင်းတရား အနိစ္စမှာ အရွယ်မရှိပါဘူး။ အချိန်နေရာ မရှိပါဘူး လူကလေးတို့။ အားလုံးဖြစ်ပြီးရင် ပျက်မှာပဲ။ မြန်တာနဲ့ နှေးတာပဲကွာတယ်။ ဒေါသရှေ့မထားကြနဲ့။ အားလုံးမှားကုန်ကြမယ်ကွယ့်"

အားလုံးသော လူရွယ်လူလတ်ပိုင်းများသည် ဦးကြာခွက်ရဲ့ တရားပြဆုံးမစကားကြောင့် ဒေါသကို ချုပ်တည်းလိုက်ကြရသော်လည်း ရင်ထဲမှာတော့ ကိုကံကြီးကို လုပ်ပစ်ချင်နေတာ အသည်းတယားယား။

[ ၄ ]

❑

ကံကြီး ...

နာမည်က ကံကြီးသော်လည်း၊ ဘဝက လုံးဝကံမကြီးခဲ့။

သူ့နာမည်ကြားကြသည်နှင့်၊ သူနှင့်မျက်နှာချင်းဆိုင်မိကြသည်နှင့် လူအတော်များများက ကံကြီးကို ကြောက်ကြ၏။

ရှုံ့ကြ၏။ ဝေးရာက ရှားရ၏။

သို့သော် ကံကြီးက ဘယ်သူ့မှဂရုမစိုက်။

ကံကြီးရဲ့အဖေက သုဘရာဇာ ... ကျောက်ကွဲ ...။

ကံကြီးဘဝ လူ့လောကထဲရောက်လာပုံက ဆန်းကြယ်၏။ သုဘရာဇာ ကိုကျောက်ကွဲသည် ဆင်ကျောကုန်းသင်္ချိုင်းကို တာဝန်ယူစောင့်ရှောက်နေရသူဖြစ်သည်။

ကိုကျောက်ကွဲမှာ မယားရှိသည်။ နာမည်က မဒိုးမွှတ်။ ပိန်ပိန်မည်းမည်း၊ အသားအရေခန်းခြောက်ခြောက်။

သူတို့လင်မယား ဆင်ကျောကုန်းသချိုင်းမှာ မြေကြီးကျင်းတူး၊ မသာချ၊ မြေမြှုပ်၊ ဂူသွင်း။ နာရေးကိစ္စအဝဝကို လုပ်ကိုင်ကြသည်။

တစ်နေ့သည သန်းခေါင်ယံခန့်မှာ ...

သချိုင်းကုန်းတစ်နေရာမှာ ကလေးငိုသံကြားကြ၏။

ကလေးက တစ်ချက်တစ်ချက် စူးစူးဝါးဝါး နာနာကျင်ကျင် ငိုလိုက်သည့်အသံမျိုး။

"ကိုကျောက်ကွဲ"

"ဘာတုံး"

"ထစမ်းတော်"

"ဘာလုပ်မလို့တုံးဟ။ ပင်းပန်းရတဲ့အထဲ ... ချီးမှပဲ"

"ကလေးငိုသံကြားလို့တော်"

"သချိုင်းကုန်းဥစ္စာ ကလေးသရဲခြောက်တာနေမှာပေါ့"

"ထစမ်းပါတော်"

"မထဘူးဟာ ... သွား ... ဂန်းနာမ"

ကိုကျောက်ကွဲက ပင်ပန်းလွန်း၍ အရက်သောက်ပြီးအိပ်ရာ၏။ မယားက နှိုးသော်လည်း လုံးဝမထ။ ဒီမှာ ကလေးငိုသံက ပိုလို့ စူးရှကျယ်လောင်လာသည်။

"ကိုကျောက်ကွဲ"

"ကိုကျောက်ကွဲ ... ရှင် ထဆိုရင်ထနော်။ ကျုပ်ကို ဘာကောင်မမှတ်နေလို့လဲ"

နောက်ဆုံး ဆံပင်ဆွဲ၍ ခပ်ကြမ်းကြမ်း ဆူပူဆဲရေးတိုင်းထွာ





လိုက်မှ သုဘရာဇာကိုကျောက်ခဲ အိပ်ချင်မူးတူးထထိုင်လိုက်သည်။

"သေနာမ ... ငါ့ကို ဒုက္ခတော်တော်ပေး ... ပြော ... ဘာတုံး"

"တော် ... သေသေချာချာ နားထောင်စမ်း"

"ကြားလား ..."

"အင်း ..."

"ဘာသံတုံး ပြော"

"ငိုသံဟ"

"ငိုသံတော့ တော်ပြောမှလား။ ကလေးငိုသံလား၊ လူကြီးငိုသံလား"

ကိုကျောက်ကွဲ နားစွင့်၍ထောင်လိုက်သည်။

"ကလေးပေါက်စငိုသံဟ"

"သွားကြည့်ကြမယ်တော် ... ထ"

"သရဲတစ္ဆေဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"ဒီမှာရှင့် သုဘရာဇာကိုကျောက်ကွဲရဲ့။ ရှင်ဒီသချိုင်းမှာ သရဲတစ္ဆေ နာနာဘာဝတွေနဲ့ နေလာရ၊ ကြုံလာရတာ တစ်ရက် နှစ်ရက်မဟုတ်ဘူး။ နှစ်ပေါင်း ဆယ်နှစ်မကဘူး။ လုပ်မနေပါနဲ့။ ကြောင်မနေကြောက်မနေနဲ့ ... ထ ... သွားကြည့်ကြမယ်"

သည့်နောက် လင်မယားနှစ်ယောက် ဒီဇယ်ဖားမီးခွက်ကြီးထွန်းပြီး သချိုင်းကုန်း ငိုသံကြားရာသို့ ဦးတည်ထွက်လာခဲ့ကြသည်။

"ရှူး"

"ဘာတုံးတော့်"

"နင့်အမေကလွှား ... မြွေဟ ... ကိုင်းဟာ ... သေဟာ"

မြေပုံတစ်ခုကြားမှ မြွေဟောက်တစ်ကောင်က ပါးပျဉ်းထောင်၍ ရှူးဟု အသံပေးလိုက်သဖြင့် ကိုကျောက်ကဲ့က မြေကြီးတုံးတစ်တုံးနှင့်ပေါက်ပစ်လိုက်မှ မြွေဟောက်ထွက်ပြေးသွားတော့၏။

"ငါမြွေကိုက်လို့သေရင် နင်မုဆိုးမဖြစ်မှာ သိလား"

"ခု မသေသေးဘူးမဟုတ်လား"

"ကန်းမ ပြောလိုက်ရင် ... ဟင်း ..."

"ဟိုဘက်နားကတော့ ကိုကျောက်ကဲ့ရဲ့"

သူတို့ မြေပုံများကိုကျော် အုတ်ဂူများကိုကွေ့ပြီး မီးထိုးမြှောက်၍ ရှာလိုက်သောအခါ ကိုဇော်ဖေ အသက်(၅၇)နှစ်ဆိုသည့် အုတ်ဂူရှေ့ မြေကွက်လပ်မှာ ခြေကားရားလက်ကားရားနှင့် အော်ဟစ်ငိုယိုနေသည့် ရက်သားအရွယ် ကလေးငယ်နီတာရဲလေးကို မမျှော်လင့်ဘဲ မြင်လိုက်ရတော့၏။

အလို ...

ကလေးတခြား၊ အနီးတခြား ဖြစ်နေလို့ပါလား။

ဒီမှာ သင်္ချိုင်းမြေကြွက်ကြီး သုံးကောင်သည် ကလေးငယ်ရဲ့ချက်ကို ဝင်ကိုက်ကြရကား ကလေးငယ်သည် ထွန့်ထွန့်လူးပြီး အသားကုန် အော်ဟစ်နေရရှာ၏။

ကိုကျောက်ကဲ့နှင့် မအုန်းမှုတ်တို့လင်မယား မြေကြွက်ကြီးများကို ခြောက်လှန့်မောင်းနှင်လိုက်ပြီးနောက် ...

ငိုနေသည့်ကလေးငယ် နီတာရဲလေးကို ကောက်ပွေ့ချီလိုက်ကြသည်။ ကလေးငယ်က ငိုရင်းမှ ဆာလို့ထင့် သူ့လက်မကိုစုပ်နေ၏။

"ကိုကျောက်ကဲ့"

"ဟေ ..."





"သရဲတစ္ဆေမဟုတ်ဘူး။ လူတော့ ... လူ ... လူ"

"အေးဟ ... ဘယ်သူ့ကလေးများပါလိမ့်ဟာ"

"ဒါ လာရောက်စွန့်ပစ်သွားတာနေမယ်"

"အေးဟ"

"ကျုပ်တို့ မွေးစားရမှာပဲတော့"

"ဖြစ်ပါ့မလား။ တော်ကြာ ကလေးခိုးမှုနဲ့လာဖမ်း ..."

"အိုတော် ... သင်္ချိုင်းကုန်းကို လာစွန့်ပစ်ထားတာ သူတို့လိုချင်လို့လား၊ မလိုချင်လို့လား။ တော် မစဉ်းစားတတ်ဘူးလား"

"အေးဟ"

"ကဲ ... ကိုအေးဟကြီး မြန်မြန်သွားကြစို့။ ကလေးကို ရေပတ်နဲ့သန့်စင်ပြီး ထမင်းရည်လက်ကျန်လေးတိုက်ကြစို့"

## [ ၅ ]

❑

ပြောရရင် မောင်ကံကြီးဘဝက အဖေအရင်းဘယ်သူ၊ အမေအရင်းဘယ်သူ ဘယ်သူမှမသိကြဘူး။ မပြောနိုင်ကြဘူး။

ဒီလိုနဲ့ ဆင်ကျောကုန်းသချိုင်းက သုဘရာဇာကိုကျောက်ကွဲနဲ့ သုဘရာဇာကတော် မအုန်းမှုတ်တို့ရဲ့ ရှမဝ၊ ချစ်မဝ၊ နမ်းမဝ သားချောသားလှ ရတနာဖြစ်ခဲ့ရသည်။

နို့မထွက်၍ ထမင်းရည်တိုက်မွေးရ၏။

တစ်ခါတစ်ရံ သချိုင်းထဲဝင်လာသည့် ရွာထဲက ဆိတ်မများရဲ့နို့ကိုညှစ်ပြီး အမျိုးကောင်းသားငယ်ကို တိုက်ရ၏။





သင်းကလေးကို ကြွက်ကိုက်၍သေမည့်ဘေး၊ ခွေးကိုက်၍ သေမည့်ဘေး၊ မြွေကိုက်၍သေနိုင်သည့် ဘေးအန္တရာယ်မှ ကံကြီးလှစွာလွတ်ကင်း၍ ဘယ်ဖေဒင်ဆရာနှင့်မျှ ညှိနှိုင်းတိုင်ပင် မနေတော့။

မဟာဘုတ်လည်း မထူ။

နက္ခတ်လည်း မရွေး။

'ကသစ်ပင်အောက်၊ တဲ, ယာ, ဆောက်'တို့ ...ကြက်, သွန်, ဖြူ၊ ဥ, တစ်, လုံး, စု ဆိုသည့် ရှေးအမည်နာမပေးနည်းဖြင့်လည်း ချိန်ကိုက်မနေဘဲ ....

ရှေ့လျှောက် ဘုန်းတန်ခိုးကြီးမည့်နာမည်။

ကျော်စောထင်ရှားမည့် နာမည်။

သုဘရာဇာမဟုတ်ဘဲ ကြီးပွားချမ်းသာမည့် နာမည်ကိုရွေး၍ ဆောက်၍ မှည့်လိုက်ကြသည်။

မောင်ကံကြီး ဟူလေ၏။

ပညတ်သွားရာ ဓာတ်သက်ပါရမည့်အစား ...

ပညတ်သွားရာ ဓာတ်သက်ခွာလေ၏။

သူငယ်မောင်ကံကြီးသည် ရေကျောက်ပေါက်၍ ဖျား၏။ ဝက်သက်ပေါက်၍ ဖျား၏။ ခြင်ကိုက်ခံရ၍ ကုတ်ရာဘုဗရဲ့ ဖြစ်၏။

သချိုင်းကုန်းမှာ ဆော့ရလွန်း၊ သချိုင်းစားမြိန်စာကို စားရလွန်း၍ ဝဲနှင့်ပွေးကား ဖွေးဖွေးလှုပ်နေ၏။ ရေချိုးချင်မှချိုး၏။

အိပ်ရာထဲ သေးပေါက်၏။

သူ့ချေးကို လက်နှင့်နယ်၍ စားဖူး၏။

အနန္တဂိုဏ်းဝင် ကျေးသဖခင်နှင့် မိခင်တို့ကား အရွယ်နှင့်လိုက် အဌာရသမျိုးစုံ တတ်ကျွမ်းသော ဤသြရသ ကောက်ရသား

ကြီးကို ရင်ပွင့်မတတ် ချစ်ခင်မြတ်နိုးတော်မူလေ၏။

အရွယ်လေးရလာသော် ကြန်အင်လက္ခဏာ ဖွံ့ဖြိုးရှာလေ၏။

မျက်လုံးပြူး၍ စွေ၏။

သွားခေါ၏။ သွားကောက်ဝင်၏။

နားရွက်ကား၏။ ဆံရေးတိုင်းထွာ၏။

''ရဟန်းသံဃာကို ဦးချရှိခိုးသားရဲ့''ဟု ဆိုဆုံးမသော် ဦးကုန်းချပို့နေနေသာသာ သချိုင်းကုန်းထဲ ရဟန်းသံဃာဝင်လာသည်နှင့် ဘယ်ရေးရေစက်ကြောင့်လည်းမသိ ဝေးရာသို့ ရှား၍ပြေးလေ၏။

ပြောရလျှင် ...

မောင်ကံကြီးသည် ရဟန်းသံဃာကို တစ်ခါတစ်ကြိမ်မျှ ဦးကုန်းမချဘူး၊ ဘုရားစာလုံးဝမရ၊ စာလည်းမသင်ရ၊ ရပ်ထဲရွာထဲ လျှောက်ဆော့၏။

သစ်ပင်တက်ကျွမ်းကျင်၏။

အပြေးသန်၏။

နပန်းလုံးသန်မာ၏။

မြွေများကို ဖမ်းကိုင်ရဲ၏။

လိပ်တို့၊ ကြွက်တို့ အရှာအဖမ်းကျွမ်း၏။

သို့နှင့် သူလိုလူစား ရွာထဲကရပ်ထဲက လူငယ်ကာလသားပေါက်စများနှင့် အလွမ်းသင့်လေ၏။

သူ့ကိုအချို့က စဏ္ဍာလ၊ သုဘရာဇာ မွေးစားသားမှန်းသိသော်လည်း အဋ္ဌာရသမျိုးစုံတတ်၍ ဆရာတင်ကြသည်လည်းရှိ၏။

အနီးဝန်းကျင်ရွာရပ်မှာ လူရွယ်လူငယ်များနှင့် အသိအကျွမ်းဖြစ်လာခဲ့လေ၏။





ဒီမှာ မောင်ကံကြီးနှင့်စပ်လျဉ်းပြီး ထူးထူးဆန်းဆန်းများကို ကြားမြင်သိကြကုန်၏။

မောင်ကံကြီးသည် မွေးစားအဖေ ကျွေးဖခင် သုဘရာဇာကိုကျောက်ကွဲကို ဝိုင်းကူလုပ်ပေး၏။

မြေကျင်းဝိုင်းတူး၏။ အသတ်ခံရသော ပုပ်ပွမသာများကို ချဲ့စခန်းက အကူအညီလာတောင်းလျှင် ဝိုင်းကူသယ်မပေး၏။

ရင်ခွဲရမည့် ပုပ်ပွအသားများကို မရွံမရှာကိုင်ရဲ၏။

နောင်အရွယ်ရလာသော် နွေညများမှာ သချိုင်းကုန်းဂူပေါ်မှာ တစ်ယောက်တည်းအိပ်၏။ သရဲတစ္ဆေ လုံးဝမကြောက်။

နောင်အခါ သူ့ပါးစပ်မှ ပြောသမျှသည် ကေန်ဖြစ်လာလေ့ရှိ၏။ အချို့က သူ့ကို နှုတ်စီးသည်ဟုဆိုလေ၏။

အပြောအဆိုမှာမူ ကျောင်းမနေဖူး၍ ရိုင်းပျလေ၏။ ကြီးသူကို ရိုသေရမှန်း၊ ငယ်သူကို အလေးထားရမှန်းမသိ။ အရက်ဆိုင်၊ ထန်းရည်ဆိုင်များမှာ ဖမ်းလို့ရသည့်မြွေ၊ လိပ်၊ ကြွက်၊ သားငှက်များနှင့် အရက်ထန်းရည် လဲပြီးသောက်လေ၏။

| ၆ |

❑

တစ်ခါမှာ သူနှင့်တွဲနေကျ ဖိုးလှ၊ မြတူး၊ ဝက်ကြီးတို့နှင့် ရေကူးသွားကြ၏။ ဒီမှာ ကံကြီးက ရုတ်တရက် ဖိုးလှရဲ့မျက်နှာကို ကြည့်ပြီး ပြောလိုက်၏။

"ဖိုးလှကြီး"

"ဘာတုံး ငကံ"

"မင်းဒီနေ့ ရေမကူးနဲ့ကွ။ ငါတို့ပစ္စည်းတွေကိုပဲ စောင့်ကြည့်ပေး"

"ဟာ ... မကြည့်ဘူး၊ ကူးမှာပဲ"

"မကူးနဲ့ဆို"





"ဘာဖြစ်လဲကွာ ... ကူးမယ်"

"မင်းသေမှာစိုးလို့ ပြောနေတာ"

"အရင်လည်း ကူးနေကျပါကံကြီးရ။ လုပ်မနေစမ်းပါနဲ့"

"ဒါဆိုလည်း မင်းသဘောကွာ။ ပြောမရရင်လည်း နေ"

ဒီလိုနှင့်သူတို့ ကန်ထဲမှာရေကူးကြသည်။ ကန်က အကျယ်အကြီးကြီးဖြစ်၍ ရေနက်ရေလယ်သို့ရောက်အောင် ကူးကြသူများလည်း ရှိရကား ...

နောက်ပိုင်း တကွဲတပြား ဖြစ်သွားကြ၏။

အချို့က ကြာခွက်နှိုက်ကြသည်။

အချို့က ရေငုပ်၍ ခရုကျားများကို ကောက်ကြသည်။

အချို့က ရေနစ်ဘဲဥများကို လိုက်ငုပ်စမ်းကြသည်။

ဒီမှာ ဖိုးလှကြီး ရေနက်ကူးရင်း လက်ပန်းကျ၍ ရေနစ်တော့သည်။

သူရေနစ်နေသည်ကို ဘယ်သူမှ မသိလိုက်ကြ။

ရေကူးသိမ်းလို့ ပြန်မည်လုပ်မှ ဖိုးလှကြီးတက်မလာမှန်း သိကြပြီး ရေးကူးရေငုပ်၍ ရှာကြသောအခါ ...

ဖိုးလှကြီးကို ရေအောက်ကြာခွက်ကြားမှာ ငြိမ်လျက်သေနေသည်အား သိလိုက်ရတော့သည်။

ဒုတိယအကြိမ်က ...

ကောက်စိုက်သွားကြသည့် ကောက်စိုက်သမအဖွဲ့ဖြစ်သည်။ သူတို့အုပ်စုထဲမှ မဖွေးဥဆိုသူ ကောက်စိုက်သမလေးက တောင့်တောင့်ဖြောင့်ဖြောင့်၊ တင်ကားကား၊ ရင်မောက်မောက်ကလေးဖြစ်၏။ လှ၏။

ကံကြီးတို့အဖွဲ့က သူမကို မျက်စိကျ၏။

ဒီမှာ လူပေလူတေကံကြီးက ရည်းစားစကား မပြောတတ် ပြောတတ်နှင့် လိုက်ပြော၏။ မြှောက်ပေးသူများကလည်း ရှိသည်ကိုး။

ဖွေးဥက ကျက်သရေမရှိ၊ အရုပ်ဆိုးလှသည့် ကံကြီးကိုကြည့်ပြီး 'ဖွီ'ဟု တံတွေးထွေး၏။

"နင့်လို သရဲတစ္ဆေရုပ်မျိုးနဲ့ သုဘရာဇာသားကို ငါလိုမိန်းမက ထဘီတောင်လျှော်မခိုင်းဘူးဟဲ့ ... သွား"

"နင့်ကို ငါ အတည်ချစ်လို့ပါ"

"ဟဲ့ ... မသာကောင်၊ အသုဘကောင် သွား ... နင်သွားနော်"

"ငါမသာမဟုတ်ဘူး ဖွေးဥ၊ နင်မသာဖြစ်မှာ"

"နင်သာဖြစ်မှာ။ သွားခေါ်၊ မျက်ပြူး သရဲရုပ်ရဲ့"

"ကြည့်နေပေါ့ဟာ"

အဲဒီလိုပြောပြီး အရှုံးနှင့်ပြန်လာသောအခါ သူ့အပေါင်းများက ကံကြီးကို ဝိုင်းဟားကြ၏။

ညနေစောင်းသောအခါ သတင်းဆိုးကို ကြားရတော့သည်။

ဖွေးဥ ကောက်စိုက်အပြန် ကန်သင်းရိုးပေါ်မှာ မြွေပွေးကို နင်းမိပြီး အကိုက်ခံရလို့ သေပြီဆိုသည့်သတင်း။

အုတ်အော်သောင်းတင်း ဖြစ်သွားကြသည်။

ပြောစမှတ် ဖြစ်သွားကြပြီ။

ဒါ ဟိုသုဘရာဇာသား ကံကြီးသရဲ နိမိတ်မရှိ နမာမရှိ ပြောလိုက်၍ သေခြင်းဆိုးနှင့် သေရလေခြင်းဟူ၍။

နောက်တစ်ယောက်က ထန်းရည်ရောင်းသည့် ကိုကုလားကြီး မိန်းမ။ ဒီနေ့က ကံကြီးကလည်း အဲဒီမှာ ထန်းရည်သောက်နေ၏။





ကိုကုလားကြီးမိန်းမ မပျားကြီး သနပ်ခါးပါးကွက်ကျားနှင့် ဈေးဆွဲခြင်းဆွဲလို့ ထွက်လာ၏။

"မပျားကြီး ဘယ်တုံး"

"ဈေး"

"ဘာနဲ့သွားမှာတုံးဗျ"

"နင့်အလုပ်ဘာပါလို့တုံး ကံကြီးရဲ့"

"စေတနာနဲ့မေးတာဗျ ... သိလား"

"ဆိုက်ကားနဲ့သွားမှာပေါ့ ... သိပလား"

"ခင်ဗျား ဆိုက်ကားနဲ့မသွားနဲ့ဗျ။ မြင်းလှည်းနဲ့သွား"

"နင်ကငါ့လင်မို့ ငါ့ကို ညွှန်ကြားနေတာလား ... ဟင်"

"စိုးရိမ်လို့ပါ"

"အမ်မာ ... အနာကျကောင် စတ္တာလကများ အရည်သောက်ပြီး ပေါက်ကရစကားပြောလို့။ ငါ့ဘာသာ ဘာစီးသွားသွား နင့်အလုပ်တစ်ပဲသားမပါဘူး ... ဟွန်း"

ကံကြီး ဘာမျှပြန်မပြော။ ခေါင်းတညိတ်ညိတ်လုပ်ရင်း သူ့အပေါင်းများနှင့် ထန်းရည်သောက်မြဲ သောက်နေ၏။

ဘာမျှ မကြာလိုက်။

သတင်းဆိုး ချက်ချင်းရောက်လာသည်။

မပျားကြီးစီးလာသည့်ဆိုက်ကားကို ဟိုင်းလပ်ကားဝင်တိုက်၍ မပျားကြီး နေရာတင်ပွဲချင်းပြီး အသက်ဆုံးသွားပြီဆိုသည့်သတင်း။

မပျားကြီးယောကျ်ား ကိုကုလားကြီး ချက်ချင်းပြေးလိုက်သွားခဲ့၏။ ဒါနဲ့အတူ သောက်ဖော်များလည်း နောက်ကနေ အပြေးလိုက်လာကြသည်။

မပျားကြီးကား သွေးသံရဲရဲနှင့် သေနေသလို၊ ဆိုက်ကားသမားလည်း ခြေရောလက်ပါကျိုး၍ ဆေးရုံရောက်သွားရ၏တဲ့။ ဘာမှပြောမနေတော့ . . . ကိုကုလားကြီး ထန်းရည်ဆိုင်ကိုပြန်ပြီး ငှက်ကြီးတောင်ဓားရှည်ဆွဲ၍ နိမိတ်မရှိ နမာမရှိ စကားပြောသည့် ကိုကံကြီးကို ဓားနှင့်လိုက်ခုတ်တော့သည်။

ထိုနေ့က ကံကြီးအပြေးမြန်လို့။

နို့မို့ မပျားကြီးနှင့် နှစ်လောင်းပြိုင်။

ထိုအချိန်အခါများမှစ၍ အပေါင်းအသင်းများ၊ လူအများက ဆင်ကျောကုန်းသချိုင်းမှ သုဘရာဇာ ကိုကျောက်ကွဲရဲ့သား ကံကြီးကို ပါးစပ်နိမိတ်စီးသူ စဉ္စာလဟု ပြောကြသလို . . .

အချို့က သေမင်းဟူ၍လည်းကောင်း၊

အချို့က ငှက်ဆိုးဟူ၍လည်းကောင်း ခေါ်ကြလေသည်။

ကံကြီးသည် ဘယ်လိုဘဝ ကံအကျိုးပေးဆိုးနဲ့ လူဖြစ်လာခဲ့သည်မသိ။ သူ့ပါးစပ်က 'သေမှာပါဗျာ' ဟုဆိုလိုက်သည်နှင့် တိုက်တိုက်ဆိုင်ဆိုင် သေရလေ့ရှိ၏။

ဒီလိုနှင့် . . .

သူသည် မောင်ကြိုင်တို့အမေ အပါအဝင် လူ(၆)ဦးတို့အား နေမကောင်းစဉ် အခန့်မသင့်စဉ် သူနှင့်ပနံမစားသည့်၊ ဒါမှမဟုတ် သူခင်မင်တွယ်တာလွန်းလျှင် . . .

ဘယ်လမ်းမသွားနှင့်၊

ဘာမလုပ်နှင့်ဟု ကြိုတားသည်လည်း ရှိ၏။

ဒါမှမဟုတ် နှုတ်ဝသီစလေ့ကြမ်းဖြင့် . . .

မရတော့ပါဘူး။





ရှောမှာ ကြည့်နေ။

ဘုန်းကြီးငါးပါး ကြိုပင့်ထား။

သေစော်နံတယ်။

မတ်စေ့ကြိုငုံပြီးသွား။

ခေါင်းဖိုးရော ရှိရဲ့လား . . . စသည့် နိမိတ်မရှိ နမာမရှိ အရွဲ့တိုက်စကားများကို ဒပြောလေ့ရှိ၏။ ကံကြီးပါးစပ်က သည်လိုပြောပြီးလျှင် အပြောခံရသူသည် များမကြာခင် . . .

ကျန်းမာရေး အသည်းအသန်ဖြစ်၍ . . .

ကားတိုက်၍ . . .

ရေနစ်၍ . . .

မိုးကြိုးပစ်၍ . . .

ပိုးထိ၍ . . . ကွယ်လွန်အနိစ္စရောက်ကြရလေသည်။

[ ၇ ]

❑

ကြာတော့ သုဘရာဇာသား စဏ္ဍာလကံကြီးကို အချင်းချင်း ပေါင်းဘက်များကပါ ရှုံ့လာ၏။ ကြောက်လာကြ၏။

သို့နှင့် ခပ်ခွာခွာ နေလိုက်ကြပါသော်လည်း သူတို့မလာလျှင် သူတို့ရှိရာကို ကံကြီးကလိုက်ရှာ၍ လာခဲ့၏။

သောက်စားမူးယစ်၏။

ပေါက်ကရရှစ်ဆယ် စကားများပြော၏။

ကုန်ကုန်ပြောရလျှင် ...

ရွာထိပ်ဘုန်းကြီးကျောင်းမှ ဘုန်းကြီးဝဝတုတ်တုတ်ကြီးကို ကြည့်ပြီး ရွတ်သလို၊ နောက်သလို ပြောလိုက်သေး၏။





''ဦးဇင်းကြီး''

''ဘာတုံး''

''ဝ,လှချည်လား''

''ငါ့ဘာသာငါဝ,တာ မင်းအပူပါလို့လား''

ဘုန်းကြီးဝဝကြီးကလည်း စိတ်အလွန်တို၏။ ထိုင်ရထရခက်၍ ညစ်နေလေ့ရှိ၏။ ကံကြီးက သည်လိုမေးလိုက်တော့ ဘုတောပစ်လိုက်သည်။

''ဝ,တာ မကောင်းဘူးဗျ''

''ငါ ဝ,တာကို မင်းကြည့်မရ မနာလိုလို့မို့လား''

''သွေးကြောပြတ်ပြီး ပျံလွန်မှာစိုးလို့ပြောတာဗျ''

''ဖွီ ...ဖွ ...ဖွ ...သုဘရာဇာသား စဏ္ဍာလကောင်။ သွား ...သွား ...မင်းဝေးဝေးသွား။ ကျက်သရေမရှိတဲ့ကောင်''

''ဟား ...ဟား ...ဟား ...ဟား ...အဟီး ဟီး ... ဟီး ...ဟီး''

''ထွီ''

နောက်တစ်ပတ်ခန့်ကြာသောအခါ ဘုန်းကြီးဝဝကြီး ပျံလွန်တော်မူလေ၏။ ရောဂါကား ...သွေးတိုးနှလုံးနှင့် ဦးနှောက်ကြောပြတ်၍ ဟူလေ၏။

[ ၈ ]

❑

တစ်နေ့သော်အခါ ရပ်ကွက်ထဲသို့ မုတ်ဆိတ်ဖားလျား ဆံပင်လိမ်ကောက်၊ ပါးမြိုင်းမွေးထူထူနှင့် အဝါရောင်သင်္ကန်းတိုင်းရှည်လို အင်္ကျီဖားဖားကြီးဝတ်ထားသော ဆာဒူးလိုလို၊ သူတောင်းစားလိုလို လူကြီးတစ်ဦးရောက်လာ၏။

သူသည် ရှေးဟောင်းဘင်ဂျိုကိုတီး၍ ခမွတေးတစ်ပုဒ်ကို ကုလားလိုဆိုလာရကား လက်သံရော၊ ဆိုသံရောကောင်း၍ လူအများက ဝိုင်းကြည့်နေကြ၏။





ပြီးသော် ...

မြန်မာလိုအသံနှင့် ခမွသီချင်းကို ဆိုတီးပြန်၏။

"ဗုတ်ဆံ ဆရဏံ ဂစ္ဆာမိ"

"ဓန်မန် ဆရဏံ ဂစ္ဆာမိ"

"ဆန်ဂန် ဆရဏံ ဂစ္ဆာမိ"

လူအချို့က သူ့အား သစ်သီးတစ်လုံးစ နှစ်လုံးစ ပေးကြ၏။ အကြွေပိုက်ဆံများ ပေးကြ၏။ သူက ဘောအိတ်ပါသည့်အိတ်ထဲသို့ ထည့်၏။

ပြီးနောက် အလှည့်အလိမ်များလှသော သာယာနာပျော်ဖွယ် တေးတစ်ပုဒ်ကို ခြေစည်းဆောင့်၍ သွားရင်းလာရင်း တီးနေ၏။

"ဆာဒူး"

"ခင်ဗျာ"

"မြန်မာသီချင်း မရဘူးလား"

"နှစ်ပုဒ် သုံးပုဒ် ရပါတယ် ... မိတ်ဆွေတို့"

"ဆိုတီးလေးလုပ်ပါ ဆာဒူးအဘ"

အံ့ဖွယ်ကောင်းလေစွ။ ဒီမှာ ဆာဒူးလိုလို အဘိုးကြီးက နဂါးနီသီချင်းကို မြန်မာသံ မပီကလာ ပီကလာနှင့် ဆိုတီးပြရကား လူအများက လက်ခုပ်ဩဘာများ ဝိုင်းပေးကြလေ၏။

ဒီလိုနှင့် သီချင်းသုံးလေးပုဒ်ဆိုတီးပြီးနောက် မောလာရကား ညောင်ပင်ကြီးတစ်ပင်အောက်မှာ ဝင်နားလေ၏။

ညောင်ပင်ကြီးမှာ ရုက္ခစိုးနတ်ကွန်းရှိ၏။

ဆာဒူးလိုလို အဘိုးကြီးက သစ်သီးအချို့အား ရေဆေး၍ ရုက္ခစိုးနတ်ကွန်းမှာ တင်၏။ ပါးစပ်ကလည်း လှူပါသည်၊ ရုက္ခစိုးကြီး

သုံးဆောင်ပါဟု ပြောနေ၏။

ပြီးနောက် ...

ရေအိုးစင်မှ ရေတစ်ခွက်ကို အားရပါးရသောက်ပြီး ညောင်မြစ်ဆုံပေါ်မှာ ဘင်ဂျိုကိုပိုက်၍ ထိုင်နေစဉ် ...

မောင်ကံကြီး ရောက်လာခဲ့၏။

ကံကြီးသည် လူပြတ်လူလစ်သဖြင့် ဆာဒူးကြီး၏ဘင်ဂျိုကို လုယူရန်ကြံစည်ပြီး အနီးသို့ချဉ်းကပ်လာလေ၏။

သူသည် ခြေဖော့၍ နောက်မှချဉ်းကပ်လိုက်၏။

"လူကလေး ..."

"ဟင် ..."

အဘိုးကြီးကလှည့်မကြည့်ဘဲ လှမ်းခေါ်လိုက်၍ ကံကြီးအံ့သြသွား၏။

"လူကလေး ... ကျွန်ုပ်ရဲ့ဘင်ဂျိုကို လိုချင်လို့လား"

"အလိုလေး ..."

အဘိုးကြီးက သူ့စိတ်ကူးအကြံအစည်ကို အတပ်သိနေ၍ ပို၍အံ့သြကာ အဘိုးကြီးရှေ့မှာ ခြောင်းရပ်လိုက်သည်။

"အဘိုးကြီး"

"ဘာတုံး ... လူကလေး"

"ခင်ဗျား .... ဘယ်ကတုံး၊ ဘယ်သူတုံး"

"ကျွန်ုပ် ခရီးသွားဘုရားဖူးပါ။ နာမည်က ဆာဒိလို့ခေါ်ပါတယ်"

"ဘယ်သွားမလို့လဲ"

"လူတစ်ယောက်နဲ့ တွေ့ချင်လို့"





"ခင်ဗျားတွေ့ချင်တဲ့လူနာမည် ဘယ်လိုခေါ်လဲ"

"မောင်ကံကြီးတဲ့ လူကလေး"

"ဟင် ..."

"လူကလေး မောင်ကံကြီးကိုသိလား။ သူသချိုင်းတစ်ခုမှာနေတယ်လို့သိရတယ်။ လူကလေးကျုပ်ကို လိုက်ပို့ပေးပါ။ မောင်ကံကြီးနဲ့ တွေ့ခွင့်ရအောင်လုပ်ပေးရင် ကျွန်ုပ် လူကလေးလိုချင်နေတဲ့ ဟောဒီဘင်ဂျိုကို အပိုင်ပေးပါ့မယ်"

မောင်ကံကြီးသည် ကြားရမြင်ရသည့်စကားကြောင့် ထပ်မံအံ့သြရပြန်၏။

"အဘိုးကြီး ... ခင်ဗျားဘာကြောင့် မောင်ကံကြီးနဲ့တွေ့ချင်ရတာတုံးဗျ"

"သူနဲ့ စကားပြောချင်လို့ပါ"

"ဒီမှာအဘိုးကြီး ခင်ဗျားတွေ့ချင်တဲ့ မောင်ကံကြီးဆိုတာကျုပ်ပဲဗျ"

"အလို ... လူကလေးလား"

"ဟုတ်တယ် ... ခင်ဗျား ဘာကြောင့် ကျုပ်ကိုတွေ့ချင်ရတာတုံး"

"လူကလေးမောင်ကံကြီး ... လူကလေးပါးစပ်က သေမှာပဲဗျို့ မရတော့ဘူးလို့ ပြောလိုက်ရင် အပြောခံရသူမကြာခင် ကွန်လွန်အနိစ္စရောက်တယ်လို့ ပြောနေကြတယ်။ အဲဒါ ဟုတ်သလား"

"ဟုတ်တာ များတယ်"

"ဘာကြောင့် လူကလေးအဲဒီလို ပြောရတာလဲ"

"ကျုပ်နှာခေါင်းထဲ လူသေကောင်ရနံ့ရပြီး အမင်္ဂလာပုံရိပ်

တစ်ခုခု အလိုလိုမြင်လိုက်ရလို့ ပြောလိုက်တာပါ''

''မပြောရင် မရဘူးလား''

''မပြောရရင် မနေနိုင်ဘူး''

''အိမ်း ... အိမ်း ... လူကလေးက သချိုင်းသုသာန်မှာ လူဖြစ်ကြီးပြင်းပြီး တစ္ဆေသရဲအယုတ်အညံ့များနဲ့ အတူနေရတော့ .. ပြီး ... လူကလေးမှာ ဘုရား၊ တရား၊ သံဃာ၊ မိဘဆရာကို ကိုးကွယ်ရမှန်း၊ ရှိသေရမှန်း၊ ဆည်းကပ်ရမှန်းမသိတော့ အမင်္ဂလာနိမိတ်ဆိုးများက လူကလေးရဲ့ဦးနှောက်ကို လွှမ်းမိုးဖိစီး အာရုံပြီးနေပြီပေါ့ လူကလေး။ လူဆိုတာ ရတနာသုံးပါး အနန္တော အနန္တငါးပါးကို ဆည်းကပ်ရိုသေပြီး မိုးလင်းမျက်နှာသစ်ပြီးသည်နှင့် မင်္ဂလာရှိသော သုတိချမ်းသာသာယာနာပျော်ဖွယ်စကားကို အတိတ်နိမိတ်ဆောင်ပြီး ပြောရတယ် လူကလေး။

ဒါမှသာလျှင် ... နံနက်ကစ အိပ်ရာဝင်ချိန်အထိ လူဟာ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတယ်။ ဒီလိုမှမဟုတ်ဘဲ မိုးလင်းအိပ်ရာထတာနဲ့ ဆဲရေးတိုင်းထွာပြီး အရက်သေစာသောက်စား၊ မကောင်းမှုအကုသိုလ်များနဲ့ ပျော်ပါးမွေ့ထုံနေရင် အဲဒီလူဟာ အသက်မရှည်ဘူး၊ ဘုန်းကံမရှိဘူး၊ ဆင်းရဲဒုက္ခရောက်မယ်။ လူ့ရာမဝင်ဘဝကိုရောက်မယ်။ သေလွန်ရင်လည်း ဟို ... ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံဘဝကို ရောက်ရလိမ့်မယ်။ လူကလေးနှုတ်ကို စောင့်စည်းဆင်ခြင်လိုက်ပါ။ ဒါဆို လူကလေး အသက်ရှည်လိမ့်မယ်''

''ဘာလဲ ခင်ဗျားကကျုပ်ကို သေတော့မယ်လို့ ပြောနေတာလား''

''သေတာ လူကလေးတင်မဟုတ်ဘူး။ ကျွန်ုပ်ရော သက်ရှိ





အားလုံးရော အနေးနဲ့အမြန် သေရမှာပဲ။ ဒီဃာဝုသတို့သား အသက်ရှည်ရတာ၊ သေခြင်းကလွတ်မြောက်ခဲ့ရတာ ရတနာသုံးပါးကျေးဇူးနဲ့ အသိအလိမ္မာ ဉာဏ်ပညာကြောင့်ပဲ လူကလေး''

''ကျုပ်ကလည်း သေမှာမကြောက်ပါဘူး''

''ကောင်းပါတယ် လူကလေး။ သေမှာမကြောက်သူတိုင်း အကုသိုလ်အမှုဖြစ်တဲ့ ကာယကံအမှု၊ ဝစီကံအမှု၊ မနောကံအမှုများကို ဆင်ခြင်နိုင်ရင် ဘဝကူးကောင်းကြမှာပါ။ လူကလေးကို ကျုပ်ဘဝကူးကောင်းစေချင်တယ်''

''အဘိုးကြီး ...''

''ပြောပါ လူကလေး''

''ကျုပ်လူတစ်ယောက်ကိုကြည့်ပြီးရင် သူ့ကိုယ်နံ့ကိုရှုပြီးရင် သေမယ်ရှင်မယ် နိမိတ်စကားပြောလို့ရတယ်''

''ဟုတ်ကဲ့ ပြောပါ''

''အဘိုးကြီးရော ... ကျုပ်ကိုကြည့်ပြီး အဲဒီလို နိမိတ်စကားပြောနိုင်သလား''

မောင်ကံကြီးက ဆာဒူးအဘိုးကြီးရဲ့မျက်နှာကို စေ့စေ့ကြည့်ပြီး ခါးထောက်၍ ပမာမခန့်မေးလိုက်သည်။

''နည်းနည်းပါးပါး ကျွန်ုပ်ရပါတယ် လူကလေး''

''ဒါဆို ကျုပ်ကိုပြောစမ်း။ ကျုပ်အသက်ရှည်မလား။ အသက်တိုမလား ... ပြော။ ပြီးရင် ခင်ဗျားကို ကျုပ်ပြောမယ်''

''လူကလေး လက်ဝါးဖြန့်လိုက်ပါ''

မောင်ကံကြီးက အထင်မကြီးဟန်ဖြင့် လက်ဝါးနှစ်ဖက်ကို ဖြန့်ပြလိုက်သည်။ ဆာဒူးကြီးက မောင်ကံကြီး၏ လက်ဝါးနှစ်ဖက်

ကိုကြည့်လိုက်သည်။

လက်ဝါးပြင်သည် ပြုပ်ထ၍ကြမ်းနေ၏။

လက်ချောင်းများက ပုတိုပြီးကောက်နေ၏။

အထူးသဖြင့် လက်မနှစ်ဖက်သည် လက်မတင်းပုတ်ဖြစ်နေသည်ကို မြင်ရ၏။ အမွှေးအမျှင်များ ပေါက်နေသေး၏။

"လူကလေး"

"ဗျာ"

"လူကလေးရဲ့ ရောဟဏီလေခ (ခေါ်) အသက်လမ်းကြောင်း အလွန်တိုနေတယ်။ ဉာဏလေခလို့ခေါ်တဲ့ ဦးနှောက်ဉာဏ်လမ်းကြောင်းပေါ်မှာ ဖြတ်မျဉ်းတွေအများကြီးပဲ။ ဟဒယလေခ (ခေါ်) နှလုံးလမ်းကြောင်းဟာ ကျွန်းလို့ခေါ်တဲ့ အဖျက်တွေများနေတယ်။ လူကလေးမှာ ချစ်သူမရှိဘူး။ ယုတ်စွအဆုံး ... အဖေအရင်း၊ အမေအရင်း ခေါက်ခေါက်ကတောင် လူကလေးအပေါ် မေတ္တာမရှိဘူး"

မောင်ကံကြီး မျက်နှာတစ်ချက်ပျက်သွား၏။

သူ့ဘဝက အဖေအရင်း၊ အမေအရင်းကိုမမြင်ဖူးခဲ့၊ သချိုင်းမှာ စွန့်ပစ်ခံခဲ့ရသည့်ဘဝ။ လက်ရှိ မွေးစားမိဘနှစ်ပါးကလည်း ကြီးလေချဉ်လေ သူ့ကို သံယောဇဉ်သိပ်မရှိ။

လူတိုင်းက မိမိကိုမြင်ကြလျှင် ရွံကြောက်မုန်းတီးနေကြသည် မဟုတ်ပါလား။

"တစ်ခါ 'ဣန္ဒိလေခ' လို့ခေါ်တဲ့ ကံကြမ္မာလမ်းကြောင်းခေါ် ထီးရိုးလမ်းကြောင်း တိုတိုလေးပဲပါတယ်။ အဲဒါက စီးပွားဥစ္စာ လုံးဝ မဖြစ်ဘူး။ လူမွဲလူတောဘဝကိုပြနေတယ်"

"အသက်တိုမယ်၊ ရှည်မယ် ဒါပဲပြောဗျာ"





"ကျုပ် လူကလေးရဲ့အသက် တိုမယ်ရှည်မယ်ကို မဟော ပြောလိုဘူး။ လူကလေးကို ကျုပ်အကြံတစ်ခုပေးမယ်။ လိုက်နာပါ"

"ဘာတုံး"

"ဒီကပြန်ရင် ညောင်ထောက်ပါ"

"ဘာလဲဗျ ... ညောင်ထောက်ပါဆိုတာ"

"ကိုင်းညွတ် မြေထိလုညောင်ကိုင်းကို ပြန်မတ်သွားအောင် ာက်ကနေဝါးလုံးနဲ့ ဒေါက်ထောက်ပေးပါလို့ပြောတာ"

"အဲဒါလုပ်ရင် ဘာဖြစ်လာမှာလဲ"

"အသက်ရှည်မယ်။ ပြီး ... တံတားခင်းပါ"

"ကျုပ် လူချမ်းသာမဟုတ်ဘူး အဘိုးကြီး"

"ချမ်းသာမှ တံတားခင်းရမှာမဟုတ်ပါဘူး လူကလေး။ ဆင်း ားလည်း ဝါးသုံးလုံး၊ ဝါးငါးလုံး ရေမြောင်းကလေးမှာ ခင်းလည်း တံတားထိုးတာပါပဲ လူကလေး"

"အဲဒီလိုလုပ်ရင် ဘာဖြစ်မှာလဲ"

"အသက်ရှည်မှာ။ ပြီးရင် ဘုရားကျောင်းကန်မှာ တံမြက်စည်း သန့်ရှင်းရေးလုပ်၊ ဘုရားကို ရေသက်စေ့လှူပါ လူကလေး"

"အဲဒီလိုလုပ်ရင် ဘာဖြစ်မှာလဲ"

"အသက်ရှည်မယ်၊ ကျန်းမာမယ်။ ပြီး ... ဘုရားရှိခိုးပြီး ရှေ့မှာ အရဟံဂုဏ်တော်ကို ပုတီးပတ်တစ်ထောင်စိပ်ပါ လူက"

"အဲဒီလိုလုပ်ရင် ကျုပ်ဘာဖြစ်မှာလဲ"

"အသက်ရှည်မယ်၊ ကျန်းမာချမ်းသာမယ်။ ပြီးရင် ရဟန်း များကို ရှိခိုးဦးခိုက်ပြီး အမေနဲ့အဖေကို ကန်တော့လိုက်ပါ လူ

ကလေး''

''အဲဒီလိုလုပ်ရင် ကျုပ်ဘာဖြစ်မှာလဲ''

''အသက်ရှည်မယ်၊ ကျန်းမာချမ်းသာမယ်။ ပြီးရင် ပါးစပ်ကနေ ... စိတ်ထဲကနေ လူ၊ သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ။ အသက်ရှည် အနာကင်းကြပါစေလို့ပြောပြီး မေတ္တာပို့ပေးပါ။ နိမိတ်မရှိ နမာမရှိစကားများကို လုံးဝမပြောလိုက်ပါနဲ့''

''အဲဒီလိုလုပ်ရင် ကျုပ်ဘာဖြစ်မှာလဲ''

''အသက်ရှည်မယ်။ ကျန်းမာချမ်းသာမယ်။ လူချစ်လူခင်ပေါမယ်။ အလုပ်အကိုင် အကြွအစည် အောင်မြင်ပြီး ကြီးပွားချမ်းသာလို့ လူရာဝင်တဲ့ လူကောင်းတစ်ယောက် ဖြစ်လာပါလိမ့်မယ် လူကလေး''

''ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ဟား ... ဟား''

''ဟီး ... ဟီး ... ဟီး ... ဟီး''

''အဟတ် ... အဟတ် ... အဟတ်''

''လူကလေး သင်ဘာကြောင့် ရယ်ရတာတုံး''

မောင်ကံကြီးက ဆာဒူးလိုလူကြီးရဲ့ စကားအဆုံးမှာ အားရပါးရ ခွက်ထိုးခွက်လန် ရယ်ပစ်လိုက်သည်။

''ခင်ဗျားပြောတာလုပ်ရင် ကျုပ်အသက်ရှည် ကြီးပွားချမ်းသာ လူချစ်လူခင်များမယ်ပေါ့''

''အမှန်ပါလူကလေး။ ဒါ ဘုရားဟောပါ''

''ဟား ... ဟား ... ဟား ... ဟား ... တော်စမ်းပါဗျာ။ ကျုပ် ဒါမျိုးလုံးဝ ဝါသနာမပါဘူး။ ယုံလည်း မယုံဘူး နားလည်လား''





သူက ဒေါသတကြီးအော်ဟစ်၍ ပြောလိုက်သဖြင့် ဆာဒူးလိုအဘိုးကြီးက ဘာမျှ တရားမချတော့။

''လူကလေးခင်ဗျား''

''ဘာတုံး ... ဘာတုံးဗျ''

''ကျုပ်နုပ်အသက် တိုကိန်းသေကိန်း ရှိပါသလား။ လူကလေးရဲ့ အနိဋ္ဌာရုံ မရဏာမျက်စိနဲ့ ကြည့်ပါဦးခင်ဗျာ''

ဒီလို အဘိုးကြီးကမေးလိုက်ရော မောင်ကံကြီးက အဘိုးကြီးအနီးတိုး၍ ကိုယ်နံ့ကို ရှူလိုက်သည်။

တစ်မိနစ် ...

နှစ်မိနစ် ...

သုံးမိနစ် ...

လေးငါးမိနစ်ခန့် သူရှူကြည့်၏။ လူတစ်ယောက်မှာ သေရနံ့ရှိသည်။ ၎င်းရနံ့မျိုးကို မောင်ကံကြီး သင်္ချိုင်းကုန်းအနေကြာသူအာရုံနှင့် ရလေ့ရှိသည်။

အဲဒီအနံ့က စိမ်းရွှေရွှေ၊ ပုပ်အဲ့အဲ့အနံ့။

အခု သူ့ရှေ့ရှိအဘိုးကြီးကိုယ်မှ အဲဒီလိုရနံ့မျိုး လုံးဝမရ။ ရချင်တော့ သူ့နှာခေါင်းထဲသို့ နံ့သာဖြူလိုရနံ့မျိုး စူးစူးရှရှဝင်လာသည်ကို သူရှူရှိုက်ခံစားလိုက်ရသည်။

''ရလား လူလေး''

မောင်ကံကြီးဘာမှမပြော။ ဆာဒူးအဘိုးကြီးလက်ထဲက ဘင်ဂျိုကို လုစ်ခနဲ လုယူလိုက်ပြီး နောက်ပြန်လှည့်မကြည့်။ သင်္ချိုင်းကုန်းရှိရာသို့ တစ်ချိုးတည်း ပြေးလာခဲ့လိုက်သည်။ ဆာဒူးကြီးကား ဘာမှမပြော။ ကောင်းကင်သို့မော့ကြည့်ပြီး လက်အုပ်ချီ၍ ပါးစပ်မှ မေတ္တာ

ပို့လိုက်သည်။

"အဖဘုရားရှင် ...ဤ မိုက်မဲဆိုးဝါးလှသော အလိမ္မာမဲ့ လူကလေးအား စောင့်ရှောက်ကယ်တင်လို့ရလျှင် ကယ်မတော်မူပါ ဘုရား"

■ ■ ■

# [ ၉ ]

❑

လ,က သချိုင်းရဲ့အထက် ကောင်းကင်ပေါ်မှာ ပက်သက် ကလေး။ အလင်းရောင်ဖျိုးဖျိုးဖျဖျက သချိုင်းဂူနှင့် ကုက္ကိုပင်များပေါ်သို့ စီးယိုကျနေ၏။

မောင်ကံကြီး အုတ်ဂူပေါ်မှာထိုင်ရင်း အရက်ပုလင်းလက်ကျန်ကို မော့လိုက် ...

ဆာဒူးလိုလို အဘိုးကြီးဆီမှ လုယူလာခဲ့သည့် ဘင်ဂျိုကို မတီးတတ်ဘဲနှင့် တီးခတ်နေ၏။

စိတ်ကူးသစ်စာပေ

ဘင်ဂျိုမှ အရသာမရှိသော ဂီတသံက ကကျိုးကကြောင်ပေါ်လာ၏။ မောင်ကံကြီး အစအဆုံးမရှိသော သီချင်းများကို အော်ဟစ်ဆိုရင်း ပျော်နေသည်။

သူသည် အရက်လက်ကျန်ကိုမော့လိုက်၊ ဘင်ဂျိုကိုခတ်လိုက်နှင့် နောက်ဆုံး အရက်ကကုန်သွား၏။

ဒီအချိန်မှာ ...

ကုက္ကိုပင်များမှ ငှက်ဆိုးတစ်ကောင်က 'ဂီး'ခနဲ အော်ရင်း သူ့ခေါင်းကို ခြေသည်းနှင့်ကုတ်သွားလေ၏။

သူ ညစ်ညမ်းစွာ ဆဲရေးပစ်လိုက်သည်။

"ဂီး ..."

"ဂစ် ... ဂစ် ..."

နောက်တစ်ကြိမ်ငှက်ဆိုးက သူ့ခေါင်းပေါ်မှ ဝဲပျံအော်ဟစ်သွားပြန်သည်။

"အူ ... ဝူ ... ဝူ ... ဝူ"

"အူ ... ဝူ ... ဝူ ... ဝူ"

"အူ ... အူ ... အူ"

သချိုင်းခွေးများကလည်း ဒီညကျမှ သူ့ကိုကြည့်ပြီး ဆွဲဆွဲငင်ငင် အူနေကြသည်။ မောင်းထုတ် နှင်ထုတ်၍မရ။ သူ အရက်ပုလင်းကို ကောက်မော့လိုက်သည်။

အရက်တစ်စက်မှ မရှိတော့ပါလား။

အရက်ဘယ်လိုရမလဲ။

ဟုတ်ပြီ ... သူ့လက်ထဲက ဘင်ဂျိုကိုကြည့်လိုက်ပြီး ပြုံးလိုက်သည်။ ဒီဘင်ဂျိုနှင့် မကုလားမတို့ အရက်ပုန်းဆိုင်မှာ လဲသောက်





လိုက်လျှင် အရက်တစ်လုံး အသာကလေး။

သူ ဘင်ဂျိုကို ညာလက်နှင့်ကိုင်ပြီး အုတ်ဂူပေါ်မှခုန်ချလိုက်သည်။ အရက်ခံကရှိနေ၍ မူးယစ်ယစ်ဖြစ်နေ၏။

သူ ဒယီးဒယိုင်နှင့် သင်္ချိုင်းဂူမြေပုံများကို ကျော်နင်းကွေ့ရှောင် လာလိုက်သည်။

သူ့ခြေထောက်က ပျော့စိစိအရာကို နင်းမိလိုက်ခိုက် ...

"ဖောက်"

"အား ..."

"ဖောက်"

"အား ... အမလေးဗျ ..."

ခေါင်းထဲကို မိုးကြိုးပစ်လိုက်သလို ခံစားလိုက်ရပြီး မျက်လုံးထဲမှ လျှပ်စီးတန်းအရှည်ကြီးကို မြင်လိုက်ရကာ ... ဘိုင်းခနဲ ပစ်လဲကျသွားခဲ့သည်။

အသက်ရှုကျပ်လာပြီးနောက် မူးဝေနောက်ကျိပြီး ကိုယ်လက်များ လှုပ်ရှား၍မရချင်တော့။

သူအားယူ၍ မျက်လုံးကိုဖွင့်ကြည့်လိုက်သောအခါ သူ့အနီးမှာ ခါးပျဉ်ထောင်နေသည့် မြွေဟောက်တစ်ကောင်ကို ဝိုးတဝါးမြင်လိုက်ရပြီး တွန့်လိန်ဇက်ကျိုးကျသွားခဲ့လေသည်။

[ ၁၀ ]

❑

မိုးလင်းသောအခါ သုဘရာဇာ ကိုကျောက်ကွဲရဲ့မွေးစားသား စက္ကူလမောင်ကံကြီး မြွေကိုက်ခံရလို့ သေပြီဆိုသည့်သတင်း ရပ်ရွာထဲသို့ ချက်ချင်းပျံ့နှံ့သွားလေ၏။

လူအတော်များများက မောင်ကံကြီးသေပြီဆိုသည့်သတင်းကို ကြားကြသော် မျက်ရည်လုံးဝမကျကြ။ စုတ်မသပ်ကြ။

"သေမင်းကို သေမင်းက ပြန်ခေါ်သွားပြီဟေ့"

"ငှက်ဆိုးဖက်ကျိုးသွားပဟ"

မောင်ကံကြီးရဲ့အသုဘသို့ သူနှင့်သောက်ဖော်သောက်ဖက်များပင် မလာကြတော့။





မောင်ကံကြီးရဲ့အသုဘကို သူ့မွေးစားအဖေနှင့်အမေက ကမ္ဘကထပြု၍ ဘုန်းကြီးတစ်ပါးနှင့် ရေစက်ချမြေမြှုပ်ရင်း ...

တရားနာနေစဉ် လူတစ်ဦးရောက်လာခဲ့သည်။

ထိုသူကား ...

ဆံပင်လိမ်ကောက်၊ ပါးမြိုင်းမွေးနှင့် အဝါရောင်အကျီရှည်ကြီးဝတ်ထားသော ဆာဒူးလိုလိုအဘိုးကြီးပဲ ဖြစ်သည်။ အဘိုးကြီးသည် ဘုန်းတော်ကြီးကို ဦးချရှိခိုး၏။

ပြီးနောက် ...

မောင်ကံကြီးအလောင်းမြေချစဉ် မြေကြီးခဲတစ်ခဲကို ခေါင်းကျင်းထဲသို့ ပစ်ချလိုက်၏။ ကိစ္စပြီးသောအခါ မောင်ကံကြီးရဲ့မိဘနှစ်ပါးနှင့် စကားအတန်ကြာပြောဆိုပြီးနောက် သူ့ဘင်ဂျိုတိုလေးကိုယူပြီး သင်္ချိုင်းကုန်းမှ ပြန်ထွက်ခဲ့လိုက်သည်။

ဆာဒူးလိုအဘိုးကြီးသည် ရပ်ကွက်ထဲသို့ရောက်သောအခါ ဘင်ဂျိုကိုတီး၍ လမ်းလျှောက်ရင်း သီချင်းတစ်ပုဒ်ကို မပီဝဲဝဲနှင့်ပင် ဆိုလိုက်သည်။

သူဆိုသည့်သီချင်းကား နန်းတော်ရှေ့ဆရာတင်ရေး၍ ခေတ်ဟောင်းအဆိုတော်ကြီး ဒေါ်ကြည်အောင်သီဆိုထားသည့် အောင်နိမိတ်သီချင်းဖြစ်လေသည်။

"ကျက်သရေမင်္ဂလာ ××× နေ့တိုင်း ညတိုင်း ×××

ကောင်းတဲ့ ××× ကောင်းတဲ့စကားကို ပျိုကြည်အောင် ××

ပြောကြားပါတော့ ××× သောတရှင် ××× မိတ်အများပျော်"

သူသည် သီချင်းကို မပီကလာ ပီကလာနှင့် တစ်ပိုဒ်ပြီးတစ်ပိုဒ်ဆိုနေသည်။

လူအများက သူ့သီချင်းသံနှင့် ဘင်ဂျိုသံကို အာရုံစိုက်၍ နားစွင့်နေကြသည်။

(ကောင်းတဲ့နိမိတ်ကောက်လျှင် အရိပ်နောက်ကိုအရောင်ပါ ပျိုကြည်အောင်ဆိုစကား ရွှေနားတော်ဆင်ကြပါ)

ဆာဒူးအဘိုးကြီးက လူအများရဲ့မျက်နှာများကို ကြည့်၍ ၎င်း အပိုဒ်ကို ပြန်ကျော့တီးဆို၏။

အားလုံးက တွေးကြ၏။ သဘောပေါက်သွားကြ၏။

ဆုံးဖြတ်ချက်ချကြ၏။

ကောင်းသည့်နိမိတ်ကောက်လျှင် အရိပ်နောက်ကို အရောင် ပါသတဲ့။

နိမိတ်ကောင်းစကားကို ဆိုကြစို့ရဲ့။

ဒီနေ့ ဒီအချိန်ကစ၍ ...

ငါတို့ ကျန်းမာပြီ ...

ချမ်းသာပြီ ...

ရွှေမိုးငွေမိုး ရွာတော့မည်ဟေ့ ...

❖ ❖ ❖

မောင်ညိုမှိုင်း (သန်လျင်)



[ ၁ ]

❑

ကျွန်တော်က ထားဝယ်မြို့နယ်၊ လောင်းလုံသား‘မောင်းမကန်’ ဟူသော စက်လှေဦးစီး ပဲ့နင်းကြီးပါ။ ကျွန်တော့်ဆရာ ဦးစီးပဲ့နင်းကြီး ဦးမောင်စိန် ရုတ်တရက် ရေနစ်ကွယ်လွန်လို့ ကျွန်တော်က ဦးစီးပဲ့နင်းကြီးဖြစ်လာတာပါ။ ကျွန်တော်တို့စက်လှေကြီးက အလျားပေ(၃၀)ကျော်ရှည်ပြီး၊ ဖြက်(၂၀)ပေကျော်ကျယ်ပါတယ်။ သစ်သားကိုယ်ထည်ကြီးဖြစ်ပြီး စက်နဲ့ရွက် တွဲဖက်မောင်းနှင်ရတဲ့စက်လှေကြီးပါ၊ ထားဝယ်မှာတော့ မောင်းမကန်စက်လှေကြီးက အကြီးဆုံးပါ။ စက်လှေကြီးကို ကျွန်တော့်ဆရာဦးစီး ပဲ့နင်းကြီးဦးမောင်စိန်နဲ့ ဇနီးဒေါ်လှအေးတို့က ပိုင်ဆိုင်ပါတယ်။





ကျွန်တော်တို့စက်လှေကြီး ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်အထိတက်ပြီး ငါးပိ၊ငါးခြောက်၊ ပုစွန်ခြောက်နဲ့ ငါးအစိုတွေကို တင်ပို့ရောင်းချသလို၊ ရန်ကုန်က ဆန်၊ ဆီ၊ ပဲ၊ ရေတ်၊ ကြက်သွန်တွေကို ဝယ်ပြီးလည်း မြိတ်၊ ထားဝယ်၊ ဘုတ်ပြင်း၊ ကော့သောင်းအထိ ပြန်လည်ရောင်းချပါတယ်။ ရေလမ်းခရီးမို့ အန္တရာယ်များပေမဲ့ ဝင်ငွေအလွန်ကောင်းပါတယ်။

ဦးစီးကြီးနဲ့ဇနီးက ကျွန်တော့်ကိုတူလိုသားလို သဘောထားပြီး အားကိုးကြတော့ ဦးစီးကြီး ရုတ်တရက်ကွယ်လွန်တာနဲ့ ကျွန်တော်က တတိယပဲ့နင်းနေရာကနေ ပဲ့နင်းကြီးဖြစ်လာတာပါ။ ကျွန်တော်ကလည်း ‘မောင်းမကန်’ စက်လှေကြီးမှာ စက်မောင်းကနေတက်လာတာပါ။ လုပ်သက်ကလည်း (၁၀)နှစ်ကျော်ပြီလေ။

ပင်လယ်ပြင်မှာ စက်လှေမောင်းရတာ အန္တရာယ်အလွန်များပါတယ်။ ကျွန်တော်တို့ဘဝက တောမုဆိုးလိုပါပဲ။ ရာသီဥတုလှိုင်းဒဏ်၊ ကျောက်ဆောင်၊ ကျောက်စွယ်တွေက ကျွန်တော်တို့ ရေလုပ်သားတွေအတွက် သဘာဝအန္တရာယ်တွေပါပဲ။ ပင်လယ်ပြင်ဆိုတာလည်း အခက်ကလားဗျာ။ အခုသာယာနေပေမဲ့ နာရီအချိန်ပိုင်းကလေးအတွင်း ချက်ချင်းကြီး ပြောင်းလဲသွားတတ်တယ်”

မောင်းမကန်စက်လှေကြီးမှာ ကျွန်တော်အပါအဝင် (၁၀) ယောက်အဖွဲ့ရှိပါတယ်။ စက်ပြင်၊ စက်မောင်း။ ဆီလောင်း။ ကုန်စာရေး။ အထွေထွေကုန်ထမ်းတွေပါ။ ကျွန်တော်တို့အဖွဲ့တွဲလာတာ (၁၀)နှစ် (၁၀) ဆိုတော့ တစ်ဦးသဘောတစ်ဦးသိကြပါတယ်။ ရေကြောင်းခရီးလမ်း စက်လှေကြီးအထာကိုလည်း ကျွမ်းကျွမ်းကျင်ကျင် နားလည်သဘော ကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အဖွဲ့ဟာစည်းလုံးညီညွတ်

တယ်လို့ပြောရမှာပါပဲ။ ပင်လယ်ထဲမှာ အိုးပစ်၊ အိမ်ပစ်၊ အလုပ်တာဝန် ထမ်းဆောင်ကြရပြီး အသက်အန္တရာယ်ဘေးကို မကြာခဏ ကြုံဖူးကြ တော့ ညီအစ်ကိုအရင်းတွေလိုပါပဲ။ ဆဲမနာ ဆိုမနာပေါ့။ အဖွဲ့သားအား လုံးက ကျွန်တော်နဲ့အဘဦးမောင်စိန်ကိုတော့ လေးစားကြပါတယ်။ အဘ ဦးမောင်စိန်ကွယ်လွန်တော့ ကျွန်တော်က မောင်းမကန်စက်လှေကြီးမှာ အကြီးဆုံးပေါ့။ အဘဦးမောင်စိန်မိသားစုကလည်း ကျွန်တော့်ကို အလွန် အားကိုးအရေးပေးပါတယ်။

အဘဦးမောင်စိန်မိသားစုဆိုတာကလည်း များများရှိတာမဟုတ် ပါဘူး။ အဘကွယ်လွန်တော့ ဇနီးဖြစ်သူဒေါ်လှအေးရယ်၊ သမီးဖြစ်သူ မလှယဉ်ရယ် နှစ်ဦးတည်းကျန်ခဲ့တာပါ။ အဲ . . . ပြောရဦးမယ်။ ကျွန် တော်က လူပျို။ အမေအိုကြီးကိုလုပ်ကျွေးနေတာပါ။ မလှယဉ်ကလည်း အပျိုပါ။ ကျွန်တော်က အသက် (၂၇)နှစ်၊ မလှယဉ်က အသက် (၂၂)နှစ်။ (၅)နှစ်ကွာပါတယ်။ မလှယဉ်က (၉)တန်းနဲ့ ကျောင်းထွက်ပြီး အိမ်မှု ကိစ္စတွေကိုပဲလုပ်ပါတယ်။ ပြောရရင်တော့ဗျာ အဘဦးမောင်စိန်နဲ့ ဒေါ်လှ အေးက ကျွန်တော်တို့နှစ်ဦးကို သဘောတူထားပါတယ်။ ဒါပေမဲ့ မလှယဉ် ကတစ်မျိုးဗျ။ စိတ်မမှန်ဘူးလို့ဆိုရမလားပဲ။ ကျွန်တော့်အပေါ်မှာဆက်ဆံ တာက စိမ်းနေတယ်။

သူမက ကျွန်တော့်အပေါ်မှာ အရေးပေးလိုက်၊ ခပ်စိမ်းစိမ်း နေလိုက်နဲ့ တစ်မျိုးပြီးတစ်မျိုး ဆက်ဆံရေးက ပြောင်းလဲနေတတ်တယ်။ ကျွန်တော့်အထင်ကတော့ စက်လှေပိုင်ရှင်သူဌေးသမီးအနေနဲ့ စက်လှေ မောင်းတဲ့အလုပ်သမား ကျွန်တော့်ကို အထင်သေးနေဟန်တူပါရဲ့။ မောင်းမကန် စက်လှေကြီးစတည်ကတည်းက သစ္စာရှိစွာအမှုထမ်းလာ ခဲ့တဲ့ ကျွန်တော့်ကို သူမမိဘတွေကသဘောတူပေမဲ့ သူမကတော့ အဆင့်





အတန်းမတူဘူးလို့များ မြင်နေတယ် ထင်ပါရဲ့ဗျာ။

မလှယဉ်ဟာ နာမည်နဲ့လိုက်အောင် လှလည်းလှတယ်၊ ယဉ် လည်း ယဉ်ပါတယ်။ ထားဝယ်သူပီပီ၊ ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီးပါ။ ဒါပေမဲ့ ကျွန်တော်တို့နှစ်ဦးဆက်ဆံရေးက အချိန်တွေကြာလာပေမဲ့ မနွေး ထွေးတာ အမှန်ပါပဲ။

အဲ . . . ပြောစရာကျန်နေပါသေးတယ်။ စက်လှေပိုင်ရှင် အဘ ဦးမောင်စိန်ဟာ ရုတ်တရက်ရေနစ်ပြီး အစိမ်းသေသေရတော့ မကျွတ် ဘူးထင်ပါရဲ့ဗျာ။ သူ့စက်လှေကြီးကိုလည်း စိတ်စွဲဟန်တူပါတယ်။ စက်လှေ ပေါ်မှာ ညဥ့်နက်တာနဲ့ ဟိုနားရိပ်ရိပ် ဒီနားရိပ်ရိပ်နဲ့စက်လှေသမား အားလုံး မြင်နေရတယ်။ အစပိုင်းက ကြောက်လန့်ကြပေမဲ့ နောက်ပိုင်း တော့ရိုးသွားပြီး စက်လှေပိုင်ရှင်ကျေးဇူးရှင်မို့ ခွင့်လွှတ်ပြီး အမျှအတန်း ပေးဝေကြပါတယ်။ ဒါပေမဲ့ ကျွတ်လွတ်ဟန်မတူပါဘူး။ ကျွန်တော်တို့ စက်လှေပေါ်မှာလည်း အလှူအတန်းလုပ်ပြီး အမျှဝေတာလည်း အကြိမ် ပေါင်း မနည်းပါဘူး။ ဇနီးဖြစ်သူ ဒေါ်လှအေးကလည်း အိမ်မှာအလှူ လုပ်တာ (၃)ကြိမ်တောင်ရှိပါပြီ။ ဒါပေမဲ့ ပုံနင်းကြီးဦးမောင်စိန်က အမျှရဟန်မတူပါဘူး။ ကျွတ်လွတ်ဟန်လည်း မပြပါဘူး။ စက်လှေပေါ်မှာ ပိုးတိုးဝါးတား တော့ မြင်နေရဆဲပါပဲ။

[ ၂ ]

❑

တစ်နေ့တော့ မြိတ်နဲ့ ကော့သောင်းဘက်သွားပြီး ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်တွေကောက်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်က ဝယ်လာခဲ့တဲ့ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်တွေကိုလည်း ရောင်းရင်းပေါ့။ ကုန်ဖလှယ်တဲ့ သဘောပါပဲ။ အမြတ်ငွေတွေလည်းရလို့ ကျွန်တော် အတော်ပျော်မိတယ်။ အဘဦးမောင်စိန်ကွယ်လွန်ပြီးမှ ကျွန်တော်ဦးစီးပြီး ပထမဆုံးထွက်ရတဲ့ ခရီးစဉ်ပါပဲ။ အဘပါရင်လည်း ဒီခရီးကို ကျွန်တော်ပဲ မောင်းရတာပါ။ အဘက ပင်လယ်ပြင်အတွေ့အကြုံရင့်တော့ အခက်အခဲကြုံလာရင် အကြံဉာဏ်ပေးရုံလောက်ပါပဲ။ အဘကို ခရီးစဉ်တစ်လျှောက်လုံး အနားပေးထားတာပါ။





အခုအခေါက်တော့ အဘမပါလို့ ကျွန်တော် အတော်ဂရုစိုက်ရပါတယ်။ တော်ပါသေးတယ်။ မိုးကုန်လို့ဆောင်းဦးပေါက်စမို့ မြောက်လေအေးကလေးပြန်နေပြီး ပင်လယ်ပြင်က ငြိမ်သက်နေပါတယ်။ လှိုင်းကြက်ခွပ်ကလေးတွေလောက်ပဲရှိပြီး ပင်လယ်ပြင်ကြီးက အလွန်သာယာလှပနေပါတယ်။ မြိတ်မြို့မှာ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်တွေရောင်းပြီး၊ ငါးပိ၊ ငါးခြောက်တွေမှာခဲ့ပြီး ဆက်ထွက်လာပါတယ်။ တစ်ခါဘုတ်ပြင်းမှာ အရောင်းအဝယ်လုပ်ပြန်ပါတယ်။ ဘုတ်ပြင်းကနေ ကော့သောင်းအထွက်မှာတော့ ရာသီဥတုသာယာတာနဲ့ ညဘက်ထွက်ခဲ့ကြတယ်။ မှတ်မှတ်ရရ တန်ဆောင်မုန်းလပြည့်နေ့မို့ လကလည်းသာပါရဲ့ဗျာ။ ကြယ်တွေကလည်းစုံပါရဲ့။ ဘုတ်ပြင်းနဲ့ကော့သောင်းကြားမှာ ကမ်းစပ်က မမောင်းရဲဘူး။ ကျောက်တန်းကျောက်ဆွယ်တွေ တအားများလို့ပါဘဲ။ ရေနက်ပိုင်းက မောင်းရတာပေါ့။ ပင်လယ်ရေဟာနက်လာတာနဲ့အမျှ အရောင်မည်းလာတယ်။ လင်းပိုင်နဲ့ငါးကြီးတွေကလည်း လရောင်အောက်မှာ အုပ်စုလိုက်မြူးနေကြတယ်။ ကျွန်တော်တို့စက်လှေကြီးဟာ ငါးဖမ်းစက်လှေမဟုတ်မှန်း သူတို့သိကြပုံရပါတယ်။

ပုလောကျွန်းကိုကျော်တော့ ည(၉)နာရီလောက်ရှိပြီ။ ကျွန်တော်လည်း ထမင်းဆာလာတာနဲ့ အောက်စက်ခန်းထဲ စက်မောင်းကို အချက်ပေးခေါ်လိုက်တယ်။ ကော့သောင်းမြို့နဲ့နီးပြီမို့ ရေလမ်းခရီးကလည်းစိတ်ချရပြီလေ။ စက်မောင်းရောက်လာလို့ သူ့ကို ပဲ့ဘီးလွှဲပေးပြီး ကျွန်တော်ညစာ စားပါတယ်။ မြောက်ပြန်လေအဆော် စက်အားနဲ့ရွက်အားကြောင့်စက်လှေကြီးက ပင်လယ်ပြင်မှာ တရိပ်ရိပ်ပြေးနေတယ်။

အဲ့ဒီအချိန်မှာပဲ ရွက်တိုင်အခြေမှာ အဘဦးမောင်စိန်ကို ရွက်တိုင်မှာ ဖိုးတိုးဝါးတားမြင်လိုက်ရတယ်။ ရွက်တိုင်ထိပ်ကို လက်ညှိုးထိုး

ပြနေတယ်။ ကျွန်တော်ကြည့်လိုက်တော့ မီးလုံးနီနီကြီးတစ်လုံးကပ်နေတယ်။ ပင်လယ်စုန်းမီးဖြစ်ကြောင်း ကျွန်တော် ချက်ချင်းသိလိုက်တာနဲ့ အတွေ့အကြုံအရ အန္တရာယ်အနံ့ကို ရလိုက်တယ်။ စက်မောင်း မောင်ပုကိုလည်း လှမ်းအော်လိုက်ရတော့တယ်။

"မောင်ပု ••• မင်းအလုပ် မင်းလုပ်။ ပဲ့စင်ကမခွာနဲ့။ ကျုန်တာ ငါဆက်လုပ်မယ် မကြောက်နဲ့"

"ဟုတ်ကဲ့ ••• အစ်ကိုကြီး"

စက်လှေရှေ့ကို ဂရုစိုက်မောင်းနေတဲ့ စက်မောင်းမောင်ပုလည်း အကုန်မြင်မှာပါ။ သူတို့နဲ့ မောင်းမကာနစက်လှေကြီးကို အသုံးပြုနေစဉ်မှာ တစ်ခါဘူးမှမကြုံဖူးတဲ့ အဖြစ်အပျက်မျိုးပါ။ ကျွန်တော်ကတော့ အရင် စက်မောင်းဘဝ ငါးဖမ်းစက်လှေလိုက်တုန်းက တစ်ခါကြုံဖူးပါတယ်။ စက်လှေရွက်တိုင်ထိပ်မှာ ပင်လယ်စုန်းမီးစွဲရင် အလွန်ကြောက်ဖို့ကောင်းပါတယ်။ တစ်လုံးကနေနှစ်လုံးပွားလာပြီး စက်လှေကုန်းပတ်ပေါ် ပြုတ်ကျလျှောက်ပြေးနေတော့တာ။

အဲဒီ ပင်လယ်စုန်းမီးလုံးတွေကို စက်လှေသမားတွေက ဓားနဲ့ ခုတ်တော့ တစ်လုံးကနေ လေးငါးလုံးပွားလာတတ်တယ်။ နောက်ဆုံး ကြောက်အားလန့်အားနဲ့ ခုတ်ကြတော့ ဓားတွေ၊ တုတ်တွေနဲ့ အချင်းချင်း ခုတ်မိကြရော။ အဲဒီအချိန်အခါမှာ ပဲ့နင်းဦးစီးက အခရာပဲ။ သူ့အုပ်ချုပ်မှုအောက်မှာ လှေသမားတွေကမကြောက်လန့်ဘဲ စည်းကမ်းတကျ လုပ်ဆောင်ကြရင် ပင်လယ်စုန်းမီးကိုနိုင်နင်းပါတယ်။ လူလေးငါးယောက် ရွေး။ ကျုန်တဲ့သူတွေက နေရာမရွေ့ဘဲ ထိုင်ကြည့်နေကြ။ အဲဒီရွေးထားတဲ့ လူငါးယောက်ကလည်း သတ္တိရှိရှိနဲ့ဓားမကိုင်ဘဲ တုတ်တွေနဲ့ ပင်လယ်စုန်းမီးလုံးတွေကို ပင်လယ်ထဲရိုက်ချရင် 'ရှဲ'ခနဲမြည်ပြီး မီးလုံးထဝ်





ပွားတော့ဘဲ ပျောက်သွားတော့တာပဲ။ တချို့မီးလုံးတွေက တုတ်ဖျားငြိနေပြီး ပြုတ်မကျရင် တုတ်ကိုရေထဲနှစ်မှ ပျောက်သွားတတ်တယ်။

အခုလည်း ကျွန်တော်တုတ်ကိုယ်စီနဲ့ လူငါးယောက်ရွေးလိုက်တယ်။ ကျုန်တဲ့လှေသမားတွေကို ထိုင်ခိုင်းထားရတယ်။

"ကဲ ••• မိုးကျော်နဲ့အဖွဲ့ထဲကတစ်ယောက် ရွက်တိုင်ပေါ်တက်။ လုံးကြီးကို ဝါးလုံးရှည်နဲ့ ပင်လယ်ထဲထိုးချ။ ကုန်းပတ်ပေါ်ပြုတ်ကျ ဘာရင် အောက်မှာကျုန်တဲ့လေးယောက်က ဝါးလုံးတိုတွေနဲ့ဝိုင်းရိုက်ပြီး ပင်လယ်ထဲပစ်ချ။ ဝါးလုံးမှာငြိနေရင်လည်း မကြောက်နဲ့။ ပင်လယ်ရေ ထဲနှစ်ပစ်လိုက်။ ကြားကြလား။ ဘာမှကြောက်စရာမရှိဘူး။ မင်းတို့လက် ဆိုလို့လည်း အပူမလောင်ဘူး။ ဒါအရိပ်အယောင်တွေပဲ။ ကျုန်တဲ့ အဖွဲ့က အေးအေးဆေးဆေး ထိုင်ကြည့်နေကြ။ မလှုပ်နဲ့။ နေရာမရွှေ့နဲ့။ အမိန့်ပေးမှ လှုပ်ရှား။ ကြားကြလား"

| ၃ |

❑

''ဟုတ်ကဲ့ ... ဆရာ''

အားလုံး အော်ပြောကြသည်။

မိုးကျော်ကိုယ်တိုင် ရွက်တိုင်ပေါ်တက်သည်။ ရွက်တိုင်အလယ်ကြိုး ကုပ်စည်းပေါ်တွင်ခြေချပြီး ရွက်တိုင်ထိပ်မှ ပင်လယ်စုန်းမီးလုံးကြီးအား ဝါးလုံးရှည်ကြီးဖြင့် ထိုးချသည်။ မီးလုံးကြီးမှာ နှစ်လုံးကွဲသွားပြီး တစ်လုံးရေထဲကျ၍ 'ရှဲ'ဆိုသောအသံကြီးဖြင့် ပျောက်ကွယ်သွားသော်လည်း တစ်လုံးမှာ ကုန်းပတ်ပေါ်ကျ၍ မိုးကျော်အဖွဲ့က တုတ်များဖြင့် ဝိုင်းရိုက်ရာ 'ဖောင်း'ဟူသော အသံကြီးမြည်၍ တစ်လုံးမှနှစ်လုံး၊ သုံးလုံးဖြစ်သွားသည်။ အချို့မှာ ရေထဲကျ၍ ပျောက်ကွယ်သွားသော်လည်း





ကုန်းပတ်ပေါ်တွင် ကျန်ရှိနေသော မီးလုံးများမှာ တဖြည်းဖြည်းများ၍ပွားလာသည်။ ကျွန်ုပ်က ဘာလုပ်ရမှန်းမသိတော့။ ထိုစဉ် ပဲ့စင်ခေါင်မိုးပေါ်တွင် အဘဦးမောင်စိန်၏ အရိပ်ပေါ်လာပြီး ...

''ထိုင်နေတဲ့ လှေသမားတွေကို ရေပုံးကိုယ်စီဆွဲပြီး ပင်လယ်ရေနဲ့ပက်ခိုင်း။ ပျောက်သွားလိမ့်မယ်''

ကျွန်တော်လည်း ချက်ချင်းပင် ထိုင်နေသည့်ရွှေဘတို့အဖွဲ့အား ရေပုံးကိုယ်စီဆွဲ၍ ပင်လယ်ရေခပ်ပြီး ပက်ခိုင်းရတော့သည်။

တုတ်နှင့်ရိုက်သူ မိုးကျော်တို့အဖွဲ့မှာ လက်မလည်အောင်ရိုက်ကြရင်း တစ်ယောက်နှင့်တစ်ယောက်ပင် မှားရိုက်နေကြပြီဖြစ်သည်။

''အား ... အား ... အား''

''ဖျန်း ... ဖျန်း ... ဝုန်း ... ဝုန်း''

ပင်လယ်ရေနှင့်ထိမှ ပင်လယ်စုန်းမီးလုံးကြီးများ တရှဲရှဲမြည်၍ပျောက်ကွယ်ကုန်ကြသည်။

မိုးကျော်တို့အဖွဲ့မှာ ချွေးတရွှဲရွှဲ၊ သွေးတရဲရဲ အလဲလဲအပြိုပြိုဖြစ်နေကြသည်။

''ကဲ ... အားလုံး ထိုင်ကြ။ ရွှေဘက ငါ့အခန်းထဲက အရက်နှစ်လုံးသွားယူ။ ခွက်တွေပါ ယူခဲ့။ အရေးပေါ်ဆေးသေတ္တာလည်းဆွဲခဲ့။ ဒီနေ့တော့ အတော်ပင်ပန်းသွားကြပြီ။ စက်လှေပေါ်မှာ အရက်မသောက်ရဆိုတဲ့ စည်းကမ်းကိုလည်း ဒီနေ့အရေးပေါ်အခြေအနေအရ ငါကိုယ်တိုင်ပယ်ဖျက်ပြီး မင်းတို့ကို တိုက်မယ်''

''ကျေးဇူးတင်ပါတယ် ဆရာ။ ဆရာခေါင်းဆောင်လို့ ကျွန်တော်တို့ အောင်မြင်တာပါ။ နို့မဟုတ်ရင်တော့ ဘာဖြစ်ကုန်မလဲ မသိဘူး''

ကျွန်တော့်အပေါ်တွင် အရှိအသေ မတန်ရန်အတွက် အဘ

ဦးမောင်စိန်၏ညွှန်ကြားချက်ကို ကျွန်တော်မပြောတော့ပါ။

"ဘာဖြစ်ကုန်ရမလဲ အကုန်သေကုန်မှာပေါ့။ တစ်ယောက်နဲ့ တစ်ယောက်လူမှားပြီး ခုတ်ကြ၊ ထစ်ကြတော့မှာပေါ့။ ကဲ ... သောက်ကြတော့။ ငါလည်းသောက်မယ်။ ငါလည်း ဒီစက်လှေကြီးပေါ် မရောက်ခင်က ငါးဖမ်းစက်လှေပေါ်မှာ ကြုံဖူးတယ်။ ဒါကြောင့် စနစ်ကျအောင်မြင်အောင်ဆောင်ရွက်နိုင်တာ။ ပင်လယ်ထဲမှာ တစ်ခါကြုံဖူးတယ်။ စက်လှေတစ်စီးပေါ်မှာ လူသေတွေနဲ့ မျောနေတာ။ ပင်လယ်ဓားပြတွေ လက်ချက်အောက်မေ့လို့ စက်လှေပေါ်တက်ကြည့်တော့မှ မသေသေးတဲ့သဘော်သားတစ်ယောက်က ပင်လယ်မီးစုန်းတွေနဲ့ ကြုံရတဲ့အကြောင်းကို ပြောပြလို့သိရတာ။ အဲဒါနဲ့ စက်လှေကို နီးရာကျွန်းဆွယ်ပို့၊ မသေသေးတဲ့လူနာကို ဆေးရုံတင်ရနဲ့ ငါတို့အချိန်အတော်ကုန်သွားတယ်"

မိုးကျော် ။ "တော်သေးတာပေါ့။ ဆရာကကြုံဖူးလို့ ခေါင်းဆောင်နိုင်တာ။ ကျွန်တော်တို့ကတော့ ကြားပဲကြားဖူးတာ၊ မကြုံဖူးဘူး"

ရွှေဘ ။ "ဆရာ ... မီးလုံးတွေက မပူဘူးသာ ဆရာကပြောတာ၊ အနားကပ်တာနဲ့ တရှိန်ရှိန်ဟပ်နေတာ။ ရေနဲ့ဖျန်းတာနဲ့ ရှဲခနဲပဲ"

"အေး ... ဟုတ်တယ်။ မင်းတို့မကြောက်အောင် ငါကပြောရတာပါ။ ပင်လယ်ကဖြစ်ပေါ်လာတဲ့ မီးစုန်းတွေမို့ ရိုးရိုးရေနဲ့ ငြိမ်းလို့မရဘူး။ ပင်လယ်ရေနဲ့ဖျန်းမှ ငြိမ်းတယ်လို့လည်းသိရတယ်။ ဒါကြောင့် ပင်လယ်ရေနဲ့ ဖျန်းခိုင်းတာ"

မိုးကျော် ။ "သူ့ဓာတ်နဲ့သူပေါ့ ဆရာရယ် နော်"

"အေး ... ဟုတ်တယ်၊ မိုးကျော်။ ကဲ ... နားကြတော့။ သန်းခေါင်တောင်ကျော်နေပြီ။ စက်ဆရာမောင်ပုလည်း စက်ခန်းထဲပြန်ဝင်တော့။ ငါဆက်မောင်းတော့မယ်"

စိတ်ကူးသစ်စာပေ



"ဟုတ်ကဲ့ ... အစ်ကိုကြီး"

ကျွန်တော် မောင်းမကန်စက်လှေကြီးအား ဆက်မောင်းလာရာ မနက်ရောင်နီလာချိန် (၄) နာရီခန့်၌ ကော့သောင်းဆိပ်ကမ်းသို့ ချောမောစွာ ဆိုက်ကပ်ရောက်ရှိသည်။ ကျွန်တော်တို့လည်း ဆိပ်ကမ်းပေါ်မဆင်းသေးဘဲ ပွဲစင်၌ပင် ပက်လက်ကုလားထိုင်ချ၍ တစ်မှေးအိပ်စက်ရတော့သည်။ ထိုအခေါက်က ပင်လယ်စုန်းမီးကပ်၍ ကံနိမ့်သည်ဟု ထင်မိသော်လည်းပါလာသော ဆန်၊ ဆီ၊ ရေတ်၊ ကြက်သွန်များ ဈေးကောင်းရသဖြင့် အမြတ်အစွန်းများသည်။

[ ၄ ]

❑

အပြန်တွင်လည်း ငါးပိ၊ ငါးခြောက်နှင့် ငါးစိုများရသည်။ ကျွန်တော် လှေသမားများအား ဝက်ဝံပုဆိုးတစ်ထည်စီနှင့် ရှပ်အင်္ကျီတစ်ထည်စီ ဝယ်ပေးသည်။ စက်လှေပိုင်ရှင်အဒေါ် ဒေါ်လှအေးနှင့်သမီး မလှယဉ်အတွက်လည်း ပါတိတ်လုံချည်တစ်ထည်စီနှင့်အင်္ကျီပိတ်စများ ဝယ်လာခဲ့သည်။ အပြန်ခရီးတွင်တော့ အဆင်ပြေသည်။ ဘုတ်ပြင်းနှင့် မြိတ်မြို့များသို့ဝင်၍ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်အိတ်များ တင်သည်။ ထားဝယ်တွင်ဝင်၍ တစ်နေ့နားသည်။ ကျွန်တော် အမေ့အိမ်သို့ပင် မဝင်တော့ဘဲ မလှယဉ်တို့အိမ်ရှိရာ ဈေးလယ်ပိုင်းသို့ တန်းပြီးသွားခဲ့ပါတယ်။ မလှယဉ်တို့သားအမိကို ကော့သောင်းကဝယ်လာခဲ့တဲ့ လက်ဆောင်ပစ္စည်းတွေပေးဖို့နဲ့ ငွေစာရင်းရှင်းဖို့ပါ။





ဈေးလယ်ပိုင်းအိမ်ကြီးမှာ အဒေါ် ဒေါ်လှအေးကိုမတွေ့ရဘဲ မလှယဉ်တစ်ယောက်တည်းကိုသာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်လည်းလက်ဆောင်ပစ္စည်းတွေပေးရင်း အခွင့်အရေးရတာနဲ့ နှစ်ဖက်မိဘတွေသဘောတူထားတဲ့ မလှယဉ်ကို ချစ်စနိုးနဲ့ ပွေ့ဖက်ကျီစယ်ပြီး ချစ်စကားပြောမိတယ်။ အဲဒါကိုများ မလှယဉ်က ခါးခါးသီးသီးငြင်းဆန်ပြီး ငယ်သံပါအောင် အော်တော့တာပဲ။ ဒါကြောင့် ဘေးအိမ်ကလူတွေ ရောက်လာပြီး ကျွန်တော့်ကိုဖမ်း ရဲစခန်းပို့တာပေါ့ဗျာ။ အဒေါ် ဒေါ်လှအေးကလည်းမရှိတော့ ကျွန်တော့်ဘက်က လိုက်မယ့်သူတစ်ယောက်မှမရှိဘူး။ ရဲစခန်းရောက်လို့ ညဘက်ရောက်မှ ကျွန်တော့်စက်လှေအဖွဲ့နဲ့အမေ ရောက်လာပါတယ်။ ငိုကြ ရယ်ကြပေါ့၊ ကျွန်တော်ကော့သောင်းဘက် ခရီးမထွက်မီ အမေ့ကိုကန်တော့သွားပေမဲ့ အပြန်မှာ အမေ့ကိုမေ့သွားမိတာ ကျွန်တော့်အပြစ်ပေါ့ဗျာ။ အနန္တောအနန္တငါးပါးကိုမေ့သွားတဲ့ ကျွန်တော် ခံပေဦးပေါ့"

နောက်တစ်နေ့မနက်မှာ အမျိုးသမီးတစ်ဦးကို ဣန္ဒြေဖျက်ဆီးမှုနဲ့ကျွန်တော့်ကို စွဲချက်တင်ပြီး ထားဝယ်ထောင်ကိုပို့ပါတယ်။ ရဲဆရာတွေလည်း ကျွန်တော့်ကိုသိနေတော့ ညှာတာကြပါတယ်။ လူကြီးချင်းသဘောတူထားပြီတာမို့ အမှုကပေါ့ပါတယ်။ တစ်ဖက်က ကျေအေးရင်တော့ ကွင်းလုံးကျွတ်လွတ်မယ်။ မကျေအေးရင်တော့ ကြိမ်ဒဏ်အနည်းဆုံးပဲလို့ သတိပေးကြပါတယ်။

ထောင်ရောက်တော့ ရဲစခန်းထက် ကျယ်ကျယ်ဝန်းဝန်းရှိပြီး အခန်းလူကြီးကလည်း ကျွန်တော်တို့ထားဝယ်၊ လောင်းလုံအရပ်သားဖြစ်တာမို့ ကျွန်တော့်ကိုကြည့်ပါတယ်။ သူ့နာမည်က ကျင်ဖြောင့်တဲ့။ သူလည်း စက်လှေမောင်းသမားပဲ။ စက်လှေပိုင်ရှင်နဲ့ စကားများပြီး

သူခုတ်၊ ကိုယ်ခုတ်၊ ဓားနဲ့ခုတ်ကြရာက တစ်ဖက်စက်လှေပိုင်ရှင် သေဆုံးပြီး သူက ဒဏ်ရာတွေနဲ့ထောင် (၁၀)နှစ်ကျတာ။ သူက ကျွန်တော့်ထက် အသက်ကြီးပါတယ်။ ဒါပေမဲ့ ထောင်အတွေ့အကြုံကလည်း လွတ်ခါနီးလို့ ရင့်နေပါပြီ။

"ညီလေး ... မင်းအမှုက ကြိမ်ဒဏ် (၂၅)ချက် သေချာတယ်"

"အောင်မယ်လေးဗျာ ... (၂၅)ချက်ကြီးများတောင်။ ဘယ်နေရာကိုရိုက်မှာလဲ ... အစ်ကိုရေ့"

"ကိုယ်တုံးလုံးချွတ်ပြီး တင်ပါးကိုရိုက်မှာ"

"ရှက်လည်း ရှက်စရာ၊ နာလည်း နာမှာပဲဗျာ။ နော် ... အစ်ကို"

"ယောကျ်ားတွေချည်းရှေ့မှာ ရိုက်မှာပါကွာ။ ရှက်စရာ မရှိပါဘူး။ မနာအောင်လည်း ငါနည်းလမ်းပေးပါ့မယ်"

"ကြိမ်နဲ့ရိုက်တာ နာမှာပေါ့ဗျ။ အစ်ကိုက ဘယ်လိုနည်းလမ်းပေးမှာလဲ ဟင်"

"သေချာမှတ်ထား ကြိမ်ရိုက်မယ့်သူက ငါတို့လောင်းလုံ တစ်ဖက်ကမ်း သရက်ချောင်းသားမောင်ဝိတ်တဲ့။ ထောင်မှူးကြီးတပည့်ရင်း။ မနက်ဖြန်မနက် ငါသူနေနေတဲ့ အိပ်ဆောင်အမှတ်(၃)ကိုသွားပြီး မင်းကိစ္စညှိထားပေးမယ်။ သူနဲ့တွေ့တာနဲ့ မင်းက လက်မနဲ့လက်ညှိုး ဝိုင်းပြီး လက်တစ်ချောင်းထောင်ပြ။ မင်းလုပ်ပြတာကို သူပဲတွေ့ပါစေ။ တခြားသူတွေ မမြင်စေနဲ့"

"အဲဒါ ဘာကိုပြောတာလဲအစ်ကို"

"ကြိမ်ရိုက်တဲ့အခါမှာ ထားဝယ်ကြိမ်လုံးကို လက်ငါးချောင်း





နဲ့ဆုပ်ကိုင်ပြီး လွှဲရိုက်ရတာမဟုတ်လား။ မင်းလက်ဝိုင်းပြတာက ပိုက်ဆံပေးမယ် လက်တစ်ချောင်းလျှော့ရိုက်ခိုင်းတာ။ လက်တစ်ချောင်းအားလျှော့ရိုက်တာနဲ့ အနာသက်သာတယ်။ နှစ်ချောင်းအားလျှော့ရိုက်ရင်တော့ အလွန်သက်သာတာပေါ့ကွာ"

"အစ်ကို ... ပိုက်ဆံက ဘယ်လောက်ပေးရမှာလဲ"

"လက်တစ်ချောင်းလျှော့ရိုက်ရင် တစ်ရာကျပ်၊ နှစ်ချောင်းလျှော့ရိုက်ရင် နှစ်ရာကျပ်။ လျှော့ရိုက်လို့မနာပေမဲ့ မင်းကအော်ရမယ်။ မေ့မြောသွားဟန် ဆောင်ရမယ်။ ဒါမှ သရုပ်ပါမှာ။ လူကြီးတွေရှေ့မှာ ရိုက်ရမှာဆိုတော့ ပထမအချက်ကတော့ အားပါပါ၊ ဟန်နဲ့မာန်နဲ့ရိုက်ရမှာ။ နောက်အချက်တွေကျတော့ မနာတော့ပါဘူး။ မောင်ဝိတ်က မနာအောင် စနစ်တကျ ရိုက်သွားလိမ့်မယ်"

"ပိုက်ဆံလည်း ပေးရသေး၊ ကြိမ်လည်း အရိုက်ခံရသေး။ မဟန်ဘူးဗျနော်"

"ဘာလို့မဟန်ရမှာလဲ ... ညီလေးရ။ ပိုက်ဆံပေးဖို့ ညှိမထားရင် မင်းတကယ်မေ့မြောသွားမှာ။ နောက်ပြီး ပန်းပါသေသွားနိုင်တယ်။ မောင်ဝိတ်တို့က လေ့ကျင့်ထားတာ။ ပိုက်ဆံမပေးရင် ရိုက်ပြီးသား အရိုးရာပေါ်ကို ထပ်ကျအောင် ရိုက်နိုင်အောင် သူ့လက်ကတိကျတယ်။ သွေးချေပြီး အသားကြေသွားတာပေါ့။ ဒါကြောင့် ပန်းသေနိုင်တယ်လို့ပြောတာ။ ပိုက်ဆံပေးပြီးညှိထားရင်တော့ မောင်ဝိတ်က ကြိမ်ဖျားကလေးနဲ့ ဒဏ်ရာတစ်ခုပေါ်တစ်ခုမထပ်အောင် စီစီရီရီလှလှပပ ရိုက်သွားလိမ့်မယ်။ ကြိမ်ရိုက်ခံပြီးရင်လည်း ကုန်းမထနဲ့။ နာလွန်းလို့ မေ့ချင်ဟန်ဆောင်နေ။ အကျဉ်းသားတွေလာတွဲပြီး ဘူးဝမှာ အဝတ်အစားလဲပေးလိမ့်မယ်။ ပြီးမှ မင်းအိမ်က လာကြိုတဲ့သူတွေကို လွှဲပေးလိမ့်မယ်။

အဲဒီမှာ ပိုက်ဆံကို အကျဉ်းသားတစ်ယောက်က တောင်းလိမ့်မယ်။ အဲဒါ မောင်စိတ်လှူပဲ။ ယုံယုံကြည်ကြည်သာ ပေးလိုက် … ကိစ္စပြတ်ကရော”

“ဟုတ်ကဲ့ … ပေးပါ့မယ်ဗျာ”

“ဒါနဲ့မင်းက ဘယ်နှစ်ချောင်းလဲ”

“နှစ်ချောင်းလျှော့ပါ … အစ်ကိုရာ”

“အဲဒါဆို နှစ်ရာပေါ့။ ပွဲခရှိသေးတယ်လေကွာ”

“ပွဲခက ဘယ်သူ့ကိုပေးရမှာလဲ”

“ငါ့ကိုလေ။ ထောင်ထဲမှာ အကြံအဖန်လုပ်တာ အကျိုးကျေးဇူး မရှိဘဲ မလုပ်ကြဘူး”

“ဘယ်လောက်ပေးရမှာလဲ အစ်ကို”

“မင်းက ငါနဲ့တစ်ရပ်တည်းသားဆိုတော့ ငွေမတောင်းပါဘူး ကွာ။ ဆေးလိပ် (၅၀)ပါ။ တစ်စည်းလောက်ဆိုရင် ရပါပြီ။ စတိပေါ့ကွာ။ ကုသိုလ်လည်း ရပါတယ်”

“ဟုတ်ကဲ့ပါ … အစ်ကို၊ ကျေးဇူးလည်းတင်ပါတယ်”

နောက်တစ်ရက်မှာ ကျွန်တော့်ကို တရားရုံးထုတ်ပါတယ်။ ကျွန်တော့်စက်လှေအဖွဲ့နဲ့ အမေလည်း လာပါတယ်။ ဒေါ်လှအေးနဲ့ မလှယဉ်တို့လည်း လာပါတယ်။ အမေက ကျေအေးပေးဖို့ အနူးအညွတ် ငိုယိုတောင်းပန်တော့ ဒေါ်လှအေးက လက်ခံပါတယ်။ သူမရှိလို့ဖြစ်ရတာပါ။ နှစ်ဖက်မိဘတွေကလည်း သဘောတူထားကြောင်း တရားရုံးမှာ ထွက်ဆိုပါတယ်။ ဒါပေမဲ့ မလှယဉ်ကလက်မခံပါဘူး။ ဒါကြောင့် တရားသူကြီးက ကျွန်တော့်ကို အမျိုးသမီးကာယိန္ဒြေဖျက်ဆီးမှုနဲ့ ကြိမ်ဒဏ် (၂၅)ချက်ရိုက်စေလို့ အပြစ်ဒဏ်မိန့် ချမှတ်စီရင်ပါတယ်။ အမေ့ခမျာ လူးလိမ့်ပြီး ငိုလိုက်တာမပြောပါနဲ့ဗျာ။ ဒေါ်လှအေးလည်း မျက်ရည်





ကျရှာပါတယ်။ သူ့သမီးကိုလည်း အမှုရုပ်သိမ်းပြီး ကျေအေးဖို့ ပြောရှာပါတယ်။ ဒါပေမဲ့ မလှယဉ်က ခေါင်းချည်းတွင်တွင်ခါပြီး မျက်ရည် တစ်စက်မကျ ငြင်းဆန်နေတော့တာပါပဲ။

ကျွန်တော်လည်း အမေ့ကို ကန်တော့အားပေးပြီး ထောင်ကို ပြန်ခဲ့ရတယ်။ အဲဒီခေတ်က ကြိမ်ဒဏ်ဆိုတာက နေ့ချင်းပြီးရိုက်ရတာပါ။ ကျွန်တော် စက်လှေအဖွဲ့နဲ့အမေကိုတော့ ညနေကြိမ်ရိုက်ခံပြီးတာနဲ့ လမ်းလျှောက်နိုင်မှာမဟုတ်လို့ မြင်းလှည်းနဲ့လာကြိုဖို့ ငွေလည်း (၃၀၀) လောက်ယူလာဖို့ မှာရတာပေါ့။ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးမလှယဉ်ကိုတော့ ကျွန်တော်အံကြိတ်ပြီး တစ်ချက်ကြည့်ခဲ့ပါသေးတယ်။ ဘယ့်နှယ်ဗျာ၊ တစ်နေ့ ကိုယ်ယူရမယ့်ယောကျ်ားတစ်ယောက်ကို မိန်းမဣန္ဒြေဖျက်ဆီးမှုနဲ့ တရားစွဲရတယ်လို့ အတိုင်းတိုင်းနေပြည်တော် ကြားလို့မှ မလျော်ဗျာ။

ကျွန်တော် ထားဝယ်ထောင်ပြန်ရောက်တော့ အခန်းလူကြီး ကိုကျင်ဖြောင့်က ကျွန်တော့်ကို ကြက်ဥအစိမ်းသုံးလုံးပေးတယ်။

“ညီလေး … မင်းခံနိုင်ရည်အားရှိအောင် အခုချက်ချင်း ကြက်ဥစိမ်းနှစ်လုံးကို ဖောက်သောက်လိုက်။ ကျန်တဲ့တစ်လုံးကို ဖောက်ပြီး အနှစ်အဝါကိုဖယ်။ အကာရည်နဲ့ မင်းတင်ပါးကိုလိမ်းရမယ်။ ဒါဟာ အသားမကြေအောင်နဲ့ ခံနိုင်ရည်ရှိအောင် လုပ်တဲ့နည်းပဲ။ ကဲ … ကဲ … သောက်လိုက်”

“အစ်ကိုရယ် … အစိမ်းကြီးဗျာ။ ရေနွေးစိမ်လို့မရဘူးလား”

“ဆေးဘက်ဝင်ပြီး လိုအပ်လို့ပြောနေတာ။ အစိမ်းပဲသောက်ရမယ်။ ငါ ဒီကြက်ဥတွေရအောင် မနည်းကြိုးစားရတာ”

“အစ်ကို … ဘယ်ကရတာလဲ”

"ထောင်ထဲမှာ ဘယ်ကရနိုင်မလဲကွ၊ မင်းကို ညီလေးလို့ချစ်လို့ ငါအကြံအဖန်လုပ်ပြီး နှိုးပေးရတာပေါ့။ အလုပ်ဘက်ဝင်းထဲမှာ ထောင်မှူးကြီးမွေးထားတဲ့ ကြက်တွေရှိတယ်။ အဲဒါ ကြက်ခြံကကောင်နဲ့ ပေါင်းပြီးနှိုးရတာပေါ့။ စီးကရက်တစ်ဘူးပေးရမယ်။ ငါတောင်မသောက်ရက်ဘူး။ အဲဒါမင်းအတွက်ပဲ။ အဲ ... ဒါပေမဲ့ မင်းကိစ္စပြီးလို့ ထောင်ပြင်ရောက်ရင်တော့ ငါ့အတွက်ဆေးလိပ်တင် မကဘူး။ စီးကရက်တစ်ဘူးပါ ဝယ်ပြီးပေးလိုက်ဦး"

"ဟုတ်ကဲ့ပါ ... အစ်ကို၊ ကျေးဇူးတင်ပါတယ်"

"ကဲ ... သောက်တော့ အချိန်မရှိဘူး။ ပြီးရင် တင်ပါးကို လိမ်းရဦးမယ်၊ မြန်မြန်လုပ်"

ကျွန်တော် ကြက်ဥစိမ်းနှစ်လုံးကိုဖောက်ပြီး မော့ရသည်။ စိမ်းရွှေရွှေ ညှီတီတီ။ လည်ချောင်းထဲရောက်သွားတော့ ဆိမ့်တိမ့်တိမ့်။ နှာခေါင်းထဲက ကြက်ဥအနံ့ပြန်ထွက်လာတော့ အန်ချင်လာသည်။ အခန်းလူကြီး ကိုကျင်ဖြောင့်က အသင့်ဆောင်ထားသော သံပရာသီးတစ်လုံးကိုခွဲ၍ ကျွန်တော့်ကို စုပ်နိုင်းပြန်သည်။ ပြီးနောက် ...

"ကဲ ... ညီလေး၊ မှောက်အိပ်လိုက်၊ ဆေးလိမ်းရမယ်"

ကျွန်တော် မှောက်အိပ်ပေးတော့ သူက ကျွန်တော့်လုံချည်ကိုအသာလှန်ပြီး တင်ပါးနေရာအနှံ့ သံပရာခွံဖြင့် ပွတ်ပေးသည်။ သံပရာရည်ခြောက်၍ အသားထဲဝင်သွားအောင် နာနာပွတ်ပေးသည်။

"ညီလေး ... ဒါက ပိုးသတ်တဲ့သဘောပဲ။ ထောင်ထဲမှာ စပရစ်(အရက်ပြန်) မရနိုင်တော့ သံပရာသီးနဲ့ပွတ်ရတာ"

ပြီးနောက် ကြက်ဥအစိမ်းကိုဖောက်၍ ခွက်ကလေးတစ်ခုထဲထည့်သည်။ အနှစ်ဝါဝါကို ဖွန်းကလေးဖြင့် ဖယ်ပြီးသူသောက်လိုက်





သည်။ ပြီးနောက် ကြက်ဥအကာများဖြင့် ကျွန်တော့်တင်ပါးအနှံ့ ခါးဆစ်ရိုးနားအထိ လိမ်းပေးတော့သည်။

"ညီလေး ... အစ်ကိုကမင်းကို လောင်းလုံသားချင်း၊ ဝက်လေ့သမားချင်း၊ ညီအစ်ကိုအရင်းလိုအောက်မေ့လို့ လုပ်ပေးတာ။ ကဲ ... ခဏမှောက်နေဦး။ အစ်ကို ယပ်ခတ်ပေးဦးမယ်။ ဒါမှ ကြက်ဥအကာတွေ မြန်မြန်ခြောက်မှာ"

တင်ပါးမှ ကြက်ဥအကာများမှာ ကော်သုတ်ထားသလို ကျွန်တော့်တင်ပါးတွင် ကပ်နေသည်။ နာရီဝက်ခန့်ကြာမှ ခြောက်သွားသည်နှင့် ...

"ကဲ ... ထတော့ ညီလေး။ လုံချည်ပြန်ဝတ်။ အပေါ့အပါးသွားပြီး ရေအဝသောက်ထား။ အချိန်နီးမှရေသောက်ရင် ပြန်အန်တတ်တယ်"

ကျွန်တော် အပေါ့အပါးသွားပြီးရေသောက်၍ နေရာတွင်ပြန်ထိုင်စဉ် ...

"တင်မောင်(ဘ)ဦးစံပြူး ကြိမ်ဒဏ်ရိုက်ခံဖို့လာ"

"ဟုတ်"

ကျွန်တော်ထလိုက်သွားရာ အခန်းလူကြီး ကိုကျင်ဖြောင့်က ကျွန်တော့်ပခုံးကို ဖက်၍အားပေးရင်း အခန်းဝအထိ လိုက်ပို့သည်။

"ညီလေး ... အားတင်းထား၊ ဘာမှမကြောက်နဲ့။ အစ်ကိုမှာတာတွေကိုလည်း မမေ့နဲ့။ မောင်ဝိတ်ကိုတွေ့ရင် လူကြီးတွေမမြင်အောင် လက်ဝိုင်းပြပြီး လက်နှစ်ချောင်းထောင်ပြဖို့ မမေ့နဲ့နော်"

"ဟုတ်ကဲ့ ... အစ်ကို"

ကျွန်တော့်အား ထောင်မှူးကြီးဘာယာက အလုပ်ဘက်ဝင်း

အနီး ကြိုးစင်ကြီးအနားသို့ ခေါ်သွားသည်။ ကြိုးစင်ကြီးအနီးတွင် ကြိမ်ရိုက်ခုံကြီးအား ချ၍ အသင့်ပြင်ဆင်ထားသည်။ ဆရာဝန်ဆေးမှူး၊ ထောင်ပိုင်ကြီး၊ ထောင်မှူးကြီးနှင့် ထောင်ဝန်ထမ်းများ၊ တရားရေးအဖွဲ့နှင့် ရဲစခန်းတာဝန်ရှိသူများက အသင့်စောင့်နေကြသည်။ ထောင်မှူးကြီး ဘာယာက ကျွန်တော့်ကို ကိုယ်တုံးလုံးချွတ်ပြီး ထောင်မှူးကြီးက မှတ်တမ်းစာအုပ်ကြီးဖြင့် တိုက်ဆိုင်စစ်ဆေးတော့သည်။

"နာမည် ... တင်မောင်"

"အဘနာမည် ... ဦးစံပြူး"

"အသက် ... ၂၇နှစ်"

"ဘာမှုဖြစ်သလဲ ... မိန်းမကာယခြေဖျက်ဆီးမှု"

"အပြစ်ဒဏ် ... ကြိမ်ဒဏ် (၂၅)ချက်"

ပြီးနောက် ... ကျွန်တော့်ခန္ဓာကိုယ်ပေါ်မှ အမှတ်အသားများကို ရှာတော့သည်။

ထောင်မှူးကြီးက ။ "ယာနားထင် မှဲ့နက်(၁)"

"ရှိ"

ဘာယာက လက်နှင့်ထောက်ပြသည်။

"ဝဲမေးစေ့ မှဲ့နက်(၁)

"ရှိ"

"ယာပါးပြင် မှဲ့နက်(၁)

"ရှိ"

အမှတ်အသား လွဲမှားစေရန် စစ်ဆေးပြီးသည်နှင့် ကျွန်တော့်အား ကြိမ်ရိုက်ခုံပေါ်တွင် မှောက်ခိုင်းသည်။ ကြိမ်ရိုက်ခုံမှာ ခွေးခြေခုံနှင့်တူသည်။ ကျွန်တော် ခွေးခြေခုံအစွန်းတွင်မှောက်ပေးစဉ် ကျွန်တော်





၏ခြေနှစ်ဖက်အား ခွေးခြေခုံ ခြေထောက်နှစ်ဖက်ဖြင့်ပူး၍ ကြိုးချည်သည်။ ခွေးခြေခုံခြေထောက်တွင် ကြိုးချည်ရန် သစ်သားဘုကြီးနှစ်လုံးလုပ်ထားသည်။ ထို့အတူ လက်နှစ်ဖက်ကို ဆန့်တန်းပြီးခွေးခြေခုံ အလယ်တွင်ရိုက်ထားသော သစ်သားဘုကြီးနှစ်လုံးဖြင့် လက်ကောက်ဝတ်ကိုတွဲ၍ ကြိုးချည်ပြန်သည်။ ပြီးသည်နှင့် ဆေးမှူးက ဆေးဝါရည်စိမ်ထားသော ပိတ်စိမ်းပါးစဖြင့် တင်ပါးအနှံ့ ကပ်ပေးသည်။ ထိုစဉ် ကျွန်တော်က လက်ဝဲဘက်လက်ညှိုးနှင့်လက်မကိုဝိုင်းပြပြီး လက်နှစ်ချောင်းထောင်ပြလိုက်သည်။ ကြိမ်ရိုက်မည့်မောင်ဝိတ်ကလည်း မသိမသာခေါင်းညိတ်ပြသည်ကို ကျွန်တော်ခေါင်းအသာငဲ့အကြည့်တွင် မြင်လိုက်ရသည်။ လူကြီးများနှင့်ပရိသတ်က ဆေးမှူးလုပ်နေသည်ကိုသာ ကြည့်နေကြ၍ မြင်လိုက်ဟန်မတူပါ။

မောင်ဝိတ်ကိုင်သော ထားဝယ်ကြိမ်မှာ လက်ညှိုးခန့်တုတ်ပြီး ၅ ပေခန့်ရှည်ပါသည်။ အလုံးစုံပြင်ဆင်ပြီးသည်နှင့် ထောင်မှူးကြီးက 'အသင့်'ဟုအော်သည်။ ထောင်ပိုင်ကြီးက ခေါင်းညိတ်ပြသည်။ မောင်ဝိတ်က ထားဝယ်ကြိမ်ကိုလွှဲ၍ တရွှမ်းရွှမ်း ဟန်ရေးပြသည်။ ထိုစဉ် ထောင်မှူးကြီးက 'ရိုက်'ဟု အမိန့်ပေးသည်။ ပထမဆုံး 'ဖြန်း'ခနဲကျလာသည့်ကြိမ်ရိုက်ချက်မှာ ကျွန်တော်၏ အသည်းနှလုံးထိအောင် စူးဝင်နာကျင်သွားရသဖြင့် ကျွန်တော် 'အား'ခနဲ အသံကုန်အော်မိသည်။ ထောင်မှူးကြီးက 'တစ်'ဟုအော်သည်။ နောက်ပိုင်းကြိမ်ရိုက်ချက်များကို အစီအရီ ရိုက်သွားသော်လည်း သိပ်နာကျင်ခြင်း မရှိတော့ပါ။ သို့သော်လည်း ကျွန်တော်က မာန်ပါပါ အော်ရပါသည်။

"အား ... အား ... အား ... အောင်မယ်လေး၊ဗျ"

ဆယ်ချက်ခန့်ရိုက်အပြီး ကျွန်တော် မေ့ချင်ဟန်ဆောင်လိုက်

တော့သည်။ ကြိမ်ရိုက်သံတရွှမ်းရွှမ်းဖြင့် ထောင်မှူးကြီး၏ ရေတွက်သံများကိုတော့ ကျွန်တော်ကြားနေရသည်။ နောက်ဆုံးအချက် ကြိမ်ရိုက်အပြီးတွင် ထောင်မှူးကြီးက ...

"နှစ်ဆယ်ငါး ရပ်"

ကျွန်တော့်အား ကြိုးများဖြေပေးပြီး ဆေးမှူးနှင့်ဆရာဝန်က ပြုစုသည်။ ထိုစဉ် ထောင်ပိုင်ကြီး၏မှတ်ချက်ချသံကို ကြားရသည်။

"ဒီလောက်ယောက်ျားပီသပြီး ခန့်ညားတဲ့ကောင်ကို ဟိုမိန်းမကမကြိုက်တာ အံ့ဩစရာပဲ"

အမှုဖြစ်စဉ်ကို အကုန်သိနေသော ရဲအရာရှိကလည်း ...

"ဟုတ်ပါတယ် ... ထောင်ပိုင်ကြီး အံ့ဩစရာပါပဲ။ ဖူးစာမဆုံချင်လို့ထင်ပါရဲ့"

ကျွန်တော့်အား အပြင်ဘုတ်၊ အကျဉ်းသားများက ဘူးတံခါးဝသို့တွဲထုတ်စဉ် ကျွန်တော်လည်း သတိရလာဟန်ဖြင့် ပတ်ဝန်းကျင်ကို ကြည့်သည်။ ကြိမ်သမားမောင်ဝိတ်က မျက်စိတစ်ဖက် မှိတ်ပြသည်။ ကျွန်တော်ကလည်း မသိမသာ ခေါင်းညိတ်ပြလိုက်ပါသည်။ ထောင်ပြင်ရောက်တော့ ထောင်ဘူးဝရှေ့သရက်ပင်အောက်တွင် ကျွန်တော်၏အမေနှင့် စက်လှေသမားများအပြင် မလှယဉ်အမေ ဒေါ်လှအေးနှင့် မြင်းလှည်းနှစ်စီးက အသင့်စောင့်ကြိုနေသည်။

အမေက ငိုသံပါနှင့် "သားရေ ... အတော်နာနေသလားဟင်။ အမေမြင်းလှည်းပေါ်မှာ မွေ့ရာပါတင်လာပါတယ်။ အသာမှောက်အိပ်လိုက်နော်"

"ဟုတ်ကဲ့ ... အမေ ရပါတယ်၊ သား သိပ်မနာပါဘူး"

ထိုစဉ် ရဲဘက်တစ်ဦးက ...





'အစ်ကို ... အစ်ကို ... ကျွန်တော် မောင်ချိုပါ။ ကိုဝိတ်နဲ့ အခန်းလူကြီးအတွက်လေ"

"အေး ... အေး ... ငါသတိရပါတယ်။ ပစ္စည်းဝယ်မပေးတော့ဘူး။ ပိုက်ဆံပဲယူသွားတော့။ အမေ ရဲဘက်မောင်ညိုကို ကျွန်တော်မှာထားတဲ့ငွေ (၃၀၀) ပေးလိုက်ပါ"

အမေ အတွင်းချွေးခံအိတ်ထဲမှ ပိုက်ဆံနှိုက်နေစဉ် မလှယဉ်အမေ ဒေါ်လှအေးက နေ ... နေ ... ကျွန်မမှာ အဆင်သင့်ရှိတယ်။ ရော့ ... ရော့ ... ကလေး ... ဒီမှာ ... ဒီမှာ"

"ကိုညိုရယ် ... ကိုဝိတ်နဲ့ အခန်းလူကြီး ကိုကျင်ဖြောင့်ကို ပြောပေးပါနော်။ ကျေးဇူးတင်ပါတယ်လို့။ ကျွန်တော် ထောင်ဝင်စာလည်း လာတွေ့ပါဦးမယ်လို့နော်"

"ဟုတ်ကဲ့ ... အစ်ကို"

ကျွန်တော်တို့ မြင်းလှည်းထွက်လာတော့ ပထမ မြင်းလှည်းပေါ်တွင် ကျွန်တော်က မွေ့ရာပေါ်တွင်မှောက်လျက် ဘေးတစ်ဖက်တစ်ချက်တွင် အမေနှင့်ဒေါ်လှအေးက ထိုင်ကြသည်။ နောက်က ဒုတိယမြင်းလှည်းပေါ်တွင်မတော့ စက်လှေအဖွဲ့သားများ ဖြစ်ကြသည်။ လမ်းတွင် ဒေါ်လှအေးက ...

"သား ... မောင်တင်မောင်ရေ မင်းညီမက စိတ်ကြီးတယ်ကွယ့်။ သူ့ကို ခွင့်လွှတ်ပါ။ သူလည်း နောင်တရပြီး ခံစားရမှာပါ။ မင်းလည်း စက်လှေကိုပြန်ဦးစီးပါ။ နားနားနေနေအနားယူပြီး ဒဏ်ရာပျောက်ရင်တော့ ရန်ကုန်ကိုတက်ဦးမှ ဖြစ်မယ်ထင်တယ်။ စက်လှေပေါ်မှာ ကုန်တွေနဲ့ငါးအစိုတွေ ရှိနေတယ်လေ"

"ဟုတ်ကဲ့ပါ ... အဒေါ်။ ကျွန်တော် အမြန်ဆုံးသွားနိုင်အောင်

ကြိုးစားပါ့မယ်။ ငါးတွေက ရေခဲရိုက်ထားတော့ နောက်တစ်ပတ်လောက် ရပါသေးတယ်"

အမေကတော့ တစ်စုံတစ်ရာပြောချင်ဟန်တူပါသည်။ နှုတ်က တရွရွပြင်နေသော်လည်း စကားသံတော့ ထွက်ပေါ်မလာပါ။ အလုပ်ရှင်ကို အလုပ်သမားအမေက အတွန့်တက်ဝံ့ဟန်မတူပါ။ မြို့လယ်ဈေး ဒေါ်လှအေးတို့အိမ်ရှေ့ရောက်သော်လည်း ဒေါ်လှအေးကမဆင်းပါ။ ကျွန်တော်တို့နေသော လောင်းလုံ့ရပ်ကွက်အိမ်အထိလိုက်ပို့ပြီး အိမ်ရောက်မှ ဆေးဖိုးဝါးခ ငွေ(၁၀၀၀)ကျပ်ပေးပြီး နှုတ်ဆက်၍ မြင်းလှည်းဖြင့် ပြန်သွားသည်။ စက်လှေသမားများက အသင့်ဖော်စပ်၍ ဆောင်ထားသောလိမ်းဆေးဖြင့် လိမ်းပေးကြသည်။ အမေက ကျွန်တော့်အား ခွေးတောက်ရွက်နှင့် ကြက်သားဟင်းရည်အား သောက်ခိုင်းပြီးနောက် အုန်းစိမ်းရည်အား တိုက်ပြန်သည်။ အနာဒဏ်ကြေရန်အတွက် ဖြစ်ပါသည်။

အမေ့ဆေးလည်း စွမ်းပါသည်။ အခန်းလူကြီး ကိုကျင်ဖြောင့်နှင့် ကြိမ်သမားမောင်ဝိတ်တို့၏ အကူအညီလည်း ပါပေလိမ့်မည်။ နောက်တစ်နေ့မနက်တွင် ကျွန်တော့်တင်ပါး ချ၍ထိုင်နိုင်သည်။ ကြိမ်ဒဏ်ရာမှာမရောင်ပါ။ အသားမကြေပါ။ စပ်ဖျဉ်းဖျဉ်းတော့ ဖြစ်နေသေးသည်။ အမေက မနက်စာအဖြစ် ကြက်သား ခွေးတောက်ရွက်စွပ်ပြုတ်ကို တိုက်ပြန်သည်။

"သား ... သက်သာတယ် မဟုတ်လား။ ဒီစွပ်ပြုတ်ကို များများသောက်ကွယ့်။ ဆီးလည်းရွှင်တယ်။ ခွေးတောက်ရွက်က ဒဏ်ကြေတယ်။ ကြက်သားက အနာအပျောက်မြန်တယ်။ သားကိုလိမ်းပေးတဲ့ဆေးကလည်း ရွာလယ်က ဆရာထယ်ပေးတဲ့ဆေးကွယ့်။ မြင်းချေးနဲ့ သက်ရင်းကြီးရွက်ကြိတ်ပြီး အုံပေးထားတာ။ တစ်ရက်နှစ်ရက်ဆိုရင်





ပျောက်ပါပြီကွယ်"

"သက်သာပါတယ် အမေ။ တစ်ရက်နှစ်ရက်ဆိုရင် ပျောက်မှာပါ။ ဒါပေမဲ့ အတွင်းဒဏ်ရာကတော့ ပျောက်မယ်မထင်ဘူး အမေရယ်"

"အတွင်းကြေဒဏ်ရာလည်း ပျောက်ပါတယ်ကွယ့်။ စားဆေး လိမ်းဆေးတွေက စွမ်းပါတယ်"

"အတွင်းဒဏ်ရာဆိုတာက ကျွန်တော့်ရင်ထဲမှာ ခံစားရတာကို ပြောတာပါအမေ။ မလှယဉ် အတော်ဆိုးတယ်နော်"

"ဒါတွေကို မေ့ထားပါ သားရယ်။ သူလည်း တမြည့်မြည့် ခံစားရမှာပါပဲ။ သားကိုထောင်ပို့တဲ့ညက မလှယဉ်လည်း ထမင်းမစား၊ ဟင်းမစားနဲ့ တစ်ညလုံးမအိပ်ဘူးလို့ သူ့အမေကပြောပါတယ်။ လူပဲကွယ် စိတ်ဆိုးတုန်းခဏပေါ့။ တဖြည်းဖြည်း သူလည်းဆင်ခြင်တုံတရားကို နားလည်လာပါလိမ့်မယ်။ သားကသာ မလှယဉ်အပေါ်မှာ မေတ္တာထားပြီး သည်းခံခွင့်လွှတ်လိုက်ပါကွယ်"

တစ်ဖက်သားအပေါ် မေတ္တာတရားကြီးမားလှသောအမေ့ကို ကျွန်တော် ဦးသုံးကြိမ်ချရှိခိုးလိုက်ပြီး ...

"သား ... မလှယဉ်ကို ခွင့်လွှတ်ပါတယ် အမေရယ်"

"အေးကွယ် ... သာဓုပါ၊ သာဓုပါ၊ သာဓုပါသားရယ်"

[ ၅ ]

❑

နှစ်ရက်၊ သုံးရက်ကြာတော့ ကျွန်တော့်ဓာတ်ရာပျောက်ကင်းပြီး ရန်ကုန်သို့ စက်လှေထွက်ရန် ပြင်ဆင်ရပြန်သည်။ စက်လှေသမားများက ကျွန်တော့်ကို အလွန်အံ့သြနေကြသည်။ အနားယူပြီး (၅)ရက်မြောက်နေ့တွင် ကျွန်တော်တို့စက်လှေကြီး ရန်ကုန်သို့စထွက်သည်။ စက်လှေထွက်ကြောင်း ကျွန်တော်ကိုယ်တိုင် မလှယဉ်တို့ထံ မသွားတော့ဘဲ စက်ပြင်မောင်ပုနှင့် သတင်းပို့နိုင်းပြီး စက်လှေထွက်ခဲ့ခြင်း ဖြစ်သည်။ တစ်လမ်းလုံး ရာသီဥတုကသာယာနေသဖြင့် ခရီးအတော်ပေါက်သည်။ ဤတစ်ခေါက်တော့ မော်လမြိုင်ကိုမဝင်တော့ ရန်ကုန်ကိုတန်းထွက်ခဲ့သည်။ တစ်လမ်းလုံးလည်း ကျွန်တော်ကံနိမ့်နေသဖြင့် ဘာသာရေး





နှင့်ပတ်သက်သော အလုပ်တစ်ခုကိုလုပ်ရန် ကြံရွယ်နေမိသည်။ သို့သော် ကျွန်တော်က ဘာသာရေးနှင့်ပတ်သက်၍ ထဲထဲဝင်ဝင် မလုပ်တတ်။ ဘုရားရှိခိုး၊ ပုတီးစိပ်ခြင်း အမှုလောက်သာ ပြုတတ်သည်။ ကျွန်တော်လုပ်လိုသည်မှာ တရားထိုင်ခြင်းဖြစ်သည်။ သို့သော် မည်သည့် ကစ၍ လုပ်ရမှန်းမသိ။ အားကိုးရာရှာရပေဦးမည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သော်လည်း ငယ်စဉ်ကပင် ကြိုးစားရုန်းကန်ရခဲ့ရသဖြင့် ဘာသာရေးနှင့် အလှမ်းဝေးခဲ့ခြင်း ဖြစ်သည်။ ခလုတ်ထိမှ အမိတဆိုသောစကားပုံမှာ မှန်လှပေစွ။

ရန်ကုန်ကိုရောက်တော့ ငါးစိုများအား ကီလီဈေး ငါးဒိုင်တွင် သွင်းပြီးသည်နှင့် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်များအား သက်ဆိုင်ရာဈေးအသီးသီးမှ ဖောက်သည်များအား သွင်းသည်။ ပြီးသည်နှင့် ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်တို့ကို ဝယ်ရသည်။ ကုန်ဝယ်နေချိန်၊ စုဆောင်းနေစဉ်အတွင်း ကျွန်တော် စက်လှေကုန်စာရေးမြင့်ကျော်နှင့်လွှဲပြီး ရွှေတိဂုံဘုရားသို့ တက်သည်။ ကျွန်တော့်မွေးနံ့ စနေထောင့်တွင် အမွှေးတိုင်၊ ပယောင်းတိုင်ဖြင့်ပူဇော်ပြီး ရေသက်စေ့လျှသည်။ ပြီးသည်နှင့် အောင်မြေနင်းပြီး လက်ယာရစ်ပတ်၍ ဘုရားအားပူဇော်ပြီး သာယာဝတီမင်းခေါင်းလောင်းတော် တန်ဆောင်းတွင် ထိုင်၍ ရွှေတိဂုံဘုရားကြီးအား ကြည်ညိုနေမိစဉ် တန်ဆောင်းအတွင်းမှလူတစ်စု၏ တရားဘာဝနာ ဆွေးနွေးနေသံကိုကြားရသဖြင့် နားစွင့်မိသည်။

"ဝိပဿနာဆိုတာ သတိကပ်ပါနေရတဲ့ ဘာဝနာအမျိုးအစားဖြစ်တယ်။ ပစ္စုပ္ပန်မှာနေတတ်ဖို့ သင်ကြားပေးတာ၊ ရုပ်နဲ့နာမ်မှာ ဖြစ်ပျက်နေတတ်တဲ့ အရာတိုင်းပေါ်မှာ သတိကလေးကပ်နေတတ်ဖို့ သင်ကြားပေးတာ၊ ပစ္စုပ္ပန်အခိုက်အတန့် ကာလကလေးကိုပဲ အမိကထားရတာ

ပါ။ ဆိုလိုတာက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ အာရုံဝင်ပေါက်ဖြစ်တဲ့ တံခါးခြောက်ပေါက်ကနေ တစ်ဆင့်ဝင်လာတတ်တဲ့ အရာရာတိုင်းကို ဝိပဿနာဘာဝနာရဲ့ အာရုံအနေနဲ့ သတိရှိရှိကလေး ဂရုပြုစောင့်ကြည့်မှတ်နေရမယ်။ မြင်တယ်၊ ကြားတယ်၊ ထိတယ်၊ သိတယ် အစရှိတဲ့ အာရုံတွေကို စိတ်ထဲကမှတ်နေခြင်း၊ သတိထား စောင့်ကြည့်မှတ်နေခြင်းဟာ ဝိပဿနာတရားအားထုတ်နေခြင်းပဲ ဖြစ်တယ်။ နာမ်နဲ့ရုပ် ပကတိသဘောတရားတွေကို ရှုမြင်ဆင်ခြင်ခြင်းဟာ ဝိပဿနာအလုပ်ပဲ။ လုပ်ရင်းကိုင်ရင်း စိတ်တည်ငြိမ်မှုရပြီး အဆင့်မြင့်လာလိမ့်မယ်''

ကျွန်တော်လည်း စိတ်ဝင်စားသဖြင့် ထိုလူစုရှိရာအနီးသို့ သွားထိုင်မိပါသည်။ ခေါင်းရင်းတွင် ထိုင်၍ ဦးဆောင်ဆွေးနွေးပေးနေသူ ယောဂီကြီးက ...

''လူကလေးက ဘာမေးချင်လို့လဲကွယ့်၊ မေးပါ''

ကျွန်တဲ့လူသုံးလေးဦးက ကျွန်တော့်အား လှည့်ကြည့်ကြသည်။

''ဝိပဿနာဆိုတာ ဘာကိုဆိုလိုတာလဲ သိချင်လို့ပါ ... အဘရယ်''

''အေး ... အေး ... ဟုတ်ပြီ၊ လူကလေးက ဘာသာရေးနဲ့ ဝေးနေတယ်ထင်ပဲ့။ ဝိပဿနာဆိုတဲ့ စကားလုံးဟာ ဝိနဲ့ပဿနာဆိုတဲ့ စကားနှစ်လုံးပေါင်းစပ်ထားခြင်းပဲ။ ဝိဆိုတာက နည်းလမ်းအသီးသီးလို့ အဓိပ္ပာယ်ထွက်တယ်။ ပဿနာဆိုတာက မြင်ခြင်း၊ ကြည့်ရှုခြင်း၊ ဆင်ခြင်ခြင်းလို့အဓိပ္ပာယ်ရတယ်။ ပေါင်းလိုက်ရင်တော့ နည်းလမ်းအမျိုးမျိုးနဲ့ ကြည့်ရှုခြင်းလို့ အဓိပ္ပာယ်ရတယ်''

''ဝိပဿနာဘာဝနာဟာ ကျွန်တော့်ကို ဘာတွေလုပ်ပေးနိုင်ပါ





သလဲအဘ''

''ဝိပဿနာရဲ့အန္တိမပန်းတိုင်ကတော့ လူကလေးရဲ့ စိတ်ထဲမှာရှိတဲ့ စိတ်အညစ်အကြေးတွေကို လုံးဝရှင်းထုတ်ပေးနိုင်ခြင်းပဲ ဖြစ်တယ်။ စိတ်တည်ငြိမ်၊ ငြိမ်းချမ်းခြင်း၊ မိမိဆီဝင်လာတဲ့ အဆိုးအကောင်းတရားတွေကို ပကတိအတိုင်း လက်ခံနိုင်ခြင်းဆိုတဲ့ အကျိုးတရားတွေကို ရရှိနိုင်ပါတယ်။ အရာဝတ္ထုတိုင်းရဲ့ အပြင်ပန်းပုံစံမဟုတ်ဘဲ သူတို့ရဲ့ အရှိကို ပကတိအတိုင်းမြင်နိုင်စေဖို့ ဝိပဿနာတရားက လူကလေးကို အကူအညီပေးနိုင်ပါတယ်။ နာမ်နဲ့ရုပ်တို့ရဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောတရားတို့ ဝိပဿနာတရားအားထုတ်ခြင်းနည်းလမ်းနဲ့ လူကလေးသိမြင်လာပါလိမ့်မယ်။ အဆိုးတရားအားလုံးကို အကောင်းဘက်လှည့်ပြီးလည်း မြင်လာပါလိမ့်မယ်''

ကျွန်တော်လည်း အလွန်စိတ်ဝင်စားသဖြင့် အဘယောဂီကြီးအား တရားထိုင်နည်းကိုမေးမြန်းပြီး စက်လှေပေါ်ရောက်သည်နှင့် အခန်းထဲ၌ စတင်ကျင့်ကြံတော့သည်။ တရားထူးမရသေးသော်လည်း ကျွန်တော် အလွန်စိတ်ချမ်းသာမိသည်။ နာမ်နှင့်ရုပ်ကိုရှုတော့ ဘာမျှမရှိ။ အဖြူထည်ပင်။ အားလုံးဟာ နတ္ထိ၊ အမြဲမရှိ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားများကို ဆင်ခြင်လာမိသည်။ ထို့ကြောင့် ကျွန်တော့်တွင် လောဘ၊ ဒေါသ၊ မောဟစိတ်များလည်းမရှိတော့ အားလုံးကို မေတ္တာထား၍ ခွင့်လွှတ်လာနိုင်သည်။

ကျွန်တော်တို့စက်လှေကြီး ထားဝယ်ပြန်ရောက်တော့ ဆိပ်ကမ်းကပ်သည်နှင့် အမေ့အပြင် မလှယဉ်တို့သားအမိပါ လာကြိုနေသည်။ မေတ္တာတရား၏ စူးရှလေးနက်မှုကို ကျွန်တော် အလွန်အံ့ဩမိသည်။

''အစ်ကို ... နေကောင်းရဲ့နော်၊ အစ်ကိုတို့ပြန်ရောက်မယ့်

နေ့ကိုမှန်းပြီး ညီမတို့လာကြိုနေတာ။ ညီမကို ခွင့်လွှတ်ပါနော်။ ညီမ ရှိုင်းပျမိပါတယ်။ အစ်ကိုနဲ့ညီမတို့ရဲ့ မင်္ဂလာကိစ္စကိုလည်း အစ်ကိုပြန် ရောက်တာနဲ့ အမြန်ဆုံးလုပ်ဖို့ စီစဉ်ပြီးပါပြီ။ မင်္ဂလာကိစ္စပြီးတာနဲ့ ညီမ လည်းအစ်ကိုနဲ့အတူ ကော့သောင်းဘက်ကို မောင်းမကာနံစက်လှေကြီး နဲ့ ဟန်းနီးမွန်းခရီးထွက်မယ်လေ ... နော် အစ်ကို''

''အေးပါ ... ညီမရယ်၊ အစ်ကိုခွင့်လွှတ်ပါတယ်''

ကျွန်တော့်စက်လှေအဖွဲ့က လက်ခုပ်တီး၍ သြဘာပေးပြီး ချီးမြှောက်ကြသည်။ မေတ္တာတရား၏အစွမ်း။ ဝိပဿနာဘာဝနာတရား ၏ အကျိုးကျေးဇူးက အံ့မခန်းဆန်းကြယ်လှပေသည်။ ကျွန်တော် အမေ့ မျက်နှာကိုကြည့်မိတော့ ကျေနပ်ခြင်းများစွာ ပြုံးနေသည်ကို မြင်ရသည်။

❁ ❁ ❁

ထောင်မှူးကြီးသိန်းဝင်း



## [ ၁ ]

❑

"ဟော ... ပရော်ဖက်ဆာကြီးလာပြီဟေ့"

"ပရော်ဖက်ဆာကြီး ... နေကောင်းလား။ မတွေ့ရတာ ကြာပြီနော်"

"မေးစရာတွေ အများကြီးစုထားပြီးစောင့်နေကြတာ ... ပရော်ဖက်ဆာကြီးရေ။ ကိုင်း ... ကြိုက်တာသာမှာစား။ စားပြီးရင်တော့ အားရပါးရ ဖျူးလိုက်ကြရအောင်။ အဲ ... အချိန်တော့ရရဲ့မဟုတ်လား ပရော်ဖက်ဆာကြီး"

တိတ်တိတ်ကလေး ငြိမ်နေခဲ့သည့် 'မျက်ပွင့်'က ချက်ချင်းပင် လှုပ်လှုပ်ရွရွ ဖြစ်သွားရသည်။





ဆိုင်ကလေး 'မျက်ပွင့်'၏ ဣန္ဒြေရရ တည်ကြည်ငြိမ်သက်နေမှုကို ဂနာမငြိမ်ဖြစ်လေအောင် 'ဖွ'လိုက်သည့် သကောင့်သားကား ဘေးခုံကလေးမှ စားပွဲဝိုင်းအလွတ်၌ ဒိုင်းခနဲပစ်၍ ထိုင်လာသည်။ သူနှင့်အတူ တိုးလိုးတွဲလောင်းပါလာသည့် ပစ္စည်းပစ္စယ ဝန်စည်စလယ် အထုပ်အပိုးတွေကိုလည်း မြတ်နိုးတနာ တယုတယ ဖြုတ်၍ဖြုတ်၍ တင်နေလိုက်သေး၏။

"ခွားနို့ ... မလိုင်များများတစ်ခွက်။ နံပြားထောပတ်သုတ်တစ်ပွဲ။ ရေနွေးကြမ်းကျကျခါးခါး တစ်အိုး"

"ထုံးစံအတိုင်းဆိုလည်း ပြီးတာပါပဲ ပရော်ဖက်ဆာကြီးရယ်"

ဆိုင်ကလေး 'မျက်ပွင့်'နှင့် သူ့ဝေနေယျတွေက အရှုယားဖားယား အယ်လဲရှောက်ဂျက်ဖြစ်နေကြသည့် ပုဂ္ဂိုလ်အကောင်းစားကြီး၏ အသံတော်ပြာအက်အက်ကို ပထမဆုံးကြားဖူးရခြင်းဖြစ်၏။ ဝန်းကျင်ဘေးဘီကိုလည်း အမှုမထား။ သူ့အတွေး၊ သူ့အာရုံ၊ သူ့အာဃာတတွေနှင့်သာနပန်းလုံးရင်း ချာလပတ်ယမ်းနေမည့်သူမှန်း မပြောလည်းသိသာလှ၏။ သူ့ကိုခင်သူမင်သူတွေက နှစ်လိုအားကြေကြိုကြိုဆိုဆို ပဋိသန္ထာရပြုနေကြသလောက် ကိုယ်တော်မြတ်ကမူ အနေတည်၊ နှုတ်စလျှာစနည်းလှဘိ။

အူထဲက ယားလာ၏။

ထိုသည့်ပုဂ္ဂိုလ်၏ ဒိဋ္ဌမွေစတိုင်နှင့်'ပရော်ဖက်ဆာကြီး'ဟူသည့်ရောနှစ္ပမအာပ်မရာ ဂုဏ်ပုဒ်အကြီးစားကြီးက မျက်စိရှုး၊ အာရုံနောက်ချင့်စရာ။ ဆိုင်ကလေး 'မျက်ပွင့်'ကလည်း သူ့အပေါ် ပရောပရည်ရှိလွန်းလှသလိုလိုဖြစ်နေလေရာ 'သူကား ... မည်သူနည်း'ဟု သိချင်ဇေ့ချင်စိတ်တွေက ရုတ်တရက်ကြီး ဒီရေတက်သလို ဆောင့်၍တက်လာ

တော့၏။

"သူ့နာမည်က ... ကံကြီးမောင်တဲ့ဗျ။ အဲ ... သူ့ကိုယ်သူတော့ 'ပရော်ဖက်ဆာ'လို့ခေါ်တယ်။ သူများတကာကလည်း သူ့ကို 'ပရော်ဖက်ဆာကြီး'လို့ခေါ်မှ ကြိုက်တယ်။ အဲဒီလိုပဲ အမြဲတမ်းဆေးတံကြီးခဲပြီး ဘောင်းဘီရှည်နဲ့၊ ကုတ်အင်္ကျီနဲ့၊ နက်ကတိုင်နဲ့၊ ဦးထုပ်နဲ့ သပ်သပ်ရပ်ရပ် ဝတ်ဝတ်စားစား နေတတ်တဲ့သူရယ်။ အင်္ဂလိပ်စကားကိုလည်း ကောင်းကောင်းမွန်မွန်ပြောတတ်၊ ရေးတတ်တယ်။ အသက်ကတော့ လေးဆယ်ကျော် ငါးဆယ်တွင်းလောက် ရှိထင်ပါရဲ့"

ကိုဘကျော်နှင့် သူသိထားသမျှ 'ပရော်ဖက်ဆာကြီး ကံကြီးမောင်'၏ ဇာတ်ပွတ်ကို ပြောပြနေသည်။

ကိုယ်ခန္ဓာမှာ မပိန်မဝဖြစ်၏။ အရပ်ရှည်သည်။ မျက်နှာထားကတည်တည်။ သို့သော်လည်း မသိမသာပြုံးရိပ်ကလေး လွှမ်းချင်သည်။ သူနှင့်ရင်းရင်းနှီးနှီးရှိသူတွေအပေါ်တော့ ဖော်ဖော်ရွေရွေရှိသား။

"နေပါဦးဗျ ... သူက ဘာလုပ်စားသတဲ့လဲ။ သူ့ကြည့်ရတာတော့ သူ့ဟာနဲ့သူ စမတ်ကိုကျမ်းနေတာပဲ"

"သူပြောတယ် မဟုတ်လား။ 'ပရော်ဖက်ဆာကြီး'ပါဆိုနေမှ ကျောင်းသားတွေကိုစာသင်၊ သုတေသနကျမ်းတွေ ပြုစုနေမှာပေါ့ ... ဟုတ်ဘူးလား။ သူ့အပြောအရတော့ 'စိတ်ပညာကျမ်းတွေနဲ့ စိတ္တဇဆေးပညာကျမ်း'တွေကို ပြုစုနေသတဲ့ဗျာ"

"ဟာ ... ခင်ဗျားကလည်း တစ်မျိုး"

"ဟုတ်တယ်လေဗျာ ... ခင်ဗျားသိချင်ရင် ခဏကလေး စောင့်နားထောင်ကြည့်လိုက်စမ်းပါလား။ သူဟာ ဘယ်လိုဘယ်လို ပရော်ဖက်ဆာကြီးလဲဆိုတာ လက်တွေ့လက်ငင်း သိသွားရမှာပေါ့"





"အင်း ..."

ကြည့်ရပုံအရ သူက အိန္ဒိယနွယ်ဖွား ကုလားအမျိုးသားဖြစ်ဖို့များသည်။ သူ့အသားက တော်တော်ကလေးမည်း၏။ အဲ 'တော်တော်အသားမည်းတဲ့ကုလား' ဟုပင် အမနာပ ပြောမည်ဆိုပြော၍ ရနိုင်သေး၏။ သပ်သပ်ရပ်ရပ် သူ့ဝတ်စားဆင်ယင်မှု၊ ခန့်ခန့်ထည်ထည် သူ့နေနည်းထိုင်ဟန်က အဟန့်ကောင်းနေလွန်း၍သာ အသားမည်းတာရော၊ ကုလားဖြစ်နေတာရော မျက်စိထဲမှာ ပျောက်နေရခြင်းဖြစ်သည်။

'ပရော်ဖက်ဆာကြီးခင်ဗျား။ လော်လောဆယ်ဘာတွေကို သုတေသနပြုနေပါသလဲခင်ဗျာ"

လုပ်ချလိုက်ပြန်ပြီ။

'မျက်ပွင့်'တွင် မိုးလင်းမိုးချုပ်၊ နေကုန်နေခန်းဖင်ကြွပ်စွဲမတတ် ထိုင်ရင်း ပွဲစားယောင်ယောင်၊ နှစ်လုံး သုံးလုံး ချဲထီလက်ခွဲဒိုင်ယောင်ယောင် အရည်မရ အဖတ်မရသမားအောက်ကလိအာပါးစပ်ပြဲ မော်စီတုံး၏အသံ။

ဖျပ်ဆို မျက်ဝန်းအကြည့်ကို သူတို့တစ်တွေထံ အရေးတကြီးရွေ့လိုက်ရ၏။ ကိုယ့်လူကံကြီးမောင် ရွှေနှုတ်တော်က ဘာတွေထွက်ကျလာလေမလဲ။ စိတ်ဝင်စားသည်။

"အင်း ... အခုတစ်လော သုတေသနစာတမ်းတစ်ခု အရေးတကြီးကိုင်နေရလို့ စာသင်တာရပ်ထားရတယ်၊ အဲဒီကိစ္စအတွက်နဲ့ပဲ နေရာအနှံ့သွားပြီး လူတွေကို လိုက်လေ့လာနေရတယ်"

"ဩော် ... ဩော်။ ဘယ်လောက် အရေးပါတဲ့ ကိစ္စကြီးတွေမို့လို့လဲဗျ ... ပရော်ဖက်ဆာကြီးရဲ့"

"ဟာ ... အရေးပါလိုက်ဘိသကော လူရာ။ ကျုပ်အရင်တုန်း

က မပြောမိခဲ့ဘူးလား။ ကျုပ် 'စိတ်ပညာကျမ်း' တစ်စောင်နဲ့ 'စိတ္တဇဆေးပညာကျမ်း' တစ်စောင် ပြုစုနေတဲ့အကြောင်းကိုလေ။ ကျုပ်တော့ ပြောခဲ့မိသေးထင်တာပဲ။ 'ပုထုဇ္ဇနော ဥမ္မတ္တကော'တဲ့ဗျလူရဲ့။ ပုထုဇဉ် မှန်သမျှ အရူးတွေချည့်ပဲတဲ့။ ကျုပ်တို့ဗုဒ္ဓဘုရားရှင်က အတိအကျ ဟောခဲ့တာလေ။ အဲ ... ကျုပ်က အဲသည် ပုထုဇဉ်တွေဟာ ဘာကြောင့် ရူးသွားရတာလဲ။ ပုထုဇဉ်တွေကိုရူးချင်အောင် မြှူဆွယ်ဖြားယောင်းတဲ့ အရာတွေက ဘာတွေလဲ။ 'Means and Ways , Causes and Effects, What, How and Why' တွေကို အရင်းအမြစ်ကျကျ ဖော်ထုတ်နိုင်အောင် ကျုပ်က လူတွေထဲ ... အဲ ... အဲ ... ပြောလိုက်ပါရစေတော့။ ပုထုဇဉ်ဥမ္မတ္တကတွေထဲ ကွင်းဆင်းပြီး နိုက်နိုက်ချွတ်ချွတ် လေ့လာရှာဖွေနေတာ လူရ။ ကဲ ... ဘယ့်နှယ်လဲ။ အဲဒါထက် အရေးပါတာတောင် သူ့လောက် အရေးမပါနိုင်တော့ဘူး မဟုတ်လား"

အလွဲကြွယ် ... မျက်ခုံးနှစ်ဖက်ပင် အလိုလိုကြီးခုန်လျက် မြင်တောက်လာမိရတော့သည်။ အတော်လာသည့် ကံကြီးမောင်ပေတကား။ သူ့စကားလုံးတွေကို ဘယ်လိုဆန်ခါစိပ်နှင့်ပဲ တိုက်ချချ။ အဓိပ္ပာယ်မဲ့ အက္ခရာတစ်လုံးတလေမျှ မပါသည်မှာကား ဝေကန်အမှန်။

"နို ... အဲသလို သုတေသနပြု လေ့လာကြည့်လိုက်တော့ ဘာတွေများ ထွေထွေထူးထူး တွေ့ရသတဲ့တုံးခင်ဗျ"

"တွေ့ရပြီကော လူရာ။ ဒီမယ် ... ဒီမယ် ... လူရဲ့ဦးနှောက်ကို လေ့လာကြည့်တဲ့အခါမှာ ... လား ... လား။ ဦးနှောက်မှာ တီကောင်တွေနဲ့ ပြည့်နှက်နေပါသကောလူရဲ့။ စိတ္တဇရောဂါဆိုတာ အဲဒီ တီကောင်တွေကြောင့် ဖြစ်လာရတာကိုး။ တီကောင်တွေကို ထုတ်ပစ်လိုက်နိုင်ရင် စိတ္တဇရောဂါပျောက်တော့တာပဲခင်ဗျား။ ကျုပ်တော့ ကျုပ်





ရဲ့ အဲဒီတွေ့ရှိချက်ကြီးကို သုတေသနစာတမ်း ကျကျနနရေးပြီး ကမ္ဘာ ကိုဖြန့်ချိဖို့တောင် စိတ်ကူးနေသဗျ"

ကိုင်း ... မှတ်ကရောဟ။

စကား ... စကားပြောပါများ။ စကားထဲက ဇာတိပြလာခဲ့ ပြီထင့်။ ဘယ့်နှယ် ... ဦးနှောက်ထဲတွင်ပဲ တီကောင်တွေ ရှိနေရတယ် လို့။ ပေါက်ပေါက်ရှာရှာ။ ခက်ပဲခက်ရချေရဲ့။

အပြန်အလှန် ခွန်းတုံ့ခွန်းလှယ်ပြု ပြောသံဆိုသံတွေကို နားရွက်ထောင်ရင်း စိတ်ထဲကလိတိတိ ဖြစ်လာရတော့၏။

"ဟုတ်ပါ့မလား ... ပရော်ဖက်ဆာကြီးရယ်၊ လက်တွေ့ မျက်မြင်လည်း မဟုတ်ဘဲနဲ့၊ ရမ်းသန်းတော့ဖြင့် မကြိတ်လိုက်စမ်းပါနဲ့"

"ဟာ ... လူတွေများ တယ်ခက်ပေါ့ကိုး။ ကိုယ့်စိတ်နဲ့နှိုင်း မရှိင်းတဲ့ဗျ။ နေဦး ... နေဦး။ သိပ္ပံနည်းကျ သုတေသနဆိုပါမှပဲ လူရာ။ လက်ငင်းလက်တွေ့ သရုပ်ပြနိုင်ရပေမပေါ့။ 'Seeing is believing' ဆို မဟုတ်လား။ လက်တွေ့မပါတဲ့ သဘောတရားဟာ အမြုန်နဲ့တူသတဲ့ဗျ။ ကိုင်း ... ကြည့်"

နားနှင့်ရင်ပင်မက ... လူခန္ဓာကိုယ်ကြီးတစ်ခုလုံးပင် ၁၈၀ ဒီဂရီ ပတ်လည်လှည့်မိတော့မတတ် သူတို့စားပွဲဝိုင်းဆီ အငမ်းမရကြီး ကြည့်နေမိရက်သား ဖြစ်ရတော့၏။ ဟုတ်၏လေ။ ပရော်ဖက်ဆာကြီး ကံကြီးမောင်က သူ့သုတေသနတွေ့ရှိချက်တွေကို လက်တွေ့ပြမည်ဆိုသည်ကိုး။ မည်သို့မည်ပုံပြမှာပါလိမ့်။ စပ်စုလိုစိတ်တွေက တလိပ်လိပ်။

ပရော်ဖက်ဆာကြီးသည် သူ့လက်စွဲတော်အထုပ်ကြီးကို ဂရုမစိုက် ကြီးစွာဖြေလျက် ရှိ၏။ ပုဆိုးစုတ်ညစ်ထပ်ထပ်ဖြင့် သုံး,လေးပတ်ရစ်ပတ်

ထားသည့် အထုပ်ကြီးဖြေပြီး၊ ရုတ်တရက် လူဦးခေါင်းခွံဖြူဖြူလုံးလုံးကြီးတစ်ခုက မျက်လုံးကြီးတွေ ဟောက်ပက်၊ သွားကြီးတွေ အဖြဲသားဖြင့် ဘွားခနဲ ပေါ်လာတော့၏။

“ဗုဒ္ဓေါ ... မြတ်စွာဘုရား”

လံဘား ကျောက်တံတားကောင် မော်စီတုံး လယ်ပုစွန်လုံး ခဲဖိထားသလိုကြီး မျက်လုံးကြီး လင်းကွင်းလောက် ပြူးထွက်လာချေပြီ။

“ဟောဒါက ... စိတ္တဇရောဂါနဲ့သေသွားတဲ့ အမျိုးသမီးလူနာတစ်ယောက်ရဲ့ ဦးခေါင်းခွံပဲလူရေ။ ဒီစိတ္တဇဝေဒနာသည် အမျိုးသမီးကို သေသည်အထိ ဒုက္ခပေးခဲ့တဲ့ သူ့ဦးနှောက်ထဲက တီကောင်တွေက ဟောဒီမှာ”

“အောင်မယ်လေး ... ပလုတ်တုတ်”

မော်စီတုံးတစ်ကောင် သူ့ဝဋ်နှင့်သူ ရေရေလည်လည်ကြီး ခံစားနေရရှာပြီ။ ပရော်ဖက်ဆာကြီးက မည်သည့်အရပ်မှ တူးဆွရှာဖွေဖမ်းဆည်းလာလေမှန်းမသိသည့် တီကောင်တွေတစ်ထွေးကြီးကို ပလတ်စတစ်ဘူးကလေးထဲက ထုတ်၍ ပြနေ၏။ တကယ့်သိပ္ပံလက်တွေ့ ဓာတ်ခွဲခန်းကြီးထဲမှ မဟာ့မဟာတွေ့ရှိမှုအသစ်ကြီးကို ရှာဖွေဖော်ထုတ်နိုင်လေသည့် သိပ္ပံပညာရှင်ကြီး ဟန်ပန်ဂိုက်ဆိုက်က အပြည့်။

“ကဲ ... ဘယ်လိုလဲ လူ့ဦးနှောက်ထဲမှာ တီကောင်တွေရှိတယ်ဆိုတာ ယုံပြီလား”

“ယုံပါပြီခင်ဗျာ ... ယုံပါပြီ။ တကယ့်ကို ထူးတွေတည့်အံ့ရာသော်ပါပဲခင်ဗျာ ... ဟဲ ... ဟဲ ... ဟဲ”

“အဲဒါကြောင့် ကျုပ်က လူတွေကို လက်တွေ့ပြလိုက်ချင်တာ





ပေါ့ လူရေ။ ပုထုဇဉ်ဆိုတဲ့ ဥမ္မတ္တကကောင်မျိုးတွေက ကိုယ့်ဘာသာကိုယ်သာ ရူးမှန်းမသိရူးနေကြပေမဲ့ သူတစ်ပါးကို ယုံကြည်ဖို့ဆိုရင် လွှတ်ဝန်လေးတတ်ကြတာမျိုးဟလား။ လက်တွေ့များ ဟောခနဲ ဒိုင်းခနဲ မပြနိုင်ခဲ့ရင် ယုံရမှာပဲ ရွံ့သလိုလို တွန့်သလိုလို လုပ်ချင်လုပ်နေတတ်ကြသေးတာရယ်။ အေးလေ ... ဒါကတော့ ကျုပ်လို အနုညာတကောင်မျိုးမပြောလေနဲ့၊ ဗုဒ္ဓရှင်တော်မြတ်ကြီးကိုတောင် ဆန့်ဆန့်ကျင်ကျင် ထော်လော်ကန့်လန့်တွေက ရှိခဲ့သေးတာကိုး။ ကဲ ... ကျုပ်လူ ကြည့်ချင်သေးသပဆိုရင် ကျုပ်က ထပ်ပြလိုက်ချင်တာရှိသေးသဗျ”

“ဘာတွေများ အထူးအဆန်းထပ်ရှိသေးလို့လဲ ပရော်ဖက်ဆာကြီးရယ်။ ခင်ဗျားဟာက ရှာဖွေလေ တွေ့ရှိလေဆိုတာလိုပါပဲကလား။ ကုန် မကုန်နိုင်တော့ဘူး”

“ဒီလိုလူရ ... ကျုပ်တို့ ရပ်ကွက်ထဲမှာ တိုက်ဝါကြီးကကောင်မလေး ပြုစားခံရသလေ။ ခင်ဆွေလွင်တဲ့ ... ကောင်မလေးနာမည်က။ ဂိုက်ထဲကို အလုံးသွင်းခံရတာတဲ့ ခင်ဗျားရဲ့”

“အမယ် ... ဟုတ်လို့လား ... ပြောစမ်းပါဦး။ ဘယ်သူက ပြုစားတာတဲ့တုံး”

“သူ့အိမ်နားက လူပဗျာ။ ကောင်မလေးစားမယ့် အစာထဲကို အပင်းခတ်လိုက်တာပဲ။ ကောင်မလေးဆိုတာ အိပ်ရာထဲမှာ တစ်လကိုးသီတင်းပက်လက်။ သူ့အမေကြီးဆိုတာလည်း မျက်ရည်နဲ့မျက်ခွက်။ သူတို့အိမ်ဝင်ထွက်နေတဲ့ အမေကြွယ်ကနေတစ်ဆင့် ကျုပ်ကိုပင့်တော့တာကိုး။ ဘာရမလဲ၊ ကျုပ်က ကျုပ်ပညာနဲ့ကျုပ် အဲဒီအပင်းလုံး အဆိပ်လုံးတွေကို အကုန်ပြန်ထုတ်ပစ်ရတာပေါ့။ ကလေးမလေးခမျာ အန်ချလိုက်ရတာများ လူရာ ချောင်းကိုပေါက်ကရော။ ဘာရှိရဦးမလဲ ...

ဟောဒီတီကောင်တွေပဲပေါ့။ ပါးစပ်ကနေ တီကောင်တွေ အန်ချလို့လည်း ကုန်ရော ကောင်မလေးရောဂါလည်း နင်နေငါသွား အကောင်းပကာတိ ဖြစ်ကရော။ ကျုပ်ကလည်း အဲဒီသတ္တဝါကောင်ကို တည့်တည့်ပဲသတိ ပေးလိုက်တယ်။ မင်းနောက်တစ်ခါလုပ်ရင် ငါ့ရဲ့ပညာအကြောင်း သိစေ မယ်လို့။ ဘာကြာတုံး … ငနဲ ဖနောင့်နဲ့တင်ပါး တသားတည်းကျ အောင် ပြေးရှာပါရောလား။ အခု အဲဒီကောင်မလေး ခင်ခွေလွင်ရဲ့ အပင်းလုံး၊ အဆိပ်လုံးတွေကပေါက်လာတဲ့ တီကောင်တွေကို သုတေ သနလုပ်ရအောင် ကျုပ်မွေးထားတာကိုပြမလို့။ ဟောဒီ ဖန်ပုလင်းထဲ မှာပါရဲ့ဗျာ။ ကြည့်ဦးမလား"

"အင်း … ပရော်ဖက်ဆာကြီးဟာက ဆန်းတော့ဆန်းသား။ နောက် ဘာရှိသေးတုံးဗျ။ ပြောစမ်းပါဦး"

"အင်း … ပြောရရင်တော့ အများကြီးပဗျာ။ ပြောမဆုံး ပေါင် တောသုံးထောင်ဆိုတာလိုပေါ့။ ကျုပ်ကလည်း ကျုပ်ပါပဲလေ။ ပညာမျိုးစုံကို လေ့လာဆည်းပူးထားတတ်ထားလေတော့ ခက်သား ကလား။ ပထမတော့ စိတ်ပညာကို ရှာဖွေသိရှိတယ်။ ဒုတိယ စိတ္တဇ ဆေးပညာကိုလည်း သိခဲ့ပြန်တယ်။ ဟော … အခု မနေ့တစ်နေ့က တော့ HIV / AIDS ရောဂါပျောက်တဲ့ မြစ်ချင်းပြီး ပွဲတွေ့အမြစ်ပြတ်ဆေး ကိုတွေ့ထားသဗျ။ ကဲ … မဆန်းလား"

"ဟာ … ဆန်းပြီလားခင်ဗျား။ အမှန်သာ အဲဒီဆေးမျိုးကို ဖော်နိုင်ခဲ့ရင် ကျုပ်တို့ပရော်ဖက်ဆာကြီးတော့ ကမ္ဘာကျော်ရောပ"

"ရှူး … တိုးတိုးဗျ … တိုးတိုး။ ကျုပ်ဆေးက အစွမ်းထက် လွန်းမှန်းသိပေတဲ့ လိုချင်သူတွေအားလုံးကို စေ့စေ့ငငပေးရလောက် အောင်လည်း များများစားစား မထုတ်နိုင်သေးဘူးလူရ။ ကိုယ့်ချင်း





ကိုယ့်ချင်းပဲ ကျိတ်ပေးနိုင်သေးတာရယ်။ အသံပြဲကြီးနဲ့ နင်းကန်အော် မနေနဲ့ဦး။ မရလိုက်တဲ့သူတွေက ကျုပ်ကို ပြိုးသူရန်ဘက်ကြီး လုပ်နေကြ ဦးမယ်ဗျ။ ပြီးတော့ ကျုပ်က ဗီဝိတဒါန အာယုဒါနသဘောမျိုး ပညာ ကိုလှူနေတာရယ်။ ကျန်တဲ့ ဆေးသမားတွေသိသွားကြရင် ကျုပ်ကို ကျိတ်ပြီး အမျက်သိုနေကြချေဦးမယ်"

"ဟုတ်ကဲ့ … ဟုတ်ကဲ့ … တိုးတိုးတိတ်တိတ်ပဲ ကျိတ်မှတ် သားထားပါ့မယ်။ ကဲ … ဆေးနည်းကလေးများ ချီးမြှင့်မစပါဦး … ပရော်ဖက်ဆာကြီးရ"

"ကိုင်း … စာနဲ့ပေနဲ့ သေသေချာချာ ရေးမှတ်ထားစမ်းဗျာ။ ဖမ္ဗူသပြေသီး ဝင်းဝင်းမှည့်မှည့်ကိုးလုံးကို ကိန္နရာရင်ပုံသားက သွေး အစိတ်သားနဲ့ သုံးခွက်တစ်ခွက်တင်အောင် ကျို။ ညောင်စေးကျပြီဆိုရင် အာဠာဝကရဲ့ လက်ယာဘက်ချိုင်းချွေးကိုးပေါက်နဲ့ မြင်းမို့ရ်တောင်ထိပ် က မှားရည်အစိတ်သားရောပြီး စရနယ်။ ကိုးနဝင်းကြေအောင် သုံးလနဲ့ သုံးရက်တိတိ ကြောဝဠာဗဟိုချက်မှာ မြုပ်ထား။ စားစမ်းပဗျာ … တစ်ခါစားရင် ကြေးဖွန်းနဲ့မောက်မောက် ကိုးဖွန်း။ ၁၈ ရက်စားရင် ယူပစ်သလို ပျောက်ကရောဗျ။ ကဲ … မနိပ်လား"

သေဟဲ့ … နန္ဒိယ။

အနီးကပ်နားထောင်နေရသည့် မော်စီတုံးမပြောလေနှင့်။

ခပ်လှမ်းလှမ်းစားပွဲက ရင်ကိုပင့်၍ နားစွင့်နေမိသူပင် ပန်လန် လက် ပက်လက်လန်ရတော့မလိုလို ဖြစ်ရချေတော့၏တည်း။

❧ ❧ ❧

[ ၂ ]

❑

ပရော်ဖက်ဆာကြီး ကံကြီးမောင်သည် ရာဇဝတ်မှုလူနာတစ်ဦး ဖြစ်ခဲ့ဖူးသည်ဆို၏။

စိတ်ရောဂါဝေဒနာခံစားနေရစဉ် သိမှတ်မှုမဲ့ လူသတ်မှုတစ်ခု ကိုကျူးလွန်ခဲ့မိသဖြင့် စိတ်ကျန်းမာရေးဆေးရုံကြီးတွင် ကာလရှည်ကြာ ကုသမှုခံယူခဲ့ရရှာသည်တဲ့။ ယခုဖြင့် ယဉ်ယဉ်ကလေး သိမ်သိမ်မွေ့မွေ့ ကလေး စိတ်အလွဲကလေးတွေ ရှိနေပေသော်ငြား အများသူတကာနှ ဘေးအန္တရာယ်တွေတွေရာရာ ပြုနိုင်လောက်သည့် အခြေအနေမဟုတ် တော့၍ ပြင်ပပြင်လွင်အရပ်ထဲက ဉမ္မတ္တကနယ်မှာ ပြန်ရောက်နေခဲ့ပြီ ဖြစ်၏။





စိတ်ကျန်းမာရေးဆေးရုံကြီး၌ ဆယ့်ငါးနှစ်နီးပါး နေခဲ့ရရှာ သည်ဟု သိရသည်။ ကံပဲလေဟုသာ ဆိုရုံရှိတော့၏။

'မျက်ပွင့်'၌ တစ်ကြိမ်ဆုံပြီးကတည်းက ပရော်ဖက်ဆာကြီး ကို စိတ်ဝင်စားမိခဲ့သည်။ မြင်ဖန်တွေ့ဖန်များလေလေပို၍ စိတ်ဝင်စား စရာတွေက_ များလာလေလေ။

ယခုမူ ပရော်ဖက်ဆာကြီး၏ ဝေနေယျတွေထဲ ကိုယ်လည်း မယောင်မလည် ရောပါဖြစ်နေတော့၏။

တစ်နေ့ကတော့ 'မျက်ပွင့်'မှာ ပရော်ဖက်ဆာကြီးနှင့် စိတ်အေး လက်အေးထိုင်၍ စိမ်ပြေနပြေ စကားတွေပြောဖြစ်ခဲ့သည်။

"ပရော်ဖက်ဆာကြီး ... ခင်ဗျား ဆေးရုံတက်လိုက်ရသေး ဆိုဗျ။ သူပြောငါပြော ပြောနေကြတယ်။ ဟုတ်ရဲ့လားဗျ"

"အင်း ... အဲဒါ ... ဒီလိုဗျ။ သူတို့ဆေးရုံက ဆရာဝန်ကြီး တွေနဲ့ ပညာချင်းပြိုင်ကြမယ်ဆိုပြီး ကျုပ်ကို လိမ်ခေါ်သွားကြတာဗျ။ ကျုပ်ရဲ့ပညာနဲ့ ကျုပ်ရဲ့သုတေသနလုပ်ငန်းတွေ ခရီးရောက်နေတာတွေ ကို ကြားကြထင်ပါရဲ့ဗျာ။ အပြင်မှာ ကျုပ်မရှိမှ သူတို့ဆီကိုလူနာတွေ လာကုကြမယ်လို့ အတွေးချော်ကြပုံလည်းရပါရဲ့။ ဟုတ်လည်းဟုတ်တဲ့ လူတွေပါဗျာ"

"ဩော် ... အဲဒီလိုကိုး။ ဆေးရုံမှာ ဘယ်လောက်ကြာခဲ့ သလဲ"

"ဆယ့်ငါးနှစ်နဲ့ငါးလဗျ"

"ဟာ ... ကြာလှချေကလား"

"ကြာဆို လွှတ်မှလွှတ်မပေးကြတာကိုး။ ဒါကြောင့် လူဆိုတာ ကြီးကို ကျုပ်က ကြောက်နေတာဗျ။ ဘယ့်နှယ်ဗျာ ... ကိုယ့်ထက်သာ

မနာလို၊ ကျုပ်နဲ့သူတို့နဲ့ ပညာပြိုင်ရတဲ့အခန်းဆီကို မရောက်တော့ဘူး။ သူတို့မေးတာတွေဖြေ၊ သူတို့ပေးတဲ့ဆေးတွေသောက်နဲ့ပဲ နပန်းလုံးနေရတော့တာရယ်''

''ပရောက်ဖက်ဆာကြီးက အဲဒါပဲ ပြောနေ၊ လွှတ်ပေးရလောက်အောင် နေရောကောင်းကောင်း၊ ကောင်းလို့လား ... ကဲ''

''ကောင်းပါ့ ခင်ဗျာ။ ကောင်းဆိုအစကတည်းက အကောင်းကြီးကို ဖွတ်ခေါ်သွားကြတဲ့ ဥစ္စာပဲ''

''ဒီအတိုင်းတိုင်းကြီးတော့ ဆေးရုံမရောက်နိုင်ပါဘူး ပရော်ဖက်ဆာကြီးရယ်။ တစ်ခုခုတော့တစ်ခုခု ရှိလိမ့်ဦးမယ်ထင်ပါတယ်''

''အင်း .. အဲဒါက ကျုပ်က လူတစ်ယောက်ကို သတ်ခဲ့တယ်လို့ သူတို့ကစွပ်စွဲကြတာကိုးဗျ ... သိလား''

''နို ... မဟုတ်ဘူးလား''

''ကျားသားမိုးကြိုးဗျာ။ ကျုပ်လိုလူကလား လူသတ်မှာ။ ဖြစ်မှဖြစ်ရပလေ။ လူဆိုတာမျိုး မပြောနဲ့၊ ကျုပ်ကို လာကိုက်တတ်တဲ့ မှက်တို့၊ ခြင်တို့၊ ပုရွက်ဆိတ်တို့ကိုတောင် သတ်ရက်တဲ့စိတ်မျိုး မရှိရပါဘူးဗျာ ... တကယ်ပါ''

''ဒါဖြင့် ...''

''တကယ်က အဲဒီကောင် 'အာပြုတောင်'က ကျုပ်ကို သူ့ပညာနဲ့အရင်ပြုစားခဲ့တာဗျ။ လုပ်လိုက်တာမှ နည်းမျိုးကိုစုံကရော။ နို့ပေတဲ့ သူ့ပညာက ဘာကမှမရှိတာ။ ဝါးနုက ဝါးရင့်ကိုလာပတ်လို့ ဘယ်ရလိမ့်မလဲ။ သူ့အားနဲ့သူ လဲတာပဲဗျ။ ကျုပ်က အားစိုက်ခွန်စိုက် ဘာမှကို မလုပ်လိုက်ရပါဘူး။ အဲ .. ကျုပ်ရဲ့ပညာကိုထိန်းတဲ့ အစောင့်အရှောက်က နည်းနည်းတန်ပြန် ပညာပေးလိုက်တာနဲ့ သင်းလည်း





တုံးခနဲသေရော။ ဒီတင် ... ကျုပ်ကို လက်သည်တရားခံဆိုပြီး ဖမ်းကြတော့တာလေ။ သူတို့တွေက သာမန်လူတွေပဲဆိုတော့ ကျုပ်ရဲ့အစောင့်အရှောက်ကို မမြင်နိုင်ကြရှာဘူးပေါ့ဗျာ။ ကျုပ်သတ်တယ်လို့ပဲ တမ်းတမ်းစွဲ ယိုးကြတော့တာ။ ဖွတ်ကြီးမှ ဖွတ်ကြီးပါပဲခင်ဗျာ''

''တရားသူကြီးက ဘယ်လိုတဲ့လဲ။ ဘာတွေပြောလိုက်သတုံး''

''ကျုပ်ကတော့ သူ့ကို သေသေချာချာ ရှင်းပြရတာပလေ။ ယုံတာမယုံတာက သူ့သဘောအတိုင်းပ။ ဟုတ်ဘူးလား။ ယုံတယ်လည်း မထင်ပါဘူး။ ကျုပ်ကိုသာ မလိမ့်တပတ်လုပ်ပြီး ဆရာဝန်တွေနဲ့ ပညာပြိုင်ရအောင်ရယ်လို့ ဆေးရုံကို ထည့်ပေးလိုက်တော့တာ''

''အခုကော ... အမှုက ပြီးသွားပလား''

''ပြီးပြီပေါ့။ နဂိုကတည်းက အပြစ်မှမရှိပဲဟာကြီးကို''

''အရင်က ပရော်ဖက်ဆာကြီးက ဘာအလုပ်လုပ်သလဲဗျ''

''အင်း ... ဒီစိတ်ပညာတို့၊ စိတ္တဇဆေးပညာတို့ မတတ်ခင်တုန်းကတော့ ကန်ထရိုက်အလုပ်နဲ့ အင်ဂျင်နီယာ တွဲလုပ်ခဲ့သေးတာပေါ့။ စီးပွားကလည်း ဖြစ်သလေ။ ဒါကြောင့်ပဲ မနာလိုတဲ့သူတွေက အတိုက်အခိုက်တွေ နင်းကန်လုပ်ကြတာနေမှာပေါ့''

''ပရော်ဖက်ဆာကြီးမှာ ဇနီးခင်ပွန်းများ မရှိဘူးလား''

''ရော ... ခက်ပြန်ပါပကော။ ဒီအရွယ်ရောက်လို့မှ အမြီးမပေါက်ခဲ့ရင် ဘာမျောက်ဖြစ်မလဲဗျ။ ရှိတာပေါ့။ ဒါပေတဲ့ တိုက်ဝါကြီးမှာ ပညာပြိုင်တုန်းက ရှုံးပြီးထွက်ပြေးသွားတဲ့ သတ္တဝါကောင်က ဆေးဖယောင်းတိုင်တွေထွန်း၊ အစီအရင်တွေလုပ်ပြီး တစ်ညသားမှာ ကျုပ်မိန်းမကို ခိုးပြေးသွားပါရောလား''

''ဟောဗျာ''

"သိပ်လည်း အံ့သြမနေစမ်းပါနဲ့ဗျာ။ မိန်းမဆိုတာ 'စိတ်' ကိုပြောတာပါဗျာ။ အဲဒီကောင်က ကျုပ်ရဲ့စိတ်ကိုခိုးသွားခဲ့တာ"

"ဟင်"

"ဒါပေမဲ့ ကျုပ်ကလည်း ဘယ်ခံမလဲ။ မန္တန်တွေတန်ပြန်ရွတ်ပြီး ကျုပ်ရဲ့မိန်းမကို ပြန်ခိုးတာပေါ့။ ဘာပြောကောင်းမလဲ။ ဗမာ့တန်ခိုးနဲ့နှစ်ဆတိုးပြီး ဘိုးဘိုးအောင်ရဲ့ 'ဝလုံး'လို ကျုပ်မိန်းမတွင်မက သူ့မိန်းမကိုပါကျုပ်က ပြန်ခိုးပစ်လိုက်တာပေါ့။ ငနဲသား'စိတ်' မရှိတော့ပဲ သွက်ချာပါတောကို လည်ရော။ တစ်ခါတည်းသွားတာပဲဗျာ"

"ဘယ် ... ဘယ်ကိုသွားတာလဲဗျာ"

"ဩော် ... စိတ်တန်ခိုးမရှိတော့တာကို ပြောတာပါ။ သူ့မှာ 'စိတ်' မရှိတော့ပေမဲ့ ကျုပ်မှာဖြင့် ကျုပ်စိတ်ရော၊ သူ့စိတ်ရော နှစ်ခုပေါင်းကြီးဖြစ်ပြီး တန်ခိုးပိုကြီးလာတာတော့ပေါ့။ အဲဒါ အစပဲရှိသေးတာခင်ဗျ။ နောက်ပိုင်းတော့ ကျုပ်က ဓာတ်သိနှမ်းဖတ်ချည် ဖြစ်လာကရော။ ကျုပ်ကို ပညာလာစမ်း။ ပညာလာပြိုင်တဲ့ သတ္တဝါကောင်တွေရဲ့ စိတ်တွေကို နုတ်ယူထားပြီး ခိုးပစ်လိုက်တော့တာချည်းပဲ။ ဒါကြောင့် ကျုပ်ရဲ့ပညာဉာဏ်တွေ လွတ်ကြီးလာတာပေါ့ဗျ။ စိတ်ပညာနဲ့ စိတ္တဇဆေးပညာကို သုတေသနလုပ်ရာမှာလည်း ပိုပြီး ခရီးတွင်လာတယ်လေ။ သိလား"

"ဗုဒ္ဓေါရေ ... ဒီလိုဆိုခင်ဗျားခိုးထားတဲ့ စိတ်တွေက ဘယ်လောက်များနေပြီလဲ ပရောက်ဖက်ဆာကြီးရာ"

"ဟော့လူ ... ဟော့လူ ... တန်တော့။ အဲဒီလောက်တွေအထိ လိုက်သိချင်နေလို့တော့ မဖြစ်သေးဘူးဗျ၊ အဲဒါက လျှို့ဝှက်ချက် ... ထိပ်တန်းလျှို့ဝှက်ချက် ... Top secret "





"ဟုတ်ပါပြီ ... ဟုတ်ပါပြီ"

"ဒီမှာ ကျုပ် နောက်ဆုံး သုတေသနပြုဖို့ ရည်ရွယ်ထားတာ ရှိသေးသဗျ။ လူတွေကို လှည့်ဖြားဒုက္ခပေးနေတဲ့ နတ်ဆိုးတွေရဲ့ရန်ကို ဘယ်လိုကာကွယ်မလဲဆိုတာပဲ။ ကိုင်း ... ဘယ့်နှယ်လဲ။ ဘယ်လို သဘောရသလဲ"

"ကောင်းပါတယ်ခင်ဗျား ... ဆက်လုပ်ပါ၊ ဆက်လုပ်ပါ"

ဘယ်လိုရယ်ဖြစ်ဖြစ် ပရော်ဖက်ဆာကြီးကံကြီးမောင်နှင့် စကားပြောနေရသည်ခဏမှာ ကိုယ်နှင့်အသီးအခြားဖြစ်သည့် အခြားကမ္ဘာသစ်တစ်ခုထဲပဲ ရောက်နေရတော့ သလိုလို။

သူ့စိတ်အလွဲတွေနှင့်သူ ကြည်မွေ့နေသည့် သူ့လောက သူ့ဘုံကလေးကပဲ သောကကင်းဝေးလျက် အေးရာအေးကြောင်း ဖြစ်နေသလိုလို။

ခက်ပ ... ကြာလျှင်ကိုယ်ပင် သူ့နှယ်ရူးရချည့်။

[ ၃ ]

❑

သည်လိုနှင့် ...

ကိုယ့်နီစွရွဝတွေထဲမှာ ကိုယ် ပေါ်လိုက်မြုပ်လိုက် ကူးကလန့်ခတ်နေခဲ့မိရာ 'မျက်ပွင့်'နှင့်လည်းကောင်း၊ ပရော်ဖက်ဆာကြီးနှင့်လည်းကောင်း ခပ်ကင်းကင်းကလေးဖြစ်နေခဲ့သည်မှာ ကြာပြီ။

ကြုံမယ့်ကြုံချင်တော့ ရွာကလေးနှင့် အိမ်ဦးနှင့်ကြမ်းပြင်ပမာဖြစ်နေသည့် မြို့မှန်သာ၌ ပက်ပင်းကြီး ဆုံဖြစ်ခဲ့ရ၏။

တစ်နေ့ကလေးခန့်က ဖြစ်သည်။

"ဟော့လူ ... ဟောဟိုလမ်းထောင့်မှာ လူတွေတရုန်းရုန်းနဲ့ ဟာက ဘာလုပ်နေကြတာတွေတုံးဗျ။ ကလေးကစားကွင်းလား၊ ဆီးဆောတို့၊ ဒန်းတို့၊ ဘာတို့တွေကိုလည်း မမြင်မိပါကလား"





"ဩော် ... အဲဒါလား။ ဆရာ စိတ်ဝင်စားသွားပြီနဲ့တူတယ်"

"အင်း"

"ဒီလိုဆရာရဲ့။ ဒီမြို့ကလေးကို ဒီလူကြီးရောက်လာတာ ဘာမှမကြာသေးဘူးရယ်။ သူ့ရဲ့ 'သုခကမ္ဘာ' ဝင်းကလေးပေါ်လာတာလည်း မကြာလှသေးဘူး"

"ဘယ်လို ... 'သုခကမ္ဘာ' ဟုတ်စ"

"လာ ... ဆရာ၊ ကျွန်တော်တို့ တီးကလေးဘာလေးဆွဲရင်း တအောင့်တနား ထိုင်ထက်ပြောကြရအောင်။ ပြီးမှ 'သုခကမ္ဘာ'ကို တစ်ချက်ဝင်ကြည့်လိုက်ကြတာပေါ့"

"အိမ်း ... ဒါလည်း ကောင်းသား"

နီးရာ လက်ဖက်ရည်ဆိုင်ကလေးထဲကို စွတ်ခနဲ ဝင်ထိုင်ဖြစ်ကြသည်။ မန်ကျည်းပင်သုံးပင် ခေါင်းချင်းဆိုင်၍ပေါက်နေပြီး ရောမ အညာထနောင်းပင်အို ကုန်းကုန်းကိုင်းကိုင်းကြီးကလည်း သူ့ဖက်ဖူးစိမ်းရောင်ပုရစ်ဖူးကလေးတွေ၊ ရွက်စိမ်းရင့်ရင့် စိပ်စိပ်ကလေးတွေဖြင့် အုပ်မိုးထားလေရာ အရိပ်အာဝါသကောင်းကောင်းနှင့် အေးမြလှတော့၏။

ပြီးတော့ သည်ဆိုင်ကလေးမှ လက်ဖက်ရည်နှင့် ပဲနံပြားက အထူးနာမည်ကြီးလှသည်။

"ဟော ... ကျောင်းဆရာ၊ ဘယ်ကိုလှည့်လာတာတုံး။ မျက်စိလည် လမ်းမှားကြီးပါကလား"

"ခင်ဗျားဆိုင်ဆီကိုပါပဲ ကိုတာလှတ်ရှည်ရယ်။ ခင်ဗျားလက်ရာနာမည်ကျော် နို့မလိုင်ပေါပေါ် လက်ဖက်ရည်ချိုကျနဲ့ ပဲနံပြားကိုလည်း အရသာခံရင်း ကျုပ်တို့ 'သုခကမ္ဘာ'အကြောင်းလည်း ဟောဒီက ကျုပ်ဆရာကို ဖောက်သည်ချရင်းဆိုပါတော့။ ဩော် ... ဒါနဲ့၊ မိတ်ဆက်

ပေးရဦးမယ်။ ဟောဒါ ကျုပ်မိတ်ဆွေ စာရေးဆရာပဲ။ ကျုပ်တို့မြို့ကို ခဏလာလည်တာ''

''ဩော် ... ဂလိုကိုး။ ကိုင်း ... ခဏထိုင်ကြဦး။ ကျုပ် လက်ဖက်ရည်နဲ့စားစရာ လုပ်ချေဦးမယ်''

တအောင့်အကြာ ကိုတလုတ်ရှည် ပြန်ရောက်လာ၏။ လက်ဖက် ရည်နှင့်မုန့်ပွဲတွေကို စားပွဲမှာ တည်ခင်းသည်။

''အဲဒီ ပုဂ္ဂိုလ်ဟာ လူမဟုတ်သေးဘူး ထင်ပါရဲ့ခင်ဗျာ။ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေက လူယောင်ဖန်ဆင်းပြီး ရောက် လာတာနဲ့တူပါရဲ့။ ကျုပ်တို့ ဘုရားဟောဇာတ်တော်တွေထဲမှာ တွေ့တွေ့ နေရသလိုမျိုးလေ''

''ဗျာ ...''

''ဩော် ...'သုခကမ္ဘာ'က ဆရာကြီးကို ပြောနေတာပါ။ အင်း ... ပြောရဦးမယ်။ ကျုပ်တို့မြို့က သူ့နာမည်ကိုလည်း ခုထိ ဘယ်သူတစ်ယောက်မှမသိကြဘူးဗျ။ 'သုခကမ္ဘာဆရာကြီး'လို့ပဲ လွယ် လွယ်ခေါ်လိုက်ကြတာရယ်။ ဘယ်ကလဲ။ ဘယ်လိုရောက်လာသလဲ။ ဘာ လုပ်စားသလဲ။ ဘာကြောင့် ကျုပ်တို့မြို့ကို ရောက်လာသလဲလည်း မသိ ကြဘူး။ သူလုပ်နေတဲ့ မူးကြောင်ရူးကြောင် ပရဟိတအလုပ်ကလေး တွေကြောင့်သာ သူ့ကိုတစ်မြို့လုံးက သိနေကြတာရယ်''

''အလို ... ကိုတလုတ်ရှည်ရယ်။ ဘယ့်နှယ်ဗျာ ... ရူးကြောင် မူးကြောင် ပရဟိတအလုပ်ရယ်လို့ပဲ။ ခင်ဗျားဟာကလဲ။ ကဲ ... နေ ပါဦး။ ဘယ်လိုအလုပ်မျိုးမို့လဲ''

ကိုတလုတ်ရှည်က မျက်စိပေါက်ပိတ်လုမတတ် တခွီးခွီးရယ် သည်။





''ဟုတ်တယ် ... ကျောင်းဆရာရေ့။ သူကတော့ သူ့အလုပ် ကို 'ကုသိုလ်စေတနာလှိုင်းဖြန့်လွှတ်ခြင်း'လို့ ကြီးကြီးကျယ်ကျယ်တွေ ပြော ရှာသား။ ကျုပ်တို့တော့ဖြင့် နားမလည်ပေါင်။ လက်ရှိသူလုပ်နေတဲ့ အလုပ် တွေကြောင့် ကလေးတွေနဲ့ တချို့လက်လုပ်လက်စားကလေးတွေ ဟန်ကျ ပန်ကျ ပျော်ရွှင်ရ ဖြစ်နေကြရလေတော့ သူ့အလုပ်ကို ပရဟိတအလုပ် ဆိုတာကိုလည်း လက်ခံတယ်။ နို့ပေတဲ့ ... ရေးကြီးခွင်ကျယ်ကြီး တောင့်ကြီးမားမဟုတ်ဘဲ မလောက်လေးမလောက်စားတွေ လျှောက်လုပ် နေလေတော့လည်း ဖုံမဟုတ်ပတ်မဟုတ်၊ အရူးမဟုတ်အကောင်းမဟုတ် ဖြစ်နေပြန်ရော။ အဲဒါကြောင့် ရူးကြောင်မူးကြောင် ပရဟိတအလုပ်လို့ နာမည်ကြီးတစ်လုံး တွင်နေတော့တာပေါ့''

မျက်ခုံးပင့်မိရသည်။ ကိုတလုတ်ရှည်၏စကားက အဆန်းသား။

''နေပါဦး ... ကိုတလုတ်ရှည်ရဲ့။ သူက ဘယ်လိုပရဟိတ အလုပ်မျိုးတွေ လုပ်နေလို့တုံးဗျ။ ပြောစမ်းပါဦး''

''ဩော် ... ညီ့သည်စာရေးဆရာပါ စိတ်ဝင်စားသွားပြီလား။ ဒီလိုခင်ဗျ။ အဲဒီ သုခကမ္ဘာဆရာကြီးက ကျုပ်တို့မြို့က မရှိဆင်းရဲနွမ်း ပါးတဲ့ကလေးသူငယ်တွေကို ကစားစရာအရုပ်တွေ ကိုယ်တိုင်လုပ်ပြီး ဝေပေးသဗျ။ သုံးမရပြုမရ စက်ဘီးအစုတ်အပြတ်၊ အကျိုးအပဲ့တွေ ကိုလည်း တစ်အိမ်တက်ဆင်းလိုက်တောင်းပြီး ဟိုကဟာ ဒီဖြုတ်ထည့်၊ ဒီကဟာ ကိုဖြုတ်တပ်။ နှစ်စီးတစ်စီး၊ သုံးစီးတစ်စီးပေါင်း စသဖြင့်ပေါ့ ဗျာ။ တကုပ်ကုပ်တချောက်ချောက်နဲ့ပြင်။ ဟော စီးဖြစ်တဲ့အနေကိုလည်း ရောက်ရော စက်ဘီးမစီးတတ်သေးတဲ့ကလေးတွေကို စက်ဘီးစီးသင် ပေး။ အရေးဟဲ့အကြောင်းဟဲ့ ဟိုနားဒီနား ပြေးရလွှားရမယ့် အကြောင်း ကြီးငယ်ရှိတဲ့သူ နွမ်းနွမ်းပါးပါးတွေကို စက်ဘီးငှားပေး။ နေချင်းပြန်

မြို့ပေါ်နဲ့တောဘက်ပိုင်းကို ကိုးကုန်းကိုးကျင်း ခြေတိုအောင်လမ်းလျှောက် ဈေးသည်လုပ်နေရတဲ့ မုန့်သည်ပဲသည်ကလေးတွေကိုလည်း ငှားသင့်တာ ငှားပေး။ အစပိုင်းတော့ ရယ်ချင်စရာ ပြောင်တိပြက်ချော်လိုလိုနဲ့ တဖြည်းဖြည်း ကာလကြာအသားကျလာတော့လည်း သူ့ဟာက အဟုတ်သား ဗျို့။ နေရာအကျချင်သား။ 'ရှုးကြောင်မှုးကြောင် ပရဟိတအလုပ်' ဆိုတာ အစက နှိမ့်နှိမ့်ချချရယ်ပွဲဖွဲ့ပြီး ပြောမိကြဆိုမိကြတာဆိုပေတဲ့ အခုတော့ ဖြင့် ကျုပ်တို့မြို့ကလေးက သုခကမ္ဘာဆရာကြီးနဲ့ သူ့အလုပ်ကို သိသိ မှတ်မှတ်နဲ့ ဂုဏ်ပြုတဲ့သဘော ဖြစ်နေပါပြီဗျာ''

မိမိကိုယ်ကျိုးအတွက် စိတ်ဆန္ဒလုံးဝမရှိဘဲ တစ်ပါးသူအတွက် သက်သက်ကူညီဆောင်ရွက်ပေးနေသူပါတကား။ ထိုမျှ စိတ်ထားသိမ်မွေ့ မြင့်မြတ်သူတို့၏ တွေရာလေးပါးအလုပ်တွေက ဂျာနယ်၊ မဂ္ဂဇင်းစာစောင် တွေမှာ မျက်နှာဖုံးသတင်းအဖြစ် အကျော်ဖေယျပါခဲ့လေ၏။

သည်လို အရပ်ထဲမှာပဲ လူမသိသူမသိ။

''ရှားရှားပါးပါး ဒုလ္လဘကြီးတစ်ခုနဲ့တော့ မျက်နှာချင်းလာ ဆိုင်နေပြန်ပဗျို့။ ဖိုးသူတော်မျက်စိလည်လေ ဆန်ရလေဆိုတဲ့ကိန်းပဲ။ ကိုင်း . . . စားပြီးသောက်ပြီးကြရင်တော့ ကျုပ်တို့ကို အဲဒီ သုခကမ္ဘာ ဆရာကြီးဆီ တစ်ဆိတ်လိုက်ပို့ပေးစမ်းပါ ကိုတလုတ်ရှည်ရယ်။ မေတ္တာ ရပ်ခံပါရဲ့''

''စိတ်ချ . . . ဆရာရေ့။ ကျုပ်ကိုယ်တိုင်ကကို လိုက်ပြချင် လွှန်းလို့မှ သူနိုးရွေရ တပြုပြဆိုတာလို အူကခပ်ရွှင်ရွှင် ဖြစ်နေတာ ရယ်''

❦ ❦ ❦

[ ၄ ]

''ဟာင် . . . ပရော်ဖက်ဆာကြီး''

''ဟော . . . ကျုပ်တို့လူ. စာရေးဆရာ''

''အလို . . ဘယ့်နှာတုံး။ ခင်ဗျားတို့က အရင်တုန်းကတည်းက သိနှင့်နေကြတာလား''

''ဆိုကြပါစို့ဗျာ . . .''

''ဒါဆို . . . မဟုတ်မှလွဲရော . . . ဟိုဒင်း . . .''

မိတ်ဆွေကျောင်းဆရာရော၊ ကိုတလုတ်ရှည်ပါ အံ့အားကြီး တွေသင့်နေကြ၏။ သူတို့ထက်ပို၍ နှလုံးမူးသိလည်ရသူကား ကျွန်တော်။ ဘယ်ကဘယ်လို ပရော်ဖက်ဆာကြီးကံကြီးမောင်က ဒေသရွှေ့လျှောလျက် သုခကမ္ဘာဆရာကြီး ဖြစ်နေရပြန်ပါလိမ့်။

စိတ်ကူးသစ်စာပေ

"ပရော်ဖက်ဆာကြီးတို့ကတော့ လုပ်ချလိုက်ပြန်ပြီဗျာ။ ဘယ်နည်းဘယ်ပုံ ရွာကလေးကနေ ဖြုတ်ခနဲ ရုတ်ခြည်းပျောက်သွားပြီး ဒီမြို့မှန်သာမှာ သုခကမ္ဘာဆရာကြီး ဖြစ်နေရပြန်တာလဲဗျ"

"ဟဲ ... ဟဲ ... ဟဲ ... အရင်ဘဝတွေကို ငြီးငွေ့သွားလို့ ဘဝအရေခွံအသစ်လဲလိုက်တာလေ ကျုပ်လူရဲ့"

"ဘယ်လို ..."

"ရော် ... ဒုံးဝေးပ ကျုပ်လူရယ်။ ကျုပ်တို့မြွေတွေမှာ အရေခွံလဲတာမျိုး ရှိပါရောလား။ အဲ ... အဲသလိုပေါ့။ ကျုပ်တို့ လူများမှာလည်း လက်ရှိနေနေရတဲ့ပတ်ဝန်းကျင်ကို စိတ်တိုင်းမကျ ငြီးငွေ့လာတဲ့အခါ ကိုယ်နဲ့လုံးဝမရင်းနှီးတဲ့ ဝန်းကျင်စိမ်းထဲကို တိုးဝှေ့ပြီး ဘဝသစ်တစ်ခု ထပ်မွေးကြည့်ရတာဟာ ဘဝအရေခွံ လဲတာပေါ့ခင်ဗျားရဲ့။ ဟုတ်ကဲ့လား"

"အောင်မယ်လေး ... တော်ပါတော့ ခင်ဗျားရဲ့ ဘဝဒဿနတွေ။ အခု ... အရေးတကြီးသိချင်နေတာက ခင်ဗျား သုခကမ္ဘာဆရာကြီး ဖြစ်လာရပုံအကြောင်းကိုဗျ၊ ပရော်ဖက်ဆာကြီးရဲ့"

"ဒါများဗျာ ... ခက်လွန်လွန်းလို့။ သုခကမ္ဘာဆိုတာ ကျုပ်တစ်သက်လုံး စိတ်ကူးယဉ်ကြည့်နေခဲ့တဲ့ ကမ္ဘာကလေးပေါ့ခင်ဗျ။ အဲဒီကမ္ဘာကလေးမှာ အမုန်းမရှိဘူး။ ရန်လိုမှုမရှိဘူး။ ဒေါသမရှိဘူး။ စစ်ပွဲမရှိဘူး။ ချစ်ခြင်းမေတ္တာတရားနဲ့ ငြိမ်းချမ်းခြင်းတွေပဲရှိတယ်။ လူတွေကလည်း တစ်ဦးနဲ့တစ်ဦး အမျက်အကျဉ်ကင်း၊ ဖေးမစောင့်ရှောက်ခြင်းတွေပဲရှိတယ်။ ငိုခြင်းနဲ့မျက်ရည်ဆိုတာ အက္ခရာစကားလုံးအနေနဲ့တောင် မရှိဘူးတဲ့။ အပြုံးနဲ့ပျော်ရွှင်ခြင်းတွေပဲ ရှိသတဲ့။ အဲဒါ သုခကမ္ဘာပဲ။ ကျုပ်လည်း ဒီမှာ ကျုပ်နေပျော်မယ့် သုခကမ္ဘာကလေးကို ကြိုးစား





တည်ဆောက်ကြည့်မလားလို့။ ကျုပ်ကိုယ်ကျုပ် ပိုင်းဖြတ်သန္နိဋ္ဌာန်ချတဲ့အနေနဲ့ ကျုပ်နေတဲ့နေရာကလေးကို 'သုခကမ္ဘာ'လို့ အမည်ပေးကင်ပွန်းတပ်ခဲ့တာ။ လူဆိုတာ လောကကြီးတစ်ခုလုံး အလုံးစုံချမ်းမြေ့သာယာဖို့ကို ခဏထား။ ကိုယ့်ကိုဝန်းရံနေတဲ့လူတွေ ပြုံးရယ်ကြည်နူးနေအောင် ဖန်တီးနိုင်ဖို့က ပိုအရေးကြီးတာ ကျုပ်လူရေ။ တိုက်ကြီးတစ်လုံး ခန့်ခန့်ထည်ထည်ပြီးစီးဖို့ အုတ်တစ်ချပ်ချင်းစီစီပြီး ဆောက်ရတာပဲမဟုတ်လား"

"ဟုတ်ပဗျာ ... ဟုတ်ပ။ နို့ပေတဲ့ ... ခင်ဗျားရဲ့ သုခကမ္ဘာကြီးက ဖြစ်နိုင်ခဲတဲ့ ဒုလ္လဘကြီးတစ်ပါး မဟုတ်ဘူးလားဗျ"

"ခင်ဗျားတို့တွေ အဲဒါခက်နေတာပဲ။ လုပ်ဖြင့် မကြည့်ရသေးဘူး။ ကြိုးစားဖြင့် မကြည့်ရသေးဘူး။ မဖြစ်နိုင်ဘူးဆိုတဲ့ သံသယတံတိုင်းကြီးထဲမှာ ကိုယ့်ကိုယ်ကိုယ် ပိတ်လှောင်ထားနေကြတာက အရင်ကိုဗျ။ ဒီမှာ ဘဝရဲ့တန်ဖိုးဆိုတာ ဘာတွေချန်ထားရစ်ခဲ့၊ ဘာတွေလုပ်နိုင်ခဲ့သလဲဆိုတာထက် ဘယ်လိုနေထိုင်ခဲ့သလဲဆိုတာကိုပဲ အခြေခံဆုံးဖြတ်ရတာဗျ။ အဲဒါကမှ အဓိပ္ပာယ်ရှိတာ"

"ဟုတ်ပါပြီ ခင်ဗျာ၊ ထားလိုက်ပါတော့။ ခင်ဗျားရဲ့ ရွှေတောင်တက်ဒဿနကြီးကို။ ကလေးတွေကို အရုပ်ကလေးတွေလုပ်ပေးဖို့ ဘယ်ကနေ ရှာရှာဖွေဖွေ အကြံရခဲ့တာတုံးဗျ ... တကတဲ"

"ကျုပ်က ဒီလိုတွေးကြည့်တယ်ဗျာ။ ကျုပ်ရဲ့လက်ဆောင်ကို အလိုအပ်ဆုံးလူတွေဆီ ရောက်အောင်ပို့ပေးမှ တန်ဖိုးအရှိဆုံးဖြစ်မှာမဟုတ်လား။ လက်ဆောင်ကလေးရလိုက်လို့ ကျေနပ်နှစ်သိမ့်ပီတိဖြစ်သွားတဲ့မျက်နှာလောက် လောကမှာ ကျက်သရေမင်္ဂလာရှိတဲ့ မြင်ကွင်းရှိမယ် မထင်ဘူးကျုပ်လူရေ။ ပြီးတော့ တကယ့်ဒိဋ္ဌဓမ္မလောက

ကြီးထဲမှာ လောလောဆယ် ကိုယ်ဘာလိုချင်နေတယ်ဆိုတာကို သိနေပေမဲ့ ကိုယ့်လိုအပ်ချက်ကို ကိုယ်ဘာသာဖန်တီးမယူနိုင်တဲ့ ကလေးဘဝဟာ ဒုက္ခအကြီးဆုံးဗျ။ ယုတ်စွအဆုံး အရုပ်ကလေးတစ်ရုပ်ရချင်ရှာလွန်းလို့ အမေ့မျက်နှာကြည့်ရ၊ အဖေ့မျက်နှာချိုသွေးရ၊ ဟိုလူပြေးကပ်ရ၊ ဒီလူ့ဖော်လံဖားရနဲ့ ခများကလေးတွေ လုံးပန်းနေကြရရှာတာ ပင်ပန်းဆင်းရဲလွန်းလှသဗျာ။ ကျုပ်နှလုံးသားက ဘယ်လိုမှကို မျက်နှာလွှဲ မထားနိုင်ခဲ့ဘူးဗျ''

''အင်း ...''

''ပြီးတော့ ... ခင်ဗျား တစ်ခုစဉ်းစားကြည့်စမ်းဗျာ။ ခင်ဗျားမှာပျော်ရွှင်စေချင်တဲ့ ကလေးလေးတွေရှိတယ်။ အဲဒီကလေးလေးတွေကို ပိုက်ဆံမရှိလို့ အရုပ်ဝယ်မပေးနိုင်ဘူးဆိုရင် ခင်ဗျား ဘယ်လိုခံစားရမလဲ။ အဲဒီမိဘက ဘယ်လိုမျက်နှာမျိုးနဲ့ သူ့ရဲ့သားကလေး၊ သမီးကလေးတွေကို ကြည့်မလဲ။ သူတစ်ပါးတွေ အရုပ်ကလေးကိုင်ပြီး ပျော်ပျော်ရွှင်ရွှင်ကစားနေကြချိန်မှာ ကစားစရာအရုပ်မရှိတဲ့ ကလေးတွေဟာ သနားစရာပါဗျာ။ ကျုပ်ငယ်ငယ်ကဆို အရုပ်များများ မရှိခဲ့ပါဘူး။ ကျုပ်တို့ဟာ ဆင်းရဲခဲ့ကြပါတယ်။ ဒါပေတဲ့ ကစားစရာအရုပ်ကလေး တစ်ရုပ်တလေတော့ ပိုင်ခွင့်ရခဲ့ဖူးသေးတာဗျ။ ဒါပေမဲ့ ကျုပ်လူရေး ကျုပ်ပြောရင် ခင်ဗျားတို့ ယုံမှာတောင်မဟုတ်ဘူး။ အသက်အရွယ်လေးငါး ခြောက်နှစ်ရောက်ခဲ့တာတောင် ကိုယ်ပိုင်အရုပ် သီးသီးသန့်သန့် မရှိဖူးရှာတဲ့ ကလေးတွေ အများကြီးဗျ။ ကျုပ်က အဲဒီလိုကလေးမျိုးတွေအတွက် အမှန်လိုအပ်နေတဲ့ အရုပ်ကလေးတွေလုပ်ပေးသဗျ။ ဟောဒီလောကကြီးထဲမှာ လောလောဆယ် ကျုပ်လုပ်နိုင်တဲ့ အလုပ်ဆိုတာကလည်း ဒါပဲရှိတယ်ထင်ပါရဲ့ဗျာ''





''ဟုတ်တော့ဟုတ်နေပါပြီဗျာ။ ကိုင်း ... အဲဒီအရုပ်တွေကို ဘယ်ပုံလုပ်ခဲ့တာတုံး ပရော်ဖက်ဆာကြီးရဲ့''

''စ,စချင်းတုန်းကတော့ ပိုကဒီက ပျက်စီးနေတဲ့အရုပ်ကလေးတွေကိုကောက်ပြီး ကောင်းအောင်ပြင်ရတာပေါ့ဗျာ။ ကျုပ်လူမေ့နေပြီထင်တယ်။ ကျုပ်က အင်ဂျင်နီယာဆိုတာကိုလေ။ အဲ ... ပထမဆုံးအရုပ်ကလေးတစ်ရုပ်ရဖို့ တစ်နေကုန်အောင် ပြင်ခဲ့ရတာကိုးဗျ။ အတိတ်နိမိတ်ကောင်းထင်ပါရဲ့ဗျာ။ ရာဘာပစ်တိုင်းထောင် အရုပ်ကလေးရယ်ဗျ။ ကျုပ်ရဲ့ သုခကမ္ဘာ ဘေးနှစ်အိမ်ကျော်က အိပ်ရာထဲမှာလဲနေတဲ့ နာတာရှည်လူမမာ ကလေးမကလေးကို အိမ်တိုင်ရာရောက် ကျုပ်က သွားပေးခဲ့တာ။ ခများကလေးမယ် ပျော်ရှာလွန်းလို့တဲ့လေ မျက်ရည်တောင် ပိုးပိုးပေါက်ပေါက်ကျရှာသဗျ။ နောက်တော့ တစ်နေကုန်ထိုင်လုပ်ရင် နှစ်ရုပ်၊ သုံးရုပ်အထိ ပြီးလာတယ်။ ကျုပ်ကလည်း အိမ်တိုင်ရာရောက် ကလေးတွေလက်ထဲအထိ လိုက်ထည့်ပေးတာပဲ။ နောက်တော့ အရုပ်အပျက်တွေကို ပြင်ရတာငြီးငွေ့လာသဗျ။ ကျုပ်ဘာသာ ကျုပ်စိတ်ကူးနဲ့ကျုပ် အရုပ်ကလေးတွေ တီထွင်လုပ်ကြည့်မိတယ်။ မစသေးခင်သာခက်တာပါဗျာ။ လုပ်ရင်းလုပ်ရင်း လက်တွေ့ပြီး လာဘ်မြင်လာတာပါပဲ''

ဖြစ်နိုင်သည်။

သူ့နံဘေးဝန်းကျင်တွင်ပင် တူ၊ ပလာယာ၊ ကော်၊ ဆေးဘူး၊ ပစ္စည်းပစ္စယလေးတွေ စုံစီနဖာ ပလုံစီနေ၏။ ပစ္စည်းစုံ ရှိသည်။ နေ့စဉ်မပြတ် အရုပ်ပြင်ခြင်း၊ အရုပ်လုပ်ခြင်း၌သာ အချိန်တွေကုန်နေပုံလည်းရ၏။ သူ့ 'သုခကမ္ဘာ' တဲကြီးအတွင်း၌လည်းကောင်း၊ တဲအနောက်ဘက်ကုက္ကိုပင်ကြီးအရိပ်တွင်လည်းကောင်း အရုပ်ပျက်တွေ၊ တစ်ပိုင်းတန်း

လန်း လုပ်လက်စအရုပ်တွေ၊ အရုပ်ပျက်မှ ပစ္စည်းတွေဖြင့် တင်းကျမ်းပြည့်နေသည်။ သူ့ 'သုခကမ္ဘာ'မှာ ဒဏ္ဍာရီဆန်ဆန် ကလေးတို့ကျက်စားရာ အရုပ်နယ်မြေကြီးတစ်ခုလို ဖြစ်နေတော့၏။

[ ၅ ]

ကလေးတိုင်းကလိုချင်ကြ၍ မိဘတိုင်းက သားသမီးများအား ဝယ်ပေးချင်လှသောအရာမှာ စက်ဘီးပင်ဖြစ်သည်။ သို့သော် အုံ့ဩစရာကောင်းစွာပင် ကလေးတိုင်းရခဲ၍ သားသမီးတိုင်းအား မိဘများက ဝယ်မပေးနိုင်တတ်သည့်ပစ္စည်းမှာ စက်ဘီးပင် ဖြစ်နေသည်။

ကံကြီးမောင်က ကလေးတိုင်း စက်ဘီးမစီးနိုင်ရသည့်ဖြစ်ရပ်ကို ရင်နာလှသည်။ သူသည်ပင်လည်း လူပျိုပေါက်အရွယ်အထိ စက်ဘီးစီးတတ်၊ စီးနိုင်ခဲ့သည်မဟုတ်။ စက်ဘီးတစ်စီးကိုယ်ပိုင်ရှိဖို့ကား ဝေးစွ။

"ဟော့ . . . ကလေး။ မင်းမှာ စက်ဘီးမရှိဘူးလားကွယ့်"

"မရှိဘူးခင့်ဗျာ့"

"ကဲကွယ် ... ဝမ်းနည်းမနေပါနဲ့တော့။ မင်းစီးချင်တဲ့ စက်ဘီးကို စီးရစေမပေါ့"

"ဟုတ်လား ... အဟုတ်လားဟင် ... အိုး ... ဝမ်းသာလိုက်တာ"

တစ်ကမ္ဘာလုံးက ပြဿနာများကို မဖြေရှင်းနိုင်သော်ငြား သူ့ကို ဝန်းရံနေသည့် သူ့ဘဝတစ်ကမ်းက ကလေးများ စက်ဘီးစီးရရေးကိုမူ ကံကြီးမောင်က သူ့ဘဝကံကကို ပြဌာန်းပေးထားသည့် သူ့တာဝန်ကြီးတစ်ခုဟု ခံယူသည်။

"ကျွန်ုပ် ပထမဆုံးလုပ်ရတာက ဟောဒီမြို့ကလေးရဲ့ မြို့မိမြို့ဖတွေဆီမှာ ဘယ်လိုမှ သုံးမရပြုမရ ပျက်စီးလို့ ချောင်ထိုးထားတဲ့ စက်ဘီးအမျိုးမျိုး အစုတ်အပြတ်၊ အဟောင်းအမြင်း၊ အတိုအစ အစိတ်အပိုင်းတွေကို ဖွတ်လိုက်အလျှုခံရတာပဲဗျ။ ကျွန်ုပ်ကိုယ်တိုင်က ခေါင်းမာမာ၊ အသည်းကြီးကြီး လုပ်ခဲ့တာလည်းပါတယ်။ ကျွန်ုပ်အလှူခံနေတဲ့ ပစ္စည်းတွေက တန်ဖိုးမည်မည်ရရမရှိဘဲ သူတို့အိမ်တွေမှာ အမှိုက်တွေလောက်နီးနီး ရှုပ်နေလို့ရင်လည်း ဖြစ်ကောင်းဖြစ်မယ်။ အဲ ... တချို့တလေကတော့ ကျွန်ုပ်ရဲ့အရုပ်ဒါန[illegible]ပင်နဲ့ကို နားလည်လို့ရင်လည်း ဖြစ်ချင်ဖြစ်မယ်။ ကျွန်ုပ်မျှော်လင့်ထားတာထက်ပိုပြီး စက်ဘီးအဟောင်းအစုတ်တွေကို စုနိုင်ခဲ့သဗျ။ ကျွန်ုပ်ရဲ့ 'သုခဂေဟာ'တစ်ခြမ်းကို သူတို့က နေရာယူသွားခဲ့သလေ။ တစ်ခုတော့ သေချာတယ်ဗျ။ ကျွန်ုပ်တို့ဥမ္မာဒ္ဓာဘုံကြီးထဲမှာ လူ့နှလုံးသားနဲ့ လူဆန်တဲ့လူတွေ သိုသိုသိပ်သိပ် လူမသိသူမသိအများကြီး ရှိနေကြသေးတယ်ဆိုတာပဲ"

"အဲဒီတော့ ..."

"ဘာဖြစ်ရမလဲဗျ။ ဖြစ်ချင်တဲ့စိတ်ကလည်း အထွတ်အထိပ်





ရောက်နေ၊ ဖြစ်နိုင်တဲ့အခြေအနေတွေကလည်း အသင့်စောင့်နေဆိုတော့ ဘာပြောကောင်းမလဲ၊ ကျွန်ုပ် မီးကုန်ယမ်းကုန် ကြိုးတော့တာပဲကျွန်ုပ်လူရဲ့။ သုံးရက်အတွင်း နေ့မအိပ်ညမအိပ် နေ့မီးညမီးဆက်ပြီး ဆော်လိုက်တာ ကျွန်ုပ်တစ်သက်၊ ကျွန်ုပ်လက်နဲ့လုပ်တဲ့ ပစ္စည်းတွေထဲမှာ ပထမတန်းစား 'First class' လို့သတ်မှတ်နိုင်တဲ့ ကလေးစီးစက်ဘီးလေးတစ်စီးကို ဖန်တီးနိုင်ခဲ့သဗျို့။ ကောင်းလိုက်တဲ့ဘီးကလေးဗျာ။ 'Preasant' အမျိုးအစား ခွေးတောက်စိမ်းကလေးဗျ။ အကောင်စားမှုတ်ဆေးကိုသုံးပြီး ဖိတ်ဖိတ်တောက်လက်နေလေတော့ ပြင်ဘီးလို့တောင် တစ်စက်ကလေးမျှ ထင်ရက်စရာမရှိဘူး။ သိတယ်မဟုတ်လား ... ကျွန်ုပ်က တစ်ချိန်က အင်ဂျင်နီယာလေဗျာ ... ဟဲ ... ဟဲ ... ဟဲ"

"အဲဒါကလေးပြီးတော့ ဘယ်လိုလုပ်လိုက်သလဲဗျ"

"မျက်စိကလေးအသာမှိတ်ပြီး တွေးကြည့်လိုက်စမ်းပါ ကျွန်ုပ်လူရယ်။ ဘယ်လောက်များ ကြည်နူးပီတိဖြစ်ချင်စရာ အလုပ်လဲလို့။ ကျွန်ုပ်က ကျွန်ုပ်ရဲ့ဘီးကလေးတွေကို နာမည်ပေးထားသဗျ။ 'ဝိသကြံ'၊ 'နတ်မြင်းပျံ'၊ 'မြင်းရိုင်း'၊ 'ဇော်ဝိတ်' စသဖြင့်ပေါ့ဗျာ။ ကျွန်ုပ်အာရုံကျသလို ကျွန်ုပ်စိတ်ထဲတွေ့သလို ပေးထားလိုက်တာပါပဲ။ အဲ ... အဲဒီကျွန်ုပ်ရဲ့ပထမဦးဆုံး ရင်သွေးဘီးစိမ်းကလေးရဲ့နာမည်က 'ကောင်ကလေး' တဲ့ဗျ။ ကောင်ကလေးကို သုခဂေဟာရဲ့ ကုက္ကိုပင်ကြီးအရိပ်မှာ ထောင်ထားပြီး စက်ဘီးစီးသင်ပေးတော့မယ်လို့လည်း သတင်းလွှင့်လိုက်ရော ကျွန်ုပ်ဖောက်သည် လူကြီးလူကောင်း အမျိုးကောင်းသားသမီးကလေးတွေ နှပ်ချေးတွဲလောင်း ချွေးပန်းတန်းလန်းနဲ့ လာလိုက်ကြ အပြေးအလွှားပလေသာဗျာ။ ဝိုင်းဝိုင်းကိုလည်လို့ဗျာရေ့။ သူတို့မျက်လုံးကလေးတွေ ဟာများဆို တောက်လက်ပြီး ပြူးပြောင်နေတာပဲ။ 'ကောင်ကလေး'

ကို တကယ့် အဖိုးထိုက်အဖိုးတန် ရတနာကြီးတစ်ပါးကျလို့။ သူတို့ လက်သေးသေးကလေးတွေနဲ့ ကိုင်ကြည့်ရတို့ကြည့်ရတာနဲ့ ကျေနပ်နေကြလို့ ... တကာတဲ'"

"ပရော်ဖက်ဆာကြီးပြောပုံကို နားထောင်ရတာနဲ့တင် မြိန်စရာကြီးခင်ဗျာ။ တကယ်ပဲ"

"ဒီလိုနဲ့ ကျုပ်လည်း ဇောတွေကပ်ပြီး သဲသဲမဲမဲ အလုပ်လုပ်လိုက်တာ အသစ်နီးပါးကောင်းတဲ့ ပြင်ဘီးကလေး(၇)စီးလည်းရရော စက်ဘီးစီးသင်ပေးရုံတွင် မကတော့ဘူးဗျို့။ ဟိုနားဒီနား ထသွားထလာစီးချင်တဲ့ သောက်ကြွားထူငနဲကလေးတွေကို အလှည့်ကျငှားပြီး ပေးစီးခဲ့တယ်ဗျ။ ကျုပ်ရဲ့ 'သုခကမ္ဘာ'ဟာ ကလေးတွေအတွက် 'အရုပ်လက်ဆောင်' ပေးရုံတင်မကတော့ဘဲ စာအုပ်ငှားတဲ့ စာကြည့်တိုက်များလို စက်ဘီးငှားတိုက် ဖြစ်လာပြန်ရောဗျို့"

"ကြံကြံဖန်ဖန်ဗျာ။ စက်ဘီးငှားတိုက်ရယ်လို့ပဲ"

"ကျုပ်လူမလည်း မျက်မြင်ထင်ရှား အကောင်လိုက်ကြီး တွေ့နေတာတောင်မှ လက်ခံဖို့ အဆင်သင့်မဖြစ်သေးတဲ့ပုံပဲ။ ရှုံ့တွန့်တွန့်ဆုတ်ဆိုင်းဆိုင်းကြီးကိုဖြစ်လို့။ စာအုပ်ငှားပေးတော့ စာကြည့်တိုက်။ စက်ဘီးငှားပေးတော့ စက်ဘီးငှားတိုက်ပေါ့လူရ။ အနှစ်သာရကိုမကြည့်ဘဲ ဘာလို့ အကွရာစကားလုံးတွေမှာ လိုက်ကတ်သတ်နေချင်ရတာလဲ။ သူများနှုတ်ဖျားမှာ လမ်းမဆုံးစေနဲ့ဗျ။ ကိုယ့်နှလုံးသားက ရိုးရိုးသားသားပြောလာတဲ့အတိုင်း ယုံယုံရဲရဲလိုက်သာလုပ်။ မှားစရာမရှိပါဘူး လူရာ။

ကျုပ်တစ်သက်မှာဖြင့် လက်မှတ်ကလေး တစ်ချက်ထိုးလိုက်ရုံနဲ့ စက်ဘီးလှလှကလေးတစ်စီးကို ခဏတာပိုင်ဆိုင်ခွင့်ရလို့ ပျော်နေရှာတဲ့ ကလေးငယ်လေးတွေရဲ့အသံဟာ ဘယ်လိုပညာရှင်မျိုးကမှ ရေးဖွဲ့





မမီနိုင်တဲ့ တကယ့်အလှအပဆုံး ဂီတသံစဉ်တွေလို တွေးခဲ့မိရတာပေါ့ ကျုပ်လူရာ ..."

သူ့တဲကြီးအတွင်း စက်ဘီးပျက်မျိုးစုံ၊ ပြင်လက်စ တစ်ပိုင်းတန်းလန်းတွေ အများကြီးရှိသည်။ ကုတ္တိုပင်ရိပ်တွင်လည်း အဟောင်းပုံကြီးတစ်ပုံ ရှိသေး၏။ ဆေးမှုတ်ထားပြီး အခြောက်လှမ်းထားသည့် ချယ်ရီရောင်စက်ဘီးကလေးက တန်းတွင် တွဲလွဲခိုလျက်။

ကျွန်တော်တော့ဖြင့် 'ပရော်ဖက်ဆာကြီး'၏နှလုံးသားကို လှစ်ခနဲ မြင်လိုက်မိပြီထင်သည်။

ရင်ထဲ၌လည်း တလှိုက်လှိုက်ခုန်နေသည်။

သူ့စိတ်အလွဲတွေနှင့် သူ့ရင်နှလုံးတို့ ကာရန်ညဲနေမှုကိုလည်း အံ့အားသင့်ချင်မိသည်။

ကျွန်တော်တို့မတွေးခဲ့ဖူးသော တွေးထောင့်မှ ရပ်ကြည့်လျက် သူယုံကြည်ရာသူ့လမ်းကို သူ့နည်းနှင့်သူ ဖွဲ့ခတ်လျှောက်နေသည့် 'ပရော်ဖက်ဆာကြီး'တစ်ဖြစ်လဲ 'သုခကမ္ဘာဆရာကြီး' ၏ကြီးမောင်ကိုကြည်ရင်း ပို၍ ကျက်သရေရှိလာနေသလိုလို။

[ ၆ ]

❑

သည့်နောက်တွင်လည်း ကံကြီးမောင်၏ ကောင်းသတင်းတွေကို ဆက်တိုက်ကြီးကြားနေရသည်။

မြို့မွန်သာတွင် သူ့ 'အရုပ်ဒါန' နှင့် 'စက်ဘီးအငှားတိုက်' လုပ်ငန်းက တချို့တချို့တွေ၏ အိပ်နေသော 'လူစိတ်' ကို ခပ်ဆတ်ဆတ်ကလေး ပုတ်နှိုးပစ်လိုက်ပုံရ၏။

ကံကြီးမောင်၏လုပ်ငန်းကို ကူညီပံ့ပိုးသူတွေလည်း ပေါ်လာသည်။ ကလေးကစားစရာ အရုပ်သစ်တွေ၊ စက်ဘီးအသစ်ကလေးတွေကို တခုတ်တရဝယ်လှူသူတွေပင် ရှိလာခဲ့၏ ... တဲ့။

စိတ်ကူးသစ်စာပေ



ကံကြီးမောင်ကို ပတ်ပတ်ရံနေသည့် ကုသိုလ်ထူးသူ ချာတိတ်ငယ်ကလေးများကား သူ့ 'မေတ္တာစက်ဝိုင်း' 'ကုသိုလ်ဓာတ်လှိုင်း' အတွင်း သူနှင့်အတူ အပြုံးအစစ်တွေကို မွေးဖွားပြုစုခွင့်ရနေကြပေပြီ။

မြို့မွန်သာက သူ့သတင်းတွေက ရွာကလေးနှင့် 'မျက်မှင့်' ဝေနေယျတွေကို မုဒိတာတွေဝေမျှလျက် ကုသိုလ်စိတ်တွေ ဆက်စေခဲ့သည်ပင်။

တစ်ခါတစ်ရံတော့လည်း 'ပရော်ဖက်ဆာကြီး' သူ့ကို ရွာကလေးက အလွမ်းချင်သား။

❋ ❋ ❋

[ ၇ ]

❑

"ဟော့ . . . စားရေးဆရာ၊ ဟိုသတင်း ကြားပြီးပလား"

"ဟော . . . ဟိုဘကျော်။ ခင်ဗျားမို့ပဲ တွေ့မှမတွေ့လိုက်နဲ့။ ပါးစပ်ကြီးဟလိုက်ရင်ကို ပဟေဠိတွေက ပါလာပြီ။ ကဲ . . . ပြော။ အခုလည်း ဘယ်လို မထိတ်သာမလန့်သာ ဟန်းကောသတင်းတွေနဲ့ လှန့်ချည်ပေးဦးမလို့လဲ ဟင် . . . ကိုယ့်လူ"

"ဒီတစ်ခါတော့ အစစ်အမှန်ရင်ခံရမယ့် သတင်းကြီးဗျာရေ့။ ကျုပ်တို့ ပရော်ဖက်ဆာကြီးတစ်ယောက် မြို့မွန်သာက ရုတ်တရက် ပျောက်သွားလို့တဲ့ ခင်ဗျ"

"ဘာရယ် . . ."





"ဟုတ်တယ် . . . ဟိုးတစ်နေ့က လေနီကြမ်းကြီး အရမ်းကာရောတိုက်သွား။ ဝင်မွှေပြီးတဲ့နောက် နှစ်ရက်လောက် မိုးရောလေရောလေဟောကြီးတွေ လုပ်ချသွားပါသေးရောလား"

"အေးလေ . . . မြို့မွန်သာမှာ. အပျက်အစီး အတော်များဆိုပဲ။ ကျုပ်တို့ရွာကလေးတွေဘက်လည်း မလွတ်ခဲ့ပါဘူးလေ။ အဆောက်အအုံတွေရော၊ လယ်တွေကိုင်းတွေရော အတုံးအရုံး ထိခဲ့တာပဲဟာ"

"အေး . . . အဲဒီ မိုးကြီးလေကြီးမကျခင် သုံးရက်လောက်ကတည်းက ကျုပ်တို့ပရော်ဖက်ဆာကြီးက မြို့ထဲမှာတွေ့သမျှလူတွေကို နောက်ဆုံးရက်ကျရင် အကုသိုလ်အညစ်အကြေးတွေကို ဆေးတဲ့မိုးကြီး ရွာလိမ့်မယ်။ အဲဒီမိုးကြီးရွာချပြီးရင် လောကကြီးက ပိုပြီးနေပျော်ချင်စရာ ကောင်းလာလိမ့်မယ်။ အဲဒီမိုးကြီးနဲ့အတူ သူလည်း မြို့မွန်သာက ထွက်သွားရတော့မယ်လို့ ပြောပြောနေခဲ့သတဲ့ဗျ။ ခင်ဗျားသိတဲ့အတိုင်း လူတွေက သူ့လုပ်ရပ်နဲ့သူ့လုပ်ရပ်ကနေ သီးပွင့်လာတဲ့ရလဒ်တွေကိုပဲ စိတ်ဝင်စားကြတာ။ သူ့အကြောင်းနဲ့ သူ့စကားတွေကိုဆို တခုတ်တရ အရေးလုပ်တဲ့လူ ဘယ်မှာရှိကြလို့တုံး။ ဒီအတိုင်းတိုင်းပဲ နေ့နေခဲ့ကြတာတဲ့။ ဟော . . . သူပြောသလို လေနီကြမ်းကြီးမွှေ၊ လေကြီးမိုးကြီးတွေကျလာတော့လည်း ကိုယ့်ဒုက္ခတွေနဲ့ကိုယ် ထွေးလုံးရစ်ပတ်မို့သူ့ကို သတိတောင်မရနိုင်ခဲ့ကြဘူးတဲ့"

"အင်း . . ."

"လေမိုးငြိမ်တယ်ဆိုရင်ပဲ သူ့ရဲ့ဝေနေယျ ဘုစုခရုကလေးတွေက သူတို့သုခကမ္ဘာဆရာကြီးဆီ သံယောဇဉ်တကြီး ပြေးလွှားသွားကြတော့ ကျုပ်တို့လူ ကံကြီးမောင်ကို လုံးဝမတွေ့ရတော့ဘူးတဲ့ဗျ"

"ဟင်"

''ဒါပေမဲ့ သူ့သုခကမ္ဘာတဲကြီးက သက်ငယ်တစ်စ၊ ထရံကျိုး တစ်ချောင်းတောင် ခြေရာလက်ရာ မယွင်းမပျက်ခဲ့ဘူးတဲ့။ အကောင်း ပကတိအတိုင်းပဲတဲ့။ သူလုပ်ထားခဲ့တဲ့ ကလေးကြိုက်အရုပ်ကလေးတွေ ဆိုတာလည်း ခြင်းကျားကြီးနဲ့နှစ်လုံး အပြည့်ကျန်ခဲ့သတဲ့ဗျ။ ပြီးတော့ ပြင်ပြီးလက်စ ပြိုင်ဘီးအသစ်ကလေးတစ်စီးကလည်း ထောင်လျက်ကျန် နေခဲ့သေးသတဲ့။ အဲ ...အဲဒီ နီညိုရင့်ရောင်ဘီးကလေးရဲ့နာမည်က 'ဇော်ဂျီ'တဲ့ ခင်ဗျားရေ''

''လိုက်မရှာကြတော့ဘူးလားဗျာ''

''နေမလားဗျ။ သူရှိနေတုန်းက မသိလိုက်မသိဘာသာနေခဲ့တဲ့ မြို့ကလေးကလူတွေဟာ သူမရှိတော့ဘူး၊ ပျောက်သွားပါပြီဆိုတော့မှ ပဲ သူတို့ကလေးတွေနဲ့အတူ ငါးရံ့ပြာလူး ဖြစ်ကြရတော့တာရယ်၊ အိမ်မြှောင်အမြီးပြတ်သလို ယောက်ယက်ကိုခတ်လို့ ...တဲ့ဗျ။ လက် လှမ်းမီရာတွေကို ထောင်းလမောင်းထအောင် မြေလှန်ကြတော့တာပဲ တဲ့။ နို့ပေတဲ့ ...ပရော်ဖက်ဆာကြီးရဲ့ ထုံးစံအတိုင်း နောက်ထပ်သူ့ကို အရိပ်တောင် မမြင်ကြရတော့ဘူးတဲ့ဗျာ''

''ဩော် ...''

'ဩော်' ဆိုသည်ထက် ပိုလွန်၍ဆိုရန် စကားအကွရာလည်း မရှိတော့ပါချေ။

▀ ▀ ▀

ဤဖေကိုယ်



| ၁ |

❑

တောကောင်များဆိုသည်ကား ... ပင်လယ်သမုဒ္ဒရာများကဲ့သို့ မာယာများတတ်သည်က အမှန်။ ပို၍ဆိုးဝါးသည့်အချက်က တစ်နေရာနှင့်တစ်နေရာ (တစ်တောနှင့်တစ်တော) စရိုက်သဘာဝ၊ အကြိုက်ချင်း မတူညီကြသည်ကို အဲဒီတောတောင်များတို့အတွင်း အမှန်တကယ်ဝင်ရောက်ပစ်ခတ်ကြဖူးသူများတို့သာ သိကြသည့်အရာဆိုသည်က အမှန်ပင်ဖြစ်ပေသည်။

ထိုအချက်ကို မုဆိုးလုပ်နေကြသည့် ကျွန်တော်တို့အဖွဲ့သားများ ယခုမှပင်သိရှိကြသလားဟု မေးစရာအကြောင်းတော့ရှိသည်။





အမှန်အတိုင်း ဝန်ခံရလျှင် ယခင်ကကိုယ်တွေ့တော့ဖြင့်မဟုတ်၊ ရွာခံမုဆိုးများ၏ ပြောစကားများအကြားအရသာဖြစ်သည်။ ကိုယ်တွေ့ကိုတော့ဖြင့် ယခုသည်တောကိုဝင်ရောက်ပစ်ခတ်ကြတော့မှ သိရှိလိုက်ရခြင်းပင်။

ကျွန်တော်တို့အဖွဲ့ တောတစ်တောအတွင်း ဝင်ရောက်ကာ အမဲပစ်ခတ်ကြလေတိုင်း ရွာခံမုဆိုး၏အကူအညီဖြင့် သူတို့တော၏စရိုက်၊ သဘာဝအရ တောထုံးစံ (တောလမ်းမိုင်း)ကို ဦးစွာတင်မြှောက် ပ,သ တောင်းခံပြီးခါမှ ဝင်ရောက်ပစ်ခတ်ကြသည်ချည်းပင်။ ထိုလုပ်ဆောင်ချက်များကြောင့် ကျွန်တော်တို့အဖွဲ့သားများမှာ ကိုင်ဆောင်သည့်သေနတ်များကြောင့်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း အမှားအယွင်းမရှိခဲ့ကြသည်က ယနေ့ထက်တိုင်အောင်ပင်။

ထိုကဲ့သို့ ဆောင်ရွက်နေပါလျက်နှင့် သည်တောကိုဝင်ရောက်ပစ်ခတ်တော့မှ သူ့တောထုံးစံအတိုင်း တောလမိုင်းတင်မြှောက်ပါသော်လည်း လူတစ်ယောက်၏စကားအမှားကြောင့် အဖွဲ့သားအားလုံး ကသီကရီဖြစ်ကာ ဒုက္ခတွင်းဆီသို့ မသက်ဆင်းလိုက်ကြရသည်က ကံတရားက ကိုယ့်ဘက်တွင်ရှိနေသေး၍ပင်ဟု ပြောယူရမလောက်အောင်ပင်ဖြစ်ရပ်ကိုလည်း ကြည့်ဦး ...။

ဖြစ်ပုံက ...

တောင်စဉ်ရှက်ကြီးကို ကတော့ထိုးပြီး ထမင်းဦးပေါင်းများထည့်ကာ အပေါ်တွင် တောကြက်ဥပြုတ်တစ်လုံးကို ထောင်၍ထည့်လိုက်သည်။ ထိုကတော့ထဲတွင်ပင် (ကွမ်း+ဆေး+လက်ဖက်) တို့ကို ထပ်မံထည့်သွင်းလိုက်ပြီး၊ တောအဝင် 'အင်ကြင်းပင်ကြီး' အောက်ခြေ မြစ်ဆုံကြားတွင်ထောင်လျက် ထိုးစိုက်လိုက်ပြီး ဖန်ခွက်အတွင်းသို့ (ဦးရည်)

ထန်းလျက်အရက်ကို အပြည့်လောင်းထည့်ကာ ဘဲဥကြော်နှင့်တောငှက် ပျော့ရွက်များဖြန့်ခင်းထားသည့် မြေပြင်ထက်ဆီသို့ ဖန်ခွက်နှင့်ပုလင်း အပြင် အမြည်းပန်းကန်တို့ကိုပါ ချထားလိုက်ပြီး တောပိုင်တောင်ပိုင် များထံမှ သူလိုချင်သော သားကောင်များတို့ကို တောင်းခံတော့မည့် အဘကောင်းအပြုအမူကို ကျွန်တော်တို့အုပ်စု ခပ်လှမ်းလှမ်း သစ်ပင်ရိပ် အောက်ဆီမှ ငေးမောကြည့်နေလိုက်ကြသည်။ ထိုစဉ် အဘကောင်း အသံက ထွက်လာသည်က …

"ကဲ … တောလမိုင်းတင်တောင်းတော့မယ်။ အားလုံးကို ပြောချင်တာက တင်မြှောက်ပ,သတောင်းခံနေတဲ့အချိန်မှာ ချောင်းမဆိုး နဲ့ သလိပ်မဟပ်နဲ့၊ တံတွေးမထွေးနဲ့၊ နှပ်မညှစ်နဲ့၊ စကားမပြောကြနဲ့၊ အီးမပေါက်နဲ့၊ ဖိနပ်ကိုဖင်ခုမထိုင်ကြနဲ့၊ ဦးထုပ်ကို ပြောင်းပြန်မဆောင်း ကြနဲ့။ အဲဒီစည်းကမ်းတွေကို မလိုက်နာနိုင်တဲ့လူတွေ စခန်းမှာ ပြန်နေ ကြ … ဒါပဲ"

အဘကောင်းက သည်တောသို့အရောက် သည်စကားကိုပြော ရမည်မို့ ပြောနေကျအတိုင်း ပြောလိုက်သည်။ ကျွန်တော်တို့အဖွဲ့သား များအဖို့ ယခုလို တောတင်သည့်အခါတိုင်းတွင် သူ့နေရာ၊ သူ့ဒေသ၊ ထိုကဲ့သို့ ပြောကြားလိုက်သည့်အပေါ် နားလည်ထားကြသော်လည်း နားမလည်နိုင်သူတစ်ယောက်ကတော့ ရှိနေသည်။ ထိုသူကား …

'ဒိန်'ဆိုသူ တစ်ယောက်ပင်။ အဘယ့်ကြောင့်ဆိုသော် သူ ဆောင်းထားသည့် လျှာထိုးဦးထုပ်ကို ပြောင်းပြန်ဆောင်းထားသည့် အတွက်ပင်။

တောလမိုင်းတင်မြှောက်နေသည့် 'အဘကောင်း' ပြောလိုက် သည့်စကားတို့ကို သူက ရယ်ဖြဲဖြဲနှင့် ကျွန်တော်တို့နှင့်ထိုင်ကာ နား





ထောင်နေသော်လည်း သူဆောင်းထားသည့် လျှာထိုးဦးထုပ်ကို ပြင်ဆင် မဆောင်းသည့်အတွက်ကြောင့်ပင်။

သူ့ပုံစံက တောထုံးစံအရလိုက်နာရမည့် တောစည်းကမ်းကို မလိုက်နာသည့်အပြင်၊ ရယ်ဖြဲဖြဲနှင့် မဆိုးမခန့်မယုံကြည်သည့်အသွင်မျိုး နှင့်ရှိနေသည်မို့ အခြေအနေကိုရိပ်မိကာ ကျွန်တော်နှင့် ဆက်နွယ်ပတ် သက်နေသူတစ်ဦးမို့ ကျွန်တော်က သူ့အနီးဆီသို့တိုးကပ်သွားပြီး ဆောင်း ထားသည့်ဦးထုပ်ကိုဆွဲဖြုတ်ကာ လက်တွင်ကိုင်ဆောင်ထားလိုက်သည် ကိုပင် သူ့ဟန်ပန်က ကျွန်တော်တို့အုပ်စုအတွင်း (ညွှပ်ကြီးပိုင်း) နှင့် သူ့ကို အစော်ကားခံလိုက်ရသည်ကို ကျေနပ်ပုံမရ။ သူ့ဆရာရင်းသည် ကျွန်တော်ဖြစ်နေသည့်အတွက် အလျှော့ပေးလိုက်သည့်အသွင် လူလိမ္မာ ပုံစံမျိုးနှင့် ရယ်ဖြဲဖြဲ အမူးလွန်နေသည်ပဲကိုး။

အဘကောင်းဆိုသည့် အဘိုးကြီးကလည်း ကျွန်တော်တို့ အဖြစ်ကို သတိထားနေသူမို့ ဘာကိုတော့ဖြင့် တစ်လုံးတစ်ပါဒမျှဖြင့် မပြော။ သူ့အလုပ်ကိုသာ သူဆက်လုပ်သွားသည်က …

အဘကောင်းက ပုဆစ်တုပ်ထိုင်ချကာ ဦးချကန်တော့လိုက် ပြီး နှုတ်ကလည်း …

"သည်တောကို ပိုင်ဆိုင်ကြတဲ့ အရှင်သခင်များခင်ဗျား။ အရှင် ကြီးတို့အဝန်းအဝိုင်းတွင် ပိုင်ဆိုင်တော်မူသော တပည့်သားသမီးများ ထဲမှ ဆိုဆုံးမ၍မရသော ချိုကျိုးနားရွက်ပဲ့ ပြီးလိမ်ဖင်စောင်း။ ခွာလိမ် ချိုကုပ် ဆုံးမလို့မရသော သားကောင်ငမိုက်သားများတို့ကို ကျွန်တော် မျိုးတို့အား ပေးသနားမစတော်မူပါ၊ မ,စတော်မူပါအရှင်ကြီး။

အရှင်ကြီး၏မျက်မှောက်တွင် ယခုတွေ့မြင်နေကြရသည့် ကျွန် တော်မျိုးတို့အဖွဲ့သား တပည့်သားသမီးများတို့ကိုလည်း အမှားပါရင်

ခွင့်လွှတ်ပါ။ တောထဲကို သွားကြတဲ့အခါ မခြောက်ပါနဲ့။ မမှောက်ပါနဲ့။ မမှားပါစေနဲ့။ လမ်းသွားရင်းသားကောင်များက ကန့်လန့်ခံပါစေ။ ဒိုင်းခနဲပစ်လျှင် ဗုန်းခနဲလဲပါစေ၊ ခြေတော်နှင့်လက်တော်တို့ကို ချုပ်ပေးပါ။ မျက်စိကိုမှိတ် နားတော်ကိုပိတ်ပေးပါ။ လွယ်လင့်တကူ ပစ်ခတ်လို့ရအောင်လည်း ပေးသနားတော်မူပါခင်ဗျား။ တင်မြှောက်ထားသည်များကိုလည်း သုံးဆောင်တော်မူပါခင်ဗျား ... သုံးဆောင်တော်မူပါခင်ဗျား''

ထို့ကဲ့သို့ တောင်းခံနေစဉ် ...

''ဒီမှာ အဘကောင်း။ ဒီအဖွဲ့ထဲမှာ ခင်ဗျားအသက်အကြီးဆုံးအတွေ့အကြုံလည်း ကြီးသူတစ်ယောက်မို့ လေးစားမိတာအမှန်ပါပဲ။ ဒါပေမဲ့ အခု ခင်ဗျားတောတင်ပြီး တောင်းနေပုံကိုကြားလိုက်ရတော့ အင်မတန်အောက်တန်းကျတဲ့ တောင်းနည်းမျိုးပဲဗျ။ ချိုကျိုးနားရွက်ပဲ့လို အကောင်ကိုတောင်းမနေစမ်းပါနဲ့ဗျာ။ တောင်းရင်လည်း အကောင်ကြီးကြီးကို တောင်းစမ်းပါ။ ဒီလောက်နဲ့ မလုံလောက်သေးဘူးဗျ။ သားကောင်ကြီးကြီးကို ကြိုးနဲ့တုပ်ပြီး သစ်ပင်မှာချည်ထားခိုင်းလိုက်ဦး။ ဒါမှ ကျည်ဆန်မကုန်ဘဲ ဓါးရင်းတုတ်နဲ့ ရိုက်ယူလို့ရအောင်လေ။ တောင်းမှတော့ အဲသလိုမျိုးသာ တောင်းဗျာ''

ထုံးစံအတိုင်း ယခုကဲ့သို့ တောလမိုင်း။ တောင်လမိုင်း တင်မြှောက်ပ,သတောင်းခံပြီးသောအခါ ပုလင်းအတွင်းနှင့် ဖန်ခွက်အတွင်းရှိ လက်ကျန်အရက်ကို တပည့်ခံကာသောက်သုံးကြဖို့ အနီးမှစောင့်စားနေကြသည့် ကျွန်တော်တို့အုပ်စုထဲမှ 'ဒိန်'၏ ခပ်ထွေထွေကလေးနှင့်ဝင်ရောက်ပြောလိုက်သည့်စကားတို့ကြောင့် ကျွန်တော်တို့အားလုံး တအံ့တသြအသွင်မျိုးနှင့် သူ့ထံသို့အကြည့်များ ရောက်သွားကြပေသည်။

အဘကောင်းကား ကျွန်တော်တို့အားလုံးဆီသို့ မျက်စောင်း





တစ်ချက်လှမ်းထိုးလိုက်ပြီး 'ဒိန်'ကို မီးထွက်တော့မတတ် မျက်လုံးရဲရဲနှင့် စူးစိုက်ကြည့်လိုက်ရင်း အလွန်အမင်း ဒေါသထွက်နေသည်နှင့်အတူပြောလိုက်ပုံက ...

''တယ်ခက်ပါလားကွာ။ ကိုသိန်းလွင်နဲ့ ဘိုလေးတို့ရှိနေလျက်နဲ့ ဒီကောင်ကို မထိန်းနိုင်ကြဘူးလား။ ဟော့ကောင် ... နင်လူစိမ်းဖြစ်နေလို့ ဒီတစ်ခါသက်သာသွားတယ် မှတ်''

အဘကောင်းတစ်ယောက် အလွန်အမင်း ဒေါပွသွားသည်နှင့်အတူ အင်ကြင်းပင်ကြီး၏ပင်စည်လုံးတွင် ပြောင်းပြန်လှန်ကာ ထောင်ထားကြသည့် သေနတ်များအထဲမှ သူ၏သေနတ်နှင့် ကျည်ခါးပတ်ကိုဆွဲယူကာ ကျွန်တော်တို့အုပ်စုကို ကျောခိုင်းထွက်ခွာသွားပေတော့သည်။ စိတ်အလွန်ဆိုးသွားသည်မို့ တောလမိုင်းတင်မြှောက်ခြင်း လုပ်ငန်းကိုပင် ပြီးဆုံးအောင် လုပ်ကိုင်ဆောင်ရွက်မသွားဘဲ ထွက်သွားသည်ကိုကျွန်တော်တို့လိုက်လံမခေါ်မိတော့။ ပြန်ခေါ်လျှင်လည်း ရမည်မဟုတ်ကြောင်းကို အားလုံးက သိရှိထားကြသည်ပဲ မဟုတ်ပါလား။

အမှန်တော့ အဘကောင်းစိတ်ဆိုးကာ ထွက်သွားသည့်အချိန်သည် တောလမိုင်းတင်မြှောက်ပသတောင်းခံခြင်းလုပ်ငန်းများတို့ မပြီးဆုံးသေးကြောင်းကို ကျွန်တော်တို့အဖွဲ့သိနေပါသည်။ နောက်ထပ်လုပ်ဆောင်ရမည်အဆင့်က လေးဆင့်ကျန်နေသေးသလို ထိုသို့ကျန်နေသောလေးဆင့်ထဲတွင် အရေးအကြီးဆုံးဖြစ်သည့် တောကြက်ဥပြုတ်ကိုအခွံနွှာ၊ အကာကိုဖယ်၍ အတွင်းရှိအနှစ်ဝါဝါ အလုံးကလေးဆီမှ သားကောင်များကို အကြီးအသေး ပွယ်လွယ်နှင့်ပစ်ခတ်လို့ ရနိုင် မရနိုင်၊ အန္တရာယ်နှင့်တွေ့နိုင် မတွေ့နိုင်ဆိုသည့် 'ပြချက်'တို့ကို နိမိတ်ကောက်ယူဖို့ လုပ်ငန်းစဉ်များတို့က ကျန်နေသေးသည်မဟုတ်ပါလား။

သူ့အနေနှင့် အတွေ့အကြုံမရှိ၍ နားမလည်၍ ထိုအမှားကို အမှားတစ်ခုဟုမထင်မှတ်ဘဲ ကျူးလွန်လိုက်ခဲ့မိပေမဲ့ ကျွန်တော်တို့အဖွဲ့အတွက် အရေးတကြီးကိစ္စရပ်မျိုး ဖြစ်နေသည့်အတွက် 'အဘကောင်း' စိတ်ဆိုးမည်ဆို ဆိုးလောက်စရာပင်။ အဘယ့်ကြောင့်ဆိုသော် အစဉ်အလာအရ ယခုလိုတောလမိုင်း တင်မြှောက်ပ,သတောင်းခံနေသည့်အချိန်အခါမျိုးတွင် ကျန်လိုက်ပါလာကြသူ ကျွန်တော်တို့လို ဘေးမှကြည့်နေ (တပည့်ခံ) နေကြသည့်လူအုပ်စုက စကားမပြောရ၊ ချောင်းမဆိုးရ၊ သလိပ်မဟပ်ရ၊ နှပ်မညှစ်ရ၊ တံတွေးကိုမျိုမချရ၊ အီးမပေါက်ရ၊ ဖိနပ်ဖင်ခုမထိုင်ရ၊ ဦးထုပ်ကို ပြောင်းပြန်ဆောင်းမထားရဆိုသည့် စည်းကမ်းသတ်မှတ်ချက်များက ရှိနေကြသလို ထိုကဲ့သို့ တောလမိုင်းတင်မြှောက်ခြင်းလုပ်ငန်းကို အောင်မြင်စွာ ပြီးဆုံးသွားသော်လည်း တောတွင်းဆီသို့ သားကောင်များကို ဝင်ရောက်ပစ်ခတ်ကြသည့်အခါ အခြားသော စည်းကမ်းသတ်မှတ်ချက်များတို့ကလည်း ရှိနေကြပြန်သေးသည်။

ဥပမာ အနည်းငယ်သော အချက်များကို တင်ပြရမည်ဆိုလျှင် ...

တောတွင်းသို့ သားကောင်များကိုရှာဖွေပြီး လိုက်လံပစ်ခတ်ကြသည့်အခါ ခေါင်းတွင်အမွှေးနံ့သာ (ဘယ်ရီကရိမ်းနှင့်ကော့စမစ်) မလူးရ၊ ရေချိုးသည့်အခါ ဆပ်ပြာတိုက်ပြီး ကြေးမချွတ်ရ၊ အမွှေးနံ့သာမလိမ်းရ၊ စီးကရက်မသောက်ရ၊ လမ်းသွားရင်း ရှူးကို မဆင်မခြင်မပေါက်ရ၊ လမ်းသွားရင်း မလွတ်မကင်းဖြစ်နေသည့် သစ်ကိုင်းသစ်ခက်များတို့ကို မချိုးဖဲ့ရ စသည်စသည်များတို့အပြင် အခြားသတိထားရမည့်အချက်များတို့က တစ်ဦးနှင့်တစ်ဦး မည်သည့်ပစ္စည်းကိုမဆို အပေးအယူလုပ်သည့်အခါ နောက်ပြန်ပေးခြင်း၊ ယူခြင်းမျိုးကို မပြုလုပ်ရ၊





(အထူးသဖြင့်သေနတ်)။ ထမင်းဟင်းချက်သည့်အခါ စလောင်းဖုံးနှင့်အုပ်ကိုမတီးရ၊ အိုးခွက်ပန်းကန်များကို ပက်လက်လှန်မထားရ၊ မီးဆိုက်မည့်ထင်းချောင်းများကို ဒူးခေါင်းနှင့်ဆောင့်ကာ မချိုးရဟူသော ပညတ်ချက်များစွာက ရှိနေကြသည်မဟုတ်ပါလား။

အထူးသတိထားရမည့်အချက်က သက်မဲ့ပစ္စည်းများကို မထင်မှတ်ဘဲ စကားပြောလိုက်မိခြင်းမျိုးပင်။ ထင်သာမြင်သာအောင် ပြောရမည်ဆိုလျှင် တောတွင်းတစ်နေရာစခန်း(အထိုင်ချရာ)ဆီတွင် ထမင်းစားသောက်ကြရန်အတွက် ခူးခပ်ပြီးသောအခါ ...

"ကဲ ... ခူးလို့ခပ်လို့ပြီးပြီဟေ့။ လာကြကွာ ... စားလိုက်ကြရအောင်"

ဟူသော အသုံးအနှုန်းမျိုးပင်။ ခေါ်လိုက်သည့်သူက သူ့အဖွဲ့သားများ ထမင်းစားသောက်ကြရန် စေတနာနှင့် အမှန်ခေါ်လိုက်ခြင်းဖြစ်သော်လည်း ဝန်းကျင်ရှိ မြင်အပ်မမြင်အပ် နာနာဘာဝများတို့က အလစ်အငိုက်ကိုစောင့်စားနေကြစဉ် ထိုကဲ့သို့ အပြောအဆို အသုံးအနှုန်းကြောင့် သူတို့အတွက် အခွင့်အရေးရသွားကာ တစ်နည်းနည်းနှင့် ချဉ်းကပ်ဝင်ရောက်တတ်ကြသည်တို့က ရှိနေတတ်ကြသည်မဟုတ်ပါလား။

ယခုမှ ကျွန်တော်တို့မုဆိုးအဖွဲ့ ထာဝစဉ်အလေးထား လိုက်နာလာခဲ့သော မုဆိုးတို့တောလမိုင်းတင်ခြင်း စည်းကမ်းသတ်မှတ်ချက်ကို 'ဒိန်'ဟူသော လူတစ်ယောက်က ဝင်ရောက်ပြက်ရယ်ပြုဟန်တား နှောင့်ယှက်လိုက်ခဲ့မိပေပြီ မဟုတ်ပါလား။

## [ ၂ ]

❑

"ဒိန်"

ရောဝတီတိုင်း၊ ပန်းတနော်မြို့၏ ဟိုမှာဘက် ရန်းတောကျေးရွာကလေးမှ ကရင်ကုလားစပ်လူမျိုးတစ်ဦး ဖြစ်သည်။ ဖခင်က ကုလားလူမျိုးဖြစ်ပြီး မိခင်ကကရင်လူမျိုး ဖြစ်သ[ည်]။ ဖခင်ကုလားလူမျိုးနှင့် မိခင်ကရင်လူမျိုးတို့မှ ပေါက်ဖွားကြီးပြင်းလာခဲ့ရသူဖြစ်သဖြင့် သူ့အမည်က ကုလားဒိန်ဟုဖြစ်လာရသည်။ လူချစ်လူခင်များပြီး ရန်းတောကျေးရွာ တစ်ရွာလုံး လူကြီးလူငယ်တို့ကအစ သူ့ကို ဒိန်ဟူ၍ နာမည်တစ်လုံးတည်းသာခေါ်နေကြသဖြင့် ကျွန်တော်တို့ကလည်း သူ့ကိုခေါ်ကြရခြင်းပင်။

သူက နယ်နယ်ရရတော့မဟုတ် မုဆိုးတစ်ယောက်ပင်။ သို့သော် ကျွန်တော်တို့လို ကုန်းမုဆိုးတော့မဟုတ်။ ရေမုဆိုးတစ်ဦးပင်ဖြစ်သည်။





သူ့ဝန်းကျင် ကျေးရွာတစ်ဝိုက်ဆီတွင် ဖား၊ ငါးများကို အရှာအဖွေကောင်းသူဖြစ်သလို ငှက်အုပ်ကြီးများဖြစ်ကြသည့် (တင်ကြီးငှက်၊ ဦးဘမ်းငှက်၊ ခရုစုပ်ငှက်၊ ကြိုးကြာငှက်၊ ငှက်ကြီးဝံပို၊ ဟင်္သာငှက်၊ ငန်းရိုင်း) စသည့် ငှက်အုပ်များ နေထိုင်စားသောက်တတ်ကြသည့် နေရာများကိုလည်း နှံ့စပ်အောင်သိနေပြီး အရှာအဖွေကောင်းသည်။

ဝါဆိုလနှင့် ဝါခေါင်လများတို့တွင် ရေအလွန်ကြီးသည့်အခါ သူ့အိမ်မွေးခွေးတစ်အုပ်နှင့် လှံနှစ်ချောင်းကိုကိုင်ကာ (ပစ်လှံနှင့်အောင်းလှံ) တောကြောင်ကြီးများကို အလိုက်ကောင်းသူတစ်ယောက်ပင်။

ကျွန်တော်တို့လို ကုန်းမုဆိုးအဖွဲ့က ရေဖောင်ဖောင်ရှိသော ထိုဝါဆို၊ ဝါခေါင်ကာလမျိုးတွင် ရေတက်သည့်ကာလမျိုးဖြစ်သဖြင့် သူနေထိုင်ရာ ရန်းတောကျေးရွာရှိ သူ့အိမ်တွင်ပင်အထိုင်ချလျက် ညောင်တုန်းမြို့ရှိ မြစ်ကူးတံတား၊ ယခု (ဗိုလ်မြတ်ထွန်းတံတား) အောက်၊ မြစ်တစ်ဖက်ကမ်း။ (ရန်ကင်းစံယာ)သဲသောင်ပြင် ကမ်းရိုးတန်းတစ်လျှောက် စနိုက်အုပ်အပါအဝင် အထက်ကတင်ပြခဲ့သည့် ငှက်အုပ်ကြီးများတို့ကို သူပိုင် ပဲ့ထောင်စက်တစ်လှေကလေးဖြင့် လိုက်လံပစ်ခတ်ခဲ့ကြသလို ငါးဖမ်းခြင်း၊ ခရုနှင့်ခုံးများ ငုပ်ကြခြင်းနှင့် သဲသောင်ပြင်ပေါ်တွင် ပစ်ခတ်လို့ရရှိသည့်အကောင်များ၊ ရေငုပ်လို့ရသည့် အကောင်များတို့ကို သောင်ပြင်ပေါ်တွင် ချက်ပြုတ်ကြော်လှော်၍ တစ်နေကုန် ပျော်မြူးကြသည်ကို မညည်းမညူတမ်း သည်းခံပြုစုခဲ့သူတစ်ဦးပင်။

ထို့အပြင် ရွှေမြင်တင် ဘုရားပတ်ဝန်းကျင်ရှိ ကျူတော၊ ကိုင်းတောကြီးများအပြင် 'သင်ခြူများ'၊ 'သင်ဖြူးဖျာ' တောကြီးများတို့အတွင်း ခိုအောင်းနေကြသည့် အိမ်မွေးတိရစ္ဆာန်များကို ဒုက္ခလှလှကြီးပေးနေကြခြင်းကိုခံနေရသည့် အလေးချိန် (၇၀)ခန့်ကြီးမားသည့် 'ကြောင်ဖား'

ကြီးများကိုလည်း သူ၏အကူအညီပေးမှုနှင့် ကျွန်တော်တို့ လိုက်လံပစ်ခတ်သုတ်သင်ပေးခဲ့မှုကြောင့် ဘုရားပတ်ဝန်းကျင် ကျေးရွာများဖြစ်ကြသည့် အနောက်ကုန်းရွာ၊ တိုက်ကုန်းရွာ၊ ဂယက်ကျော်ရွာ၊ ကြိမ်ပင်ဆယ်ရွာ၊ မြွေပင်ရွာ၊ ကတောက်ဆပ်ရွာ၊ ကျုံကုန်းကျေးရွာ' များကပါ လိုလိုလားလား ဝိုင်းဝန်းအားပေးခဲ့ကြသည်မို့ ကျွန်တော်တို့ အမဲပစ်အဖွဲ့မှာ သူနှင့်ပတ်သက်ပြီး ထိုနေရာဆီတွင် မျက်နှာပန်း အလွန်လှခဲ့ကြပေသည်။

ယခုအခါ သူက ရန်ကုန်မြို့တွင်နေထိုင်ကြသည့် ကျွန်တော်တို့အဖွဲ့ရှိရာကိုအလည်လာရင်း ယခု အမဲပစ်ခတ်ကြရန် ထွက်လာခဲ့သည့်ခရီးနှင့် ကြုံကြိုက်နေသဖြင့် အတွေ့အကြုံအရ သူလည်းလိုက်ပါလိုကြောင်းတောင်းဆိုလာသဖြင့် အကြောင်းကြောင်းကို ထောက်ထားငဲ့ညှာပြီး ခေါ်ဆောင်လာခဲ့ရာမှ ယခုလိုအဖြစ်မျိုးနှင့် တိုးခဲ့ကြရခြင်းဖြစ်ပေသည်။

အဘကောင်းဆိုသည်ကလည်း တောတောင်များတို့အတွင်း အတွေ့အကြုံကြီးမားသူ တစ်ယောက်ဖြစ်သလို အဖွဲ့သားများအတွက်ဆိုလျှင် ငဲ့ညှာသူတတ်သူ၊ သဘောအလွန်ကောင်းသလို အရာရာတိုင်းကို သည်းခံခွင့်လွှတ်တတ်သူ၊ အနစ်နာခံသူတစ်ယောက်ဆိုပေမဲ့ နေရာတကာတိုင်းတော့ဖြင့်မဟုတ်။ ယခုကဲ့သို့ တောပစ်ထွက်ကြသည့်အခါ (တောလမိုင်း/တောင်လမိုင်း) ပ,သတင်မြောက်တောင်းခံသည့်ကိစ္စမျိုးတွင် အမှားအယွင်းကိုနည်းနည်းမျှ သည်းခံခွင့်မလွှတ်တတ်သူ။ ယခုအခါ တောစည်းကမ်းကို လိုက်နာကြရရန် သူပြောပြနေသည့်အကြားမှ မှားဖြစ်အောင်ရှမ်းလိုက်သည့် ဒိန်အပေါ် ဘယ်လိုမှ အစာကြေခွင့်မလွှတ်နိုင်သည်ကို ကျွန်တော်တို့အားလုံးအသိပင်။ ယခုလည်း ဒေါပွပြီး တင်





မြောက်ပ,သ၍ မပြီးဆုံးမီ စိတ်ဆိုးပြီး စခန်းချရာဆီသို့ ပြန်ချသွားခဲ့သဖြင့် ကျွန်တော်တို့လည်း ဘာကိုမှဆက်မလုပ်တော့ဘဲ စခန်းထိုင်ချရာဆီသို့ တောတင်ပစ္စည်းများကို သယ်ဆောင်ကာ အုပ်စုလိုက်ပြန်လာခဲ့ကြပေတော့သည်။

"ကဲ ... အားလုံး ကိုယ့်အထုပ်ကို ပြင်ထားကြ။ ကားရောက်လာရင် ပြန်ကြမယ်။ ဉာဏ်ကျယ် ... မင်းကုန်းဈေးကို လိုင်းကားနဲ့ လိုက်သွားပြီး အိမ်ကိုဖုန်းဆက်။ ဒီနေ့ ကားအရောက်လွှတ်ပေးလိုက်လို့ အိမ်ကိုပြော။ ဟေ့ကောင် ... ငါပြောတာ ကြားရဲ့လား"

"ဟုတ်ကဲ့ .... ကြားပါတယ် အဘ"

"ကြားရင် အခုသွား။ အချိန်ဆွဲမနေနဲ့။ ငါဖနောင့်နဲ့ ထပေါက်ပစ်လိုက်မိတော့မယ်။ အာလူးကိုပါ အဖော်ခေါ်သွား"

အဘကောင်းမှာ အလွန်စိတ်ဆိုးနေပုံရသည်မို့ ကျွန်တော်တို့မှာ မျက်နှာပိုးသတ်ပြီး အထုပ်အပိုးများကို ပြင်ဆင်ရင်းရှိနေစဉ် 'ဉာဏ်ကျယ်နှင့်အာလူး' တို့နှစ်ယောက်ဖုန်းဆက်၍ ကားခေါ်ရန်အတွက် လိုင်းကားရှိရာဆီသို့ သွားနေကြသည့် သူတို့၏ကျောပြင်ကြီးများကို ကြည့်ရင်း ကျန်ရစ်ခဲ့ကြပေတော့သည်။

| ၃ |

❑

ဖုန်းဆက်၍ ကားအခေါ်ခိုင်းလိုက်သော ဉာဏ်ကျယ်နှင့်အာလူး တို့နှစ်ယောက် ယခုထက်တိုင် ပြန်မရောက်ကြသေး။ အဘကောင်းက တဖျစ်တောက်တောက်ပြောရင်း ဒေါပွနေသည်။ သူ့ကိုမည်သူကမျှစကား မပြောရဲကြ။ အမှားကိုကျူးလွန်ထားသူ ဒိန်ကား သူ့အမှားကြောင့် ပြောဖွယ်ရာမရှိ။ ခြံခေါင်းရင်း ညောင်ကြတ်ပင်ကြီးအောက် တစ်ယောက် တည်းသွားထိုင်နေရှာသည်။ ကျွန်တော်နှင့် အစ်ကိုကြီးဦးသိန်းလွင်တို့ နှစ်ယောက်ကား ကျွန်တော်တို့မှာ အုပ်စုအလိုက် တစ်နယ်တစ်ကျေး သူတို့ရွာဆီသို့သွားရောက်ကာ သူတို့အိမ်တွင် အထိုင်ချပစ်ခတ်စား သောက်ခဲ့ကြသည်မှာ အကြိမ်ကြိမ်ရှိခဲ့သဖြင့် ဒိန်ကိုနှစ်ဦးသား အား နာနေမိသည်။ မထူးတော့ပြီမို့ ပြန်ရတော့မည့်အတူတူ ပါလာသည့် အရက်များချည်း ဖိသောက်ပစ်နေလိုက်ကြစဉ် ...





"ဂျိမ်း ... ဟိန်း ဟိန်း"

အချိန်အခါမဟုတ်ပါဘဲနှင့် ကောင်းကင်ယံမှ မိုးခြိမ်းသံကြီးကို ကြားလိုက်သည်မို့ နှစ်ဦးသားအရက်ကို သောက်နေကြရင်းမှ အသံကြား လိုက်ရာ တောင်မကြီးဘက်ဆီ လှမ်းကြည့်လိုက်တော့ လျှပ်ပန်းလျှပ် နွယ်များတို့က လင်းလင်းလက်လက် တပြိုးပြိုးတပြက်ပြက်၊ မှုန်ရီရီ နေခြည်နွေးတို့ကလည်း ကောင်းကင်ထက်မှ ယဲ့ယဲ့ကလေး ဖြာဆင်းနေ သည်ကို သတိထားလိုက်မိကြသည်မို့ ယခုအချိန်မျိုးသည် သကြန်ကာလ နှင့် နီးကပ်နေပြီဖြစ်သည့်အတွက် သကြန်လက်ဆောင်မိုးမျိုးပါကလား ရယ်လို့အောက်မေ့ကာ အရက်ကို ဆက်လက်သောက်နေလိုက်ကြစဉ် ဖိနပ်ချွတ်တွင် အိပ်စက်နေကြသည့် ထန်းသီးနှင့်ရန်လုံဆိုသည့် ခွေး နှစ်ကောင်က ရုတ်ခြည်းခေါင်းထောင်ထကာ နားရွက်များကိုဖြန့်ကား၍ ဟောင်သံပေးလိုက်ကြသည့်အတွက် အပြင်သို့လှမ်းကြည့်လိုက်တော့ ဉာဏ်ကျယ်နှင့်အာလူးတို့နှစ်ယောက် ပြန်ရောက်လာကြသည်ကို တွေ့ လိုက်ရပေသည်။

"မင်းတို့နှစ်ကောင် အပြန်နောက်ကျလှချည်လား။ ကားကို လွှတ်လိုက်မယ်တဲ့လား။ ဘာမှာလိုက်သေးသလဲ"

"ဖုန်းချိတ်လို့မရဘူး အဘ။ ကျွန်တော်တို့လည်း စောင့်ဆက် တာပဲ။ ဖုန်းလိုင်းတွေ ပျက်နေတယ်နဲ့တူတယ်"

"ဒါဆိုရင် မင်းကုန်းရဲဘက်စခန်းကိုဝင်ပြီး ကိုသိန်းဝင်း(ထောင် မှူးကြီးသိန်းဝင်း)ဆီဝင်ပြီး အကျိုးအကြောင်းပြောပြီး မဆက်ဘူးလား ကွ။ မင်းတို့ ဒါလောက်သောက်သုံးမကျကြပါလားကွာဟင်"

"ရဲဘက်စခန်းကိုဝင်ပြီး ဆက်ပါတယ်။ သူတို့ဖုန်းတွေလည်း ပျက်နေကြတာ နှစ်ရက်ရှိနေတာမို့ ဘယ်လိုမှဆက်လို့မရဘူး ရောက်

တုန်းရောက်ခိုက် သူ့ဆီမှာ စားသောက်ပြီးမှသွားကြပါဆိုနေလို့ တောင်းပန်ပြီးထွက်ခဲ့ရတယ်။ ဒါကြောင့် နောက်ကျတာပါ"

ဉာဏ်ကျယ်က ရှင်းပြလိုက်မှုကြောင့် အဘကောင်းက ဘာကိုမှဆက်မပြောတော့ စောင်ကိုခေါင်းမြီးခြုံကာ အိပ်နေသည်ကိုသာ တွေ့လိုက်ရပေသည်။ ထိုအချိန်တွင် ကောင်းကင်တစ်ခုလုံး ရုတ်တရက်မှောင်မည်းသွားသည်း ခဏကြာတော့ ပြန်လင်းလာပြန်သည်။ နောက်တစ်ခါမှောင်သွား၊ ပြန်ပြီး လင်းတစ်ခါမှောင်တစ်လှည့်ဖြင့် ကောင်းကင်တွင် အချိန်အခါမဟုတ်ဘဲ သဘာဝသရုပ်ကို ပြောင်းလဲနေခိုက်အတွင်း ညိုပုပ်ပုပ်တိမ်မည်းကြီးများတို့က ဘယ်ဆီကပေါ်လာသည်မသိ။ တရွေ့ရွေ့နှင့် ရွေ့လျားနေကြပြီး အမှောင်နှင့်အလင်း အင်အားပြိုင်နေကြစဉ် အမှောင်ထုကအောင်ပွဲဆင်ကာ အနိုင်ရသွားသည်နှင့်အတူ ပြာလဲ့သော ကောင်းကင်ပြင်ကြီးသည် မိုးတိမ်တို့ဖြင့် အုံ့ဆိုင်းမှုန်မှိုင်းကာ မည်းမှောင်၍ ညို့ဆိုင်းနေသောမိုးတိမ်များတို့သည် ကောင်းကင်ယံမှ လေပြင်းကလေးများတို့နှင့်အတူ ပြိုဆင်းကျလာပေတော့သည်။

မိုးဖွဲကလေးများတို့ ပြိုဆင်းလာသည်နှင့်အတူ ကောင်းကင်ထက်ဆီတွင် တိမ်မည်းများတို့ကလည်း မိုးစစ်ခင်းရန်အတွက်၊ တဝင်းဝင်းတလက်လက် လျှပ်ပန်းလျှပ်နွယ်များတို့နှင့်အတူ တခြိမ်းခြိမ်းနှင့် ကြွေးကြော်စစ်ချီနေသံများတို့ကို စားသောက်နေကြရင်းမှ တအံ့တသြမြင်တွေ့လိုက်ကြရပေသည်။

တဖွဲဖွဲကျဆင်းနေသော မိုးဖွဲကလေးများတို့နှင့်အတူ ငွေမျှင်ဖြူကလေးများတို့က လေကိုဆန်၍ ဝေ့ဝေ့ဝဲဝဲ အိပ်တန်းများရှိရာဆီသို့ ပျံသန်းနေကြသည်ကို တွေ့လိုက်ရသလို အခြားသော ကျေးငှက်သာရကာများတို့ကလည်း ခင်တန်းကလေး ဟိုမှာဘက်က လေကိုဆန်၍ ပျံသန်း





နေကြသည်ကအုပ်လိုက်၊ ချောင်းမကြီးထက်ဟိုမှာဘက်ကမ်း ကညင်ပင်ထိပ်ဖျားထက်ဆီမှာ ဥဩငှက်ငယ်ကလေးကလည်း လွမ်းဆွတ်ဖွယ်တေးဆိုနေသံကိုကြားနေရပေသည်။

မိုးရေစက်ကလေးများတို့၏ အထိအတွေ့ကြောင့် မြက်ခင်းပြင်ထက်များတို့ထက်ဆီတွင် 'တောလုံ့ငှက်၊ သပိတ်လွယ်ငှက်၊ ငှက်မြီးရှည်' များတို့က အသံတစာစာပေးရင်း ပလူများတို့က အုံကျင်းဖွဲ့ကာ ပျံ့ဝဲနေကြသည်များကို တပျော်တပါး လိုက်လံထိုးသုတ် စားသောက်နေကြသည်ကိုလည်း သတိထားကြည့်နေလိုက်မိသည်။

သည်မြင်ကွင်းများကြောင့် နှစ်သစ်ကူးတော့မည့် ယခုလိုကာလမျိုးတွင် ဖြစ်ပေါ်စမြဲဖြစ်သည့် ဦးအောင်ကြီးလူးတားတွင် ဖွဲ့သီထားသည့်ကဗျာတစ်ပုဒ်ကို သတိရနေလိုက်မိပေသည်။ သို့အတွက် နှုတ်ကလည်း တီးတိုးရေရွတ်နေလိုက်မိပေသည်။

"ကံ့ကော်ရင်ခတ်၊ ပင်တိုင်းညွတ်လျက်၊ ပွင့်ဖင် ၂၀ဝေ၊ တောင်လေသုတ်ဖြူ။ လတန်ခူးကို၊ မြူးထူးပျော်ရွှင်၊ တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ လွ … ရရှူတည်"

မုဆိုးနှင့် သည်ကဗျာသည် အချိန်အခါမဟုတ်သဖြင့် ဘယ်လိုမှမသက်ဆိုင်ဟုဆိုသော်လည်း ဖြစ်ပေါ်နေသည့် အခြေအနေအရ ကျွန်တော့်စိတ်တွင်း ခံစားလိုက်ရသည်ကိုခံစားရချက်အတိုင်း နှုတ်မှမွင့်အန်လာခဲ့ရခြင်းပင်။

အခြေအနေနှင့် အနေအထားကိုကြည့်လျက် နေရာတကာတိုင်း တွေ့မရှောင် ကတ်တီးကတ်ဖဲ့ ပြောလေ့ပြောထရှိသော ဉာဏ်ကျယ်ကုလားကြီးသန်းညွှန့်၊ အာလူးနှင့်မွန်တို့ကလည်း မိုးရွာနေသဖြင့် တဲခြေရင်းတွင် အရက်တစ်လုံးကို ဖွင့်၍သောက်ကြပြီး ကုန်သွားသည့်တိုင်

ခါတိုင်းလို ငြင်းကြခုံကြနှင့် ဟောင်ဖွာဟောင်ဖွာအသံများက [illegible] မလာ။ ဒီနံကား အပြစ်တစ်ခုကို ကျူးလွန်လိုက်ခဲ့သည်မို့ အဘကောင်း၏ ခွင့်မလွှတ်နိုင်သောတင်းမာမှုကြောင့် မျက်နှာငယ်ကလေးဖြင့် ကျွန်တော်တို့၏မျက်နှာများကို အားကိုးတကြီး လိုက်လံကြည့်နေရာသည်ကို ကြည့်ရင်း ရင်တွင်းကမချိ။

"အစ်ကိုကြီးနဲ့ဘိုလေး၊ ဒီကနေ့ ပစ်ကြဦးမှာလား။ အချိန်တော့မရှိဘူးဆိုတော့ ပစ်မယ်ဆိုရင် ညပိုင်းကို အဖွဲ့ခွဲမီးထိုးလည်မှ ရမယ်ဗျ"

ဉာဏ်ကျယ်က ကျွန်တော့်သဘောထားကို လှမ်း၍မေးလိုက်သောကြောင့် ကျွန်တော်က စောင်ကိုခြုံကာအိပ်နေသော အဘကောင်းကို မေးငေါ့ပြလိုက်ကာ ခေါင်းခါပြလိုက်သည်။ ဝန်းကျင်တစ်ခွင်လုံး မိုးသံလေသံတို့နှင့်အတူ ဆူညံလာပေပြီ။ သကြန်လက်ဆောင်ဆိုသော်လည်း မုတ်သုံလေရိုင်းတို့၏ တိုက်ခတ်နှုန်းစွမ်းရည်က အားကောင်းလာသည်။ အေးမြသောမိုးရေနှင့် ပူပြင်းသောမြေငွေ့ပူများပင် တထောင်းထောင်းထလျက်ရှိနေပေသည်ကိုလည်း တွေ့လိုက်ရပေသည်။

"အချိန်အခါမဟုတ်ဘဲ ရွာနေတဲ့ဒီမိုးက ရိုးမှရိုးရဲ့လားကွ။ ငါတော့ သိပ်မသင်္ကာဘူး။ မင်းကော ဘယ်လိုသဘောရသလဲညီလေး"

အစ်ကိုကြီး ဦးသိန်းလွင်က မေးလိုက်သည့်အတွက် ကျွန်တော်က အတန်ငယ်စဉ်းစားလိုက်ရင်းက ...

"ခက်တော့ခက်တာပဲ အစ်ကိုကြီးရဲ့။ သကြန်ကျခါနီးဆိုရင် လက်ဆောင်မိုးဆိုတာ ရွာတတ်တာမျိုးပဲလေ"

"အေး ... အဲဒါတော့ငါလည်းသိထားတယ်လေကွာ။ ရွာမယောင်ဟန်ပျိုးပြီး ရွာတာကတစ်မျိုး။ ခုရွာနေတဲ့မိုးက အုံကျင်းဖွဲ့





ပြီး အငြိုးတကြီးဆိုတော့ ..."

"ကြည့်ပါဦးလေ ... ဥပါဒါန်ကြောင့် ဥပဒ်မရောက်ပါစေနဲ့။ အခြေအနေကို အကဲခတ်လိုက်ကြတာပေါ့"

ကျွန်တော်တို့နှစ်ဦးပြောလိုက်သည့်စကားတို့က သည်လောက်ပင်။ ပြောနေရင်းက ရွာချနေသောမိုးက သဲကြီးမဲကြီး နိုင်လွန်းနေသည်။ မဟူရာတောင်ကျချောင်းမကြီးဆီမှပင် တောင်ကျမိုးရေများက ဒလဟောစီးဆင်းသည့်အသံများကို ကြားရပြုပေပြီ။ တောင်ကျရေများ တဝေါဝေါကျဆင်းလာကြသည့် အသံကြီးများတို့နှင့်အတူ ရွာချနေသောမိုးက တော်တော်နှင့်ရပ်ဦးမည်မဟုတ်။ တောကြီးတစ်ခွင်လုံး သစ်ရိုင်းပင်ကြီးများတို့နှင့် ချုံနွယ်ပိတ်ပေါင်းတို့မှ ဝါးရုံတောကြီးများကိုဝှေ့ခဲလျက် သဲသဲမဲမဲ အဆက်မပြတ်ရွာသွန်းနေသော မိုးရေစီးကြောင်းကြီးများက မည်သည့်အရာတို့ကို ငဲ့ညှာနေခြင်းမရှိဘဲ အရာအားလုံးဖုံးလွှမ်းထားသည့်နှယ်ပင်။

ညနေစောင်းတော့ မိုးကား ရပ်သွားသည်။ ယခင်ကလို သဲကြီးမဲကြီးမဟုတ်တော့။ မိုးစက်မိုးမှုန်ကလေးများတို့ကသာ ဖွဲဖွဲကလေးသာ ရှိပေတော့သည်။ ကောင်းကင်ပြင်ကြီးကလည်း ကြည်လင်လာသည်မို့ မကြာမီ မိုးကားစဲပေတော့မည်ပဲ။

မိုးစဲသွားသော်လည်း ယနေ့ အမဲပစ်ခတ်ဖို့ရေးကို ဘယ်လိုနည်းနှင့်မျှ အဘကောင်းက ပစ်ခွင့်ပြုမှာမဟုတ်။ သူ့ကိုကြည့်လိုက်တော့ စောင်ခြုံအိပ်နေသည်။ အိပ်ပျော်ပုံမရသေးသော်လည်း မည်သူ့မျက်နှာကိုမျှ ကြည့်လိုသည့်ပုံမပေါ်။ အငြိမ်မနေနိုင်သူ ဉာဏ်ကျယ်က ကျွန်တော်တို့နှစ်ဦးအား လေသံကလေးနှင့်ပြောလိုက်သည်က ...

"အစ်ကိုကြီးနဲ့ဘိုလေး ... ဘယ့်နှယ်လဲ။ မိုးကလေးတိတ်

သွားတုန်း သားကောင်တွေကတော့ ထွက်မယ်ဗျ။ ဘယ်လိုသဘောရသလဲ''

ထိုသို့ လေသံကလေးနှင့် ကျွန်တော်တို့နှစ်ဦးသား သဘောထားကို တောင်းနေသည့်အသံကို စောင်ကိုခြုံပြီးအိပ်နေသည့် အဘကောင်းက ကြားဖြစ်အောင်ကြားလိုက်သည်မို့ စောင်ကိုဖွင့်လိုက်ပြီး အိပ်ရာထက်မှ ငေါက်ခနဲထိုင်လိုက်ရင်းက ...

''ဘာလဲ ... ဟေ့ကောင်၊ နင်သိပ်ပြီး လက်ယားနေသလား။ ငါပြောနေတဲ့စကားကို နင်မယုံရင် စမ်းကြည့်လိုက်ကြလေ''

ထ၍ ဟောက်လိုက်သဖြင့် ဉာဏ်ကျယ် ငြိမ်သွားပေသည်။ အခြေအနေနှင့်ရာသီဥတုက ဆိုးဝါးနေပြီမို့ ခပ်တွေတွေကလေး ဖြစ်နေကြသော ကျွန်တော်တို့နှစ်ဦးသား အိပ်စက်လိုက်ကြရုံမှတစ်ပါး အခြားမရှိတော့သည်မို့ တဲအတွင်းကျောခင်းပြီး အိပ်ပစ်လိုက်မိပေတော့သည်။

[ ၄ ]

❑

ကျေးငှက်သံတစာစာတို့နှင့် တောကြက်ပငယ်များတို့၏ တွန်သံများကြောင့် အိပ်ရာမှနိုးထလာခဲ့သည့် အရက်ရှိန်ကြောင့် အိမ်တွင်ထွန်းထားသည့်မီးခွက်၏ မီးစာမှာလကြွတ်သလိုမျိုး သိုင်းဖွဲ့နေသော မျက်စိတွင်တွေ့မြင်လိုက်ရသော အလင်းရောင်က ...

'ဖြန်း'ခနဲ မျက်လုံးအိမ်ထဲ ကြည့်ထွက်လာပြီးဖြစ်သည့်အတွက် ကပျာကယာဝန်းကျင်ကို စူးစမ်းဝေ့ဝဲကြည့်လိုက်တော့ ကျွန်တော့်စိတ်တွင် မိုးစင်စင်လင်းနေပြီဟု ထင်ထားသော်လည်း အမှန်မှာ မိုးပင်မချုပ်သေး။ အိပ်တန်းတက် ကျေးငှက်သာရကာတို့၏ အသံများကို ကြားနေရခြင်းပင်။ တဲအတွင်းကွပ်ပျစ်တွင် အဘကောင်းတစ်ဦးတည်း

သာ တင်ပျဉ်ခွေထိုင်လျက် အဖန်ရည်နှင့်အိမ်မှ သယ်ဆောင်လာခဲ့သော ငါးခြောက်ထောင်းကြော်ကို စားသောက်နေသည်ကို သတိပြုလိုက်မိပေသည်။ ကျွန်တော့်လှုပ်ရှားမှုကြောင့် သူက ...

"ဘိုလေး ... နိုးပြီလား။ ကိုသိန်းလွင်ကိုလည်း နှိုးလိုက်လေ"

"ဟုတ်ကဲ့ ... အဘ၊ ဟိုကောင်လေးတွေအုပ်စုကို မမြင်ပါလား။ ဘယ်သွားကြလဲ"

ကျွန်တော်က ပြောပြောဆိုဆို အစ်ကိုကြီးဦးသိန်းလွင်ကို နှိုးလိုက်သည်မှို့ အိပ်ရာမှ ပြူးတူးပြဲတဲ ထထိုင်လိုက်သည့်အချိန် ...

"ဟုတ်တယ်ကွ ... ငါနိုးကတည်းက ဒီကောင်တွေအုပ်စုကို မတွေ့တာ။ နောက်ဖေးနောက်ဖီ သွားကြတယ်ထင်တာ။ မသက်ာလို့ သေနတ်တွေထားတဲ့နေရာကို ကြည့်လိုက်တော့ သူတို့ယူသွားကြတယ်ကွ။ မီးထိုးရှာဖွေပစ်ကြဖို့ တောထဲဝင်ကုန်ကြပြီနဲ့တူတယ်။ ခက်တာက သူတို့တွေရှူပိုးထိုးနေတာကို ရွာခံမုဆိုးငပိန်က ထိန်းဖို့ကောင်းပါလျက် သူပါ အလိုတူအလိုပါ လိုက်သွားတယ်လေ။ တယ်ခက်တဲ့အကောင်တွေ။ ဘယ်လောက်သင်သင် ဘယ်လောက်ပြောပြော နားတံမနာတတ်ကြဘူး။ ဘေးတွေ့ကြမယ့်အကောင်တွေ။ စောင့်ကြည့်ကြ"

အဘကောင်းကား သူတားနေပါလျက် ယခုလို လစ်ထွက်သွားကြသည်ကို မကျေမနပ်ဖြစ်ကာ တတွတ်တွတ်ပြောရင်း မေ့တ္တာပို့နေသည်မို့ ကျွန်တော်ကငြိမ်ကုပ်ကာ ဆုတောင်းနေလိုက်မိသည်က ...

'အဖွဲ့သားတွေ ခုထွက်တဲ့ခရီးမှာ တစ်ဦးမှ ဘေးမသီရန်မခကြပါစေနဲ့' ဟူ၍ ဆုတောင်းရင်း စဉ်းစားနေလိုက်မိသည်က ကျွန်တော်တို့အဖွဲ့လူငယ်များမှာကား အစိမ်းသက်သက်တော့ဖြင့် မဟုတ်ကြ။ အတော်များများ တောပေါင်းစုံကို လိုက်လံပစ်ခတ်ခဲ့ကြဖူးသူများမို့ အထိုက်





အလျောက် အတွေ့အကြုံများက ရှိနေကြသည်။ ယခု သူတို့နှင့်အတူ ဒိန်ဆိုသော ရေမှုဆိုးကိုမတွေ့ရသလို ရွာခံမုဆိုးငပိန်ပါ ရောပြီးပျောက်နေသည်။ ကျွန်တော်တို့လူကြီးသုံးယောက် အိပ်ပျော်နေကြတုန်း သူတို့လူငယ်များက သူတို့သဘောနှင့် ပန်းတနော်ခရိုင် ရှန်းတောကျေးရွာက ရေမှုဆိုးလေးဒိန်ကို ကုန်းမုဆိုးများဖြစ်ကြသည့်သူတို့က အစွမ်းအစပြချင်၍ သူတို့သဘောနှင့်သူတို့ ထွက်သွားကြလေသည်ရယ်လားဟုတွေးတောကာ ဘေးမသီရန်မခဖို့ ဆုတောင်းနေစဉ် အိပ်ချင်မူးတူးနှင့်နိုးထလာသော အစ်ကိုကြီးဦးသန်းလွင်က မျက်နှာလိုမျက်နှာရနှင့် ပြောလိုက်သည်က ...

"အဘကောင်း ... ထမင်းစားတော့မလား။ ခူးလိုက်မယ်လေ"

"မစားဘူးကွာ။ စားချင်စိတ်လည်းမရှိဘူး။ မေးမနေနဲ့"

အဘကောင်းပြောလိုက်သည့်စကားကြောင့် သူက ကျွန်တော့်ကို မျက်နှာကိုရှုံ့မဲ့ပြလိုက်သဖြင့် ကျွန်တော် ပြုံးနေလိုက်မိပေသည်။ အသံထွက်အောင်တော့ဖြင့် မရယ်ရဲပေ။

[ ၅ ]

❑

အချိန်ကိုခန့်မှန်းလိုက်တော့ (၄)နာရီ သာသာပင်။ ညအစာရှာငှက်များ၏အသံများကို ဟိုအနားသည့်အနားတို့ဆီမှ ကြားနေရသည်။ ထိုစဉ် ...

"အူးဝါး ... အူးဝါး ... အူးဝါး"

အောင်ဝါငှက်ဆိုးတစ်ကောင်က ခေါင်းရင်းဘက်'မလွှပင်ကြီး' ထိပ်ဖျားထက်ဆီမှ စူးစူးဝါးဝါးအော်မြည်ပျံသန်းကာ အဝေးဆီသို့ပြေးထွက်သွားသည့်အသံကြီးကို ကြားလိုက်ရသဖြင့် ကျွန်တော်ပင်ကြက်သီးများတဖြန်းဖြန်း ထသွားမိသည်ကအမှန်။ စိတ်ကိုထိန်းကာ အစ်ကိုကြီး





ဦးသိန်းလွင်မျက်နှာကို လှမ်းကြည့်လိုက်တော့ ကျွန်တော့်ကိုပြုံးကာ မျက်စိတစ်ဖက်မှိတ်ပြလိုက်ရင်း ကျောပိုးအိတ်အတွင်းမှ အရက်ပုလင်းတစ်လုံးကိုထုတ်လိုက်ရင်း အဖုံးကိုဖွင့်ကာ ...

"ကဲ ... အဘကောင်း ငှက်ငွေးကြော်ကလေးနဲ့ သူတို့ကိုစောင့်နားထောင်ရင်း သောက်လိုက်ကြရအောင်"

သူ့အပြောကြောင့် ကျွန်တော်ကတအံ့တသြနှင့် ပြန်မေးလိုက်မိသည်က ...

"ငှက်ငွေး ... ဘယ်က ဘယ်သူပစ်လာခဲ့လို့ရတာလဲအစ်ကိုကြီး"

"ပြုံးကျယ်လေကွာ ... ပြုံးကျယ်ပေါ့။ ငါတို့မနက်က တောလမိုင်းသွားမတင်ခင်လေး သေနတ်တစ်လက်ယူသွားပြီး ဥနဲ့ပင်သွားထိုင်ပြီးပစ်လာခဲ့တာ။ အကောင်နှစ်ဆယ်လောက်ရလာတယ်ကွ။ အချို့ကိုချက်ထားသလို ငါတို့အတွက် ကြော်ပေးထားတာ"

"ငှက်ငွေး အကောင်နှစ်ဆယ်တောင် ဟုတ်လား"

"ဟုတ်ပါ့ဗျာ ... ဟုတ်ပါ့"

သူ့စကားကြောင့် ကျွန်တော် အလွန်အမင်း အံ့သြသွားမိသည်က အမှန်။ အဘယ့်ကြောင့်ဆိုသော် ယခုပစ်ခတ်လို့ရရှိလာခဲ့သည့် ငှက်ငွေးဆိုသည့် ငှက်အမျိုးအစားက ပထမတန်း သူတို့ဆီအသားကစားလို့ကောင်းသည့် ငှက်အမျိုးအစား။ ထိုငှက်မျိုးကို ကျွန်တော်တို့သည်မှာဘက်ဆီတွင် ငှက်ငွေးဟုခေါ်ကြသလို ရခိုင်ရိုးမဘက်ဆီတွင် ရှန်းပတီငှက်ဟုခေါ်ကြပြီး ချင်းပြည်နှင့်ရောဝတီဘက်တွင် ပိန်းထုးမဟု ခေါ်ကြသည်။

မည်သို့ပင် ခေါ်ကြစေကာမူ အမည်သာ ကွဲပြားခြားနားခြင်း

ဖြစ်သည်။ ငှက်အမျိုးအစားနှင့်စားသည့်အခါ နူးညံ့မှုကအတူတူပင်။ ထိုငှက်အမျိုးအစားကား မည်သည့်နေရာမျိုးဆီမှရသည့် ငှက်ဖြစ်စေ အလေးအချိန်မှာ တစ်ကောင်လျှင် (၃၅ကျပ်သား)ပင်။ သို့အတွက် ထို ငှက်သုံးကောင်ပေါင်းချိန်တွယ်လျှင် တစ်ပိဿာပင် (ပိုနည်းနည်း လိုနည်း နည်း)။ သို့အတွက် တောသူတောင်သားများ တောအလေးချိန်အဖြစ် တစ်ပိဿာအလေးကို ထိုငှက်သုံးကောင်အလေးချိန်နှင့် ယနေ့ထက်တိုင် အသိအမှတ်ပြု လက်ခံသုံးစွဲနေကြသည်ကို တွေ့ရမည်ဖြစ်ပေသည်။

ထိုငှက်မျိုးသည်အနီးစပ်ဆုံး ငုံငှက် (ဘုမ္မတီးငှက်)များနှင့် ဆင်တူသည်။ အသွေးအရောင်ပင်မက အသားလည်းတူသည်။ သို့သော် အကောင်အကြီးနှင့် နည်းနည်းသေးခြင်းသာ ကွာခြားသည်။

ငုံငှက် (ဘုမ္မတီး) ငှက်ဆိုသည်ကလည်း နှစ်မျိုးရှိသည်။ တစ်မျိုးကငုံကုလား (ခြေနီ)ဖြစ်ပြီး နောက်တစ်မျိုးက ငုံစိမ်း(ခြေစိမ်း) ဖြစ်သည်။ ထိုငှက်နှစ်မျိုးစလုံးပင် ငှက်ငန်းအသားကဲ့သို့စားလျှင် ပထမတန်း ကောင်းသည်။ ပေါင်း၍စားလျှင် ပို၍ပင်ကောင်းသေးသည်။ အထူးသဖြင့် နိုင်ငံခြားသားများတို့ အလွန်တရာ အမြန်တန်းထားကာ စားသုံးနေကြသည့် စနိုက်ငှက်ထက်ပင် ပိုကောင်းသည့်ငှက်များပင်။

ထိုငှက်များသည် ‘သပွတ်သိမ်သီး’ကို နှစ်ခြိုက်စွာ စားသုံးကြသည်။ ထိုအသီးများ မှည့်ရွဲနေအောင် သီးသည့်အပင်ကြီးတစ်ပင် တွင်အုပ်ဖွဲ့စားကြရင်း အော်မြည်သံပေးကြသည်ကနှစ်မျိုး။ တစ်မျိုးက လူမမာညည်းညူသံကြီးမျိုး၊ နောက်တစ်မျိုးက နွားသိုးကြီးများတို့ တွန် သံပေးသည့်အခါကြားရသည့် ‘ဝပ် … ထရိန်း၊ ဝပ် … ထရိန်း’အသံ ကြီးမျိုးပင်။ အတွေ့အကြုံနည်းပါးကြသူများတို့အဖို့ ထိုအသံကြီးနှစ်မျိုး ကို ကြားလိုက်မိပါက အလွန်တရာကြောက်ရွံ့ပြီး ရှေ့ခရီးကိုဆက်၍ပင်





မသွားရဲကြသူများတို့ အများအပြားပင် ရှိနေကြပေသည်။

သူတို့အုပ်ဖွဲ့ဟစ်ကြွေးတေးသီကာ စားသောက်နေကြသည့် ‘သပွတ်သိမ်ပင်’ကြီးတွင် အုပ်လိုက်တွေ့ပါက နှစ်လုံးပြူးသေနတ်သမား တစ်ယောက်အဖို့ (၂၀+၂၁) ကျည်ဆန်မျိုးနှင့်အုပ်တွင်းကို ပစ်သွင်းပါ မှ သုံးကောင်နှင့် လေးကောင်လောက်သာရတတ်သည့် အကောင်မျိုး။ လန့်၍ ပျံသွားလျှင် နောက်တစ်ခါသည်စားပင်ဆီသို့ အလာကျဲသွားသည့် အတွက်ပင်။

ယခုအခါဆို ငှက်များတို့၏ စရိုက်သဘာဝကို သိရှိထားသော ‘ပြူးကျယ်’ တစ်ယောက်က ရွာမြောက်ဘက်တွင် ထီးထီးမားမားပေါက် နေသည့် ဥနဲပင်ကြီးတွင် လာရောက်စားသောက်ကြသော ငှက်မျိုးစုံထဲ မှ အခြားငှက်များကိုမပစ်ခတ်ဘဲ ငှက်ငန်းတစ်မျိုးတည်းကိုသာ စောင့် ဆိုင်းပစ်ခတ်လာခဲ့သဖြင့် ယခုကဲ့သို့ ကောင်ရေများစွာ ရရှိလာခဲ့ခြင်း ဖြစ်ပေသည်။

ငှက်များ၏အလေးချိန်မှာ (၉)ပိဿာနီးပါးမျှ ယခုကဲ့သို့ အချို့ ကိုချက်၊ အချို့ကိုကြော်ထားခြင်း မဟုတ်ပါလား။

အဘကောင်းကား မနက်ပိုင်း တောလမ်းတင်ကတည်းက စိတ်ဆိုးပြီးမည်သူ့ကိုမျှ စကားမပြော။ ထမင်းလည်း မစားထားသည့် အတွက် ဆာနေ၍လားတော့ဖြင့်မသိ ငှက်ငန်းကြော်များကို စားလိုက်၊ အရက်ကို တစ်ခွက်ပြီးတစ်ခွက်သောက်လိုက်နှင့် လိုအပ်နေသည့်ဝမ်း တွင်းမီးကို ငြိမ်းနေဟန်ထင့်။ ကျွန်တော်တို့နှစ်ယောက်က နေ့ခင်းက အခံရှိထားကြသူများတို့မို့ တစ်ခွက်သောက်အပြီး မူးနေကြပြီမို့ အစာ ကိုသာ ဖိစားနေမိလိုက်ကြစဉ် …

“ဒိန်း … ဟိန်း ဟိန်း”

သုံးဦးသား 'ငှက်ငန်းကြော်' နှင့်အရက်ကို သောက်စားနေကြရင်း တုန်ခါမှုတို့အပြည့်ဖြင့် သေနတ်သံကြီးတစ်ချက်ကို သုံးဦးစလုံးကြားလိုက်ကြရသည်မို့ တစ်ဦးမျက်နှာကိုတစ်ဦး လှမ်းကြည့်လိုက်မိကြသည်။ သို့သော် ဘာစကားကိုမှတော့ မပြောဖြစ်ကြ။ သဘာရင့်မုဆိုးများမို့ အားလုံးသိလိုက်ကြသည့်အသိက မိုးပေါ်ထောင်ပစ်လိုက်သည့်အသံမျိုး။ သို့သော် ပဲ့တင်သံကမရှည်။ တိခနဲ ပြတ်သွားသည့်အတွက် ပစ်မှတ်ထားရာ သားကောင်ကိုထိသည်ဟု အားလုံးက သိလိုက်ကြသည်။ သို့သော် အပေါ်ကိုပစ်လိုက်သည့် အသံဖြစ်သည့်အတွက် ဝံလိုအကောင်မျိုးတော့ဖြစ်ပေမည်ဟု ခန့်မှန်းမိသည်။ သူတို့နှစ်ယောက်ကလည်း လူငယ်လေးတွေဆိုပေမဲ့ သဘာရင့်နေရသူများဖြစ်ကြသည်မို့ ကျွန်တော်လိုခန့်မှန်းကြမည်က အသေအချာပင်။ ကိုယ့်လူတွေက လူညံ့တွေမှမဟုတ်ပေဘဲကိုး။ ထိုစဉ် ...

"ဒိန်း ...ဟိန်း ဟိန်း ဟိန်း"

စဉ်းစားတွေးတောလို့မှမဆုံးခင် နောက်ထပ်ပစ်လိုက်သည့်သေနတ်သံကြီးကို ထက်ပံကြားလိုက်ရပြန်သည်။ သည်တစ်ကြိမ် ထပ်မံကြားလိုက်ရသည့် သေနတ်သံကြီးက သူ့နောက်ပိုင်းတွင်ပဲ့တင်သံရှည်ရှည်ကြီးကိုကို တစ်ဆက်တည်းကြားလိုက်ရသည်မို့ သေနတ်သမားက ပစ်မှတ်ထားရာကိုမထိဘဲ ကျည်ဆန်က မိုးပေါ်သို့ ထောင်တက်သွားပုံရသည်။ ပစ်မှတ်ကိုမထိဘဲ အပေါ်ကိုလျှံသွားသည့် အသံမျိုးပင်။ ထိုအသံက ပစ်လိုက်သောမုဆိုးသည် သေနတ်သမားကောင်းတစ်ယောက်ပစ်လိုက်သည့်အသံမျိုးမဟုတ်မှန်းကို သိရှိလိုက်ကြသော်လည်း ဘာကိုမျှမပြော။ ဒုတိယအကြိမ် တစ်ဦးမျက်နှာကိုတစ်ဦး ကြည့်လိုက်မိကြပြန်သည်။





အကြောင်းမဲ့ မီးခွက်အလင်းရောင်မှ အဘကောင်းက လက်မှပတ်ထားသည့်နာရီကိုကြည့်လိုက်ရင်း အချိန်ကိုမှန်းလိုက်တော့ ဆယ်နာရီထိုးရန် မိနစ်အနည်းငယ်သာ လိုတော့သည်မို့ ...

"အဘကောင်း ...ငှက်ငန်းဟင်းနဲ့ ထမင်းစားလိုက်ပါလား။ မနက်ကလည်း မစားတော့ဆာနေမှာပေါ့"

"ဟာ ...မစားဘူးကွာ။ မစားဘူး"

ခပ်မာမာနှင့် စိတ်မရှည်သောပုံစံမျိုးနှင့် တုံ့ပြန်လိုက်မှုကြောင့်ရှေ့ကိုစကားမဆက်တော့ဘဲ ဆိတ်ဆိတ်နေလိုက်ကာ ကျောပိုးအိတ်ကိုခေါင်းအုံးရင်း သူတို့ဆီမှဘာဖြစ်သည်ကို မကြားရပါစေနှင့်ဟု ဆုတောင်းကာ လှဲနေလိုက်မိပေသည်။

## [ ၆ ]

❑

ကျွန်တော့်ဆုတောင်းကား မပြည့်ခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် ဖြစ်ပုံကိုလည်း ကြည့်လိုက်ပါဦး …

''ဘိုလေး … အစ်ကိုကြီး ဦးသိန်းလွင်၊ အဘကောင်း''

ခြံရှေ့မှ အလန့်တကြားတိတ်နှင့် လှမ်းခေါ်နေသည့် ရွာခံမှဆိုး ငပိန်၏ခေါ်လိုက်သံကြောင့် လဲလျောင်းနေရာမှ သုံးဦးစလုံး ငေါက်ခနဲ ထကာ ထိုင်မိလျက်သား ဖြစ်သွားကြပေသည်။ ကျွန်တော်က ဆေးလိပ် ခွက်အနီးချထားသည့် မီးခြစ်ကိုကောက်ယူပြီး ဖယောင်းတိုင်ကို မီးထွန်း ကာ အလင်းရောင်ဖြင့် လှမ်းကြည့်လိုက်တော့ ရွာခံမှဆိုးကိုတွေ့လိုက်ရ ပေသည်။





''ဟဲ့ကောင် … ငပိန်၊ အရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လာ တာလဲ။ နင်တစ်ယောက်တည်းလား။ ဟိုအကောင်တွေကော''

''ဟိုမှာ ကျန်ရစ်ခဲ့ကြတယ်။ လူနာအခြေအနေကိုကြည့်ပြီး ဆေးရုံပို့သင့်ရင် ပို့ရမလားလို့ စီစဉ်နေကြတယ်''

''ဘာကွ … လူနာ ဟုတ်လား။ သည်တောကြီးထဲမှာ ဘယ်က လူနာလဲ။ နို့ … မင်းတို့ဆီက သေနတ်ပစ်သံနှစ်ချက် ကြားလိုက်ရ တယ်။ ဘာကိုပစ်ကြတာလဲ''

ဝိုချင်လျက် လက်တို့ဆိုသည့်စကားအတိုင်း ထိုစကားများကို ကျွန်တော်တို့ ပြောနေခြင်းမဟုတ်။ တစ်ဖွဲ့လုံးအပေါ် အစာမကြေဖြစ် နေသူအဘကောင်းက ကြားဖြတ်ဝင်ပြောနေသည့် စကားများပင်။

''လူ''

''လူကို ပစ်လိုက်တယ်ဟုတ်လား။ ခွေးမသားတွေ ငါအတန် တန်တားနေတဲ့ကြားက တစ်ယောက်မှ နားမထောင်ကြဘူး။ မင်းက ရွာခံဆိုပြီး တားရမယ့်ကြားက အလိုတူအလိုပါမှူးရူးနေကြပြီး တောထဲ မှာ လုပ်ချင်ရာလျှောက်လုပ်နေကြတယ်။ ငါပြောတာကို လက်မခံတော့ ဥပဒေအပြစ်ပေးတဲ့ဒဏ်ကို ခံကြပေါ့''

အဘကောင်းက ဒေါပွပွနှင့်ပြောနေရင်း စကားအဆုံး၌ ၎င် သူ၏ဘေးတွင်ရှိသော ဝါးပိုးတိုင်လုံးကြီးကို လက်သီးနှင့်ဆောင့်ထိုးလိုက် သဖြင့် 'ခွပ်'ခနဲ မြည်သွားသည်။ သို့အတွက် အစ်ကိုကြီးဦးသိန်းလွင် နှင့်ကျွန်တော်တို့နှစ်ယောက်က သူ့ကို အတင်းဝင်ဆွဲရင်း ဖျောင်းဖျနေ လိုက်ကြပေသည်။ ငပိန်ကား သူ့တွင်အပြစ်ရှိနေသည်မို့ မျက်နှာတွင် သွေးမရှိတော့။ အစုန်တုန်အချိချိဖြစ်ပြီး အလွန်အမင်း ကြောက်ရွံ့ နေစဉ် …

"ဟော့ကောင် ... ငပိန်၊ လူကိုသေနတ်နဲ့ ဘာကြောင့်ပစ်ရတာလဲ ... ပြောစမ်း"

"ဟုတ်တယ် ... အဘ။ တောဆင်ရိုင်းအုပ်ကိုကြောက်လို့ သစ်ပင်ထက်မှာရောက်နေတဲ့ သားအဖနှစ်ယောက်ကို မျောက်တွေမှတ်ပြီး ပစ်လိုက် ... အင့်"

ရွာခံမုဆိုး 'ငပိန်' တစ်ယောက်စကားဆုံးအောင်ပင် ရှင်းမပြလိုက်ရသေး 'အင့်' ဟူသောအသံကြီးကို ညည်းထွက်လိုက်ရင်း တဲပေါ်တွင် ပျော့ခွေကာ လဲကျသွားသည်မို့ ကျွန်တော်တို့နှစ်ယောက် နောက်ထပ် ခြေထောက်နှင့် ရင်ဝဆောင့်မကန်နိုင်အောင် အဘကောင်းအား အတင်းဖမ်းချုပ်ထားလိုက်ရပေသည်။

ငပိန်ကား အတော်ကလေးနာသွားဟန်ထင့်။ တဲပေါ်တွင် လဲကျရင်းမှ အတန်ကြာတော့ သတိရလာကာ သူ၏ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့်ဖိရင်းရှုံ့မဲ့၍ ပြန်ထလာချိန် မနေနိုင်တော့သူ ကျွန်တော်က ...

"အဘကောင်း စိတ်ကိုထိန်းဦးဗျာ။ ကျွန်တော်တို့လည်း စိတ်ညစ်လာပြီ။ ဘယ်လိုဖြစ်တာလဲဆိုတာကို အကြောင်းစုံမေးပြီး သိတော့မှ သေွးအေးအေးနဲ့စဉ်းစားပြီး ညှိနှိုင်းအဖြေရှာကြရမှာ။ ခုလို ဒေါသထွက်ပြီး လျှောက်လုပ်နေရင် ပိုမှားဦးမယ်"

ကျွန်တော်ကလည်း ဖျောင်းဖျပြောဆိုနေသလို အစ်ကိုကြီး ဦးသိန်းလွင်ကလည်း အထပ်ထပ်တောင်းပန်နေလိုက်မှုတို့ကြောင့် အတန်ကြာတော့ ငြိမ်ကျသွားသည်နှင့်အတူ ...

"နေစမ်းပါဦး ... ငပိန်ရဲ့၊ မျောက်မှန်းလူမှန်း မသိရအောင် ဘယ်သူပစ်လိုက်တာလဲကွ"

"ဟိုလေ ... ဆံပင်ကို ကြက်တောင်စည်းနဲ့ ကုလားလို တော





ကပါတဲ့အကောင် ပစ်လိုက်တာ"

"ဟိုက် ... သူ့နာမည်ကုလားဒိန်တဲ့။ တို့က ဒိန်လို့ခေါ်တဲ့ကောင်ကွ"

ကျွန်တော်တို့နှုတ်ဖျားမှ အာမေဋိတ်သံများထွက်သွားခြင်းနှင့်အတူ အစ်ကိုကြီးကိုသိန်းလွင်က ရှင်းပြလိုက်တော့ အဘကောင်းက–

"မင်းတို့မုဆိုးတွေ လက်မှာကိုင်ထားတဲ့သေနတ်က အရက်လည်းမူးနေပြီး သေနတ်ကိုကိုင်လည်းမကိုင်ဖူးသလို မပစ်တတ်တဲ့သူရဲ့ လက်ထဲကို ဘယ်လိုရောက်သွားရတာလဲကွ။ ပြောပါဦး"

အမှန်တော့ အဘကောင်းပြောသည်က ဟုတ်နေသည်။ ဒိန်ဆိုသည့်လူက သူ့နယ်တွင်ခွေးများနှင့် လှံနှစ်ချောင်းကိုကိုင်ပြီး တောကြောင်ကို လိုက်စားနေသူဆိုပေမဲ့ သေနတ်ကို ကိုင်ဆောင်ဖူးသူ မဟုတ်သလို ပစ်တတ်သူလည်း မဟုတ်။ ယခုမူ သူကမူးနေပြီး သေနတ်နှင့်ပင် လူနှင့်မျောက်ကို မှားပစ်ခတ်သူက 'ဒိန်'တစ်ယောက်ဖြစ်နေသည့်အတွက် သည်ကိစ္စတွင်သူတို့အားလုံးတွင် တာဝန်မကင်းကြကြောင်းကို တွက်ဆလိုက်ကြရင်း ဖြစ်ပျက်ပုံအစအဆုံးကို မေးလိုက်မိပေသည်။

"ဘယ်လိုက စဖြစ်ရတဲ့အကြောင်းကလေး ပြောပြပါဦး ငပိန်ရဲ့"

အစ်ကိုကြီး ဦးသိန်းလွင်က မေးလိုက်သော်လည်း ရွာခံမုဆိုး ငပိန်က ...

အဘကောင်းက ဒေါသတကြီးနှင့်ရင်ဝကို ဆောင့်ကန်ထားခြင်းကို ခံစားရသဖြင့် နာကျင်စွာခံစားနေရသည့် ဝေဒနာကြောင့် ချက်ချင်းပြန်မဖြေနိုင်ရှာသေး။ ခေါင်းကြီးကိုငုံ့လျက် စိတ်လှုပ်ရှားနေမှုကို ထိန်းနေရရှာသည်မို့ ....

"ငပိန် ... မင်းသိပ်နာသွားသလား ငါစိတ်မကောင်းပါဘူးကွာ။ အဘကောင်းကလည်း သူ့အတန်တန်တားနေတဲ့ကြားက မင်းကလည်း တားရမယ့်ကြားထဲမတားဘဲ အလိုတူအလိုမ ဖွတ်ထွက်သွားကြတော့ ဒေါသပိုထွက်နေသလို ခုလို မျောက်နဲ့လူကိုမှားပြီး ပစ်လိုက်မိကြတော့ သိပ်စိတ်ဆိုးသွားပြီး ကရုဏာနဲ့လုပ်လိုက်မိတာပါ။ နောင်တော့ အဘကောင်း စေတနာကို မင်းနားလည်လာမှာပါ"

ကျွန်တော် ဖျောင်းဖျနားချနေသော်လည်း ရွာခံမုဆိုးလေး ငပိန်က အဘကောင်းစေတနာကိုနားလည်ထားသူမို့ အပြစ်မတင်ရက်ရှာ။ သူ့အကြောင်းကို သူသိရှာသည်။ အဘယ့်ကြောင့်ဆိုသော် သူက ရွာခံဖြစ်သည့်အတွက် သူ့မှာ တာဝန်ရှိနေသည်ဟု ခံယူထားပုံလည်းရသည်။ မဖြစ်တန်တာကို မဖြစ်ရလေအောင် သူကတားဆီးရမည့်အစားအရက်ကိုမူးအောင်သောက်ကြပြီး အားနာမှုနှင့် စိတ်အလိုကိုလိုက်မိသည့်သူ့အပြစ်ကို သူသိနေပုံရနေသည်။ အတန်ကြာတော့မှ ...

"ဒီလို ... အဘတို့ရဲ့။ ကျွန်တော်တို့ အရက်သောက်လိုက်ကြလို့အပြီး ထမင်းစားလိုက်ကြတယ်။ ထမင်းစားနေတုန်း အဲဒီကုလားဒိန်ကောင်က သူက ဘိုလေးတို့အဖွဲ့ပန်းတနော်ကို ရောက်တုန်းက လိုလေသေးမရှိပြုစုထားတာကို ပြန်ကူညီချင်တယ်ဆိုရင် ဒီညတောလည်ရင် သူပါလိုက်ခဲ့ပြီး သေနတ်တစ်ချက်လောက် ပစ်ကြည့်ချင်တဲ့အကြောင်း ပြောတော့ ကျွန်တော်တို့လူငယ်တွေ တီးတိုးတိုင်ပင်လိုက်ကြပြီး သည်ဝန်းကျင်မြက်ခင်းတွေဆင်းတဲ့ ယုန်နဲ့တောကြောင်ပစ်ကြဖို့ ထွက်ခဲ့ကြတာပါပဲ။

လူတွေက အကုန်မူးနေကြတော့ ဉာဏ်ကျယ်၊ မွန်၊ အာလူးတို့ကတစ်ဖွဲ့ခွဲပြီး အခင်းတွေဘက်ကို တစ်ဖွဲ့သွားကြတယ်။ ကျန်နေတဲ့





ကျွန်တော်တို့အုပ်စုက ကျွန်းကွက်တွေထဲမှာ မီးထိုးရှာကြတယ်။ ဝါကောက်တောကြီးဘက်ကိုရောက်တော့ တောဆင်ရိုင်းတစ်အုပ်က ဝါးတောကြီးထဲကို ဝင်မွှေနေကြတဲ့အသံကို ကြားလိုက်ရတော့ နောက်ကြောင်းကိုပြန်လှည့်ပြီးအပြေး ကွက်သာမြက်ခင်းပြင်တစ်ခုဆီရောက်တော့ နားလိုက်ကြရင်း အဲဒီကုလားဒိန်ဆိုတဲ့အကောင်က မြက်ခင်းပြင်ကို မီးထိုးရှာတော့ တောကြောင်တစ်ကောင်ရဲ့မျက်လုံးကို သူတွေ့တော့ အဲဒီ တောကြောင်ကို သူပစ်ကြည့်ချင်တယ်လို့ပြောပြန်တယ်။

ကျွန်တော်တို့ကလည်း မြက်ခင်းပြင်အတွင်း တောကြောင်ကိုပစ်တာလောက်တော့ ကိစ္စမရှိဘူး။ သူ့ဆန္ဒအရ ပစ်ပါစေဆိုပြီး ကုလားကြီးသန်းညွန့်က သူ့သေနတ်ကို ပေးလိုက်တယ်လေ။

အဲဒီမှာ သူက ဓာတ်မီးနဲ့သေနတ်ကိုကပ်ပြီး တောကြောင်နောက်ကိုလိုက်သွားတယ်။ အတန်ကြတော့ မြေပြင်မှာသွားနေတဲ့ တောကြောင်ကို မီးလိုက်ထိုးနေတဲ့ သူ့မီးရောင်က ချုံနွယ်ပင်ကြီးတစ်ပင်ထက်ကို လိုက်ထိုးနေတာကို တွေ့လိုက်ကြရတယ်။ တောကြောင်က သစ်ပင်ထက်ဆီကိုတက်သွားလို့ လိုက်ရှာဖွေနေတယ်လို့ထင်နေတုန်း သေနတ်သံတစ်ချက် ပစ်လိုက်သံကိုကြားလိုက်ရသလို ...

"လူ ... လူ ... လူ ... မပစ်နဲ့၊ မပစ်နဲ့"

လို့ အော်လိုက်သံကိုပါ အားလုံးကြားလိုက်ရလို့ တစ်ခုခုတော့ မှားနေပြီဆိုတဲ့အသိနဲ့ အဲဒီကုလားဒိန်ဆိုသူထံကို အားလုံးပြေးသွားကြတုန်း သေနတ်ပစ်လိုက်သံနောက် သစ်ပင်ထက်ကိုထောင်ပြီး ပစ်တော့ မယ်အလုပ်၊ ကုလားကြီးသန်း ညွန့်ကပြေးတွန်းလို့ သေနတ်သံက ထွက်သွားပေမဲ့ လူတစ်ယောက်ရဲ့ ...

"လူကောင်းတွေပါ မပစ်နဲ့၊ မပစ်နဲ့"

ဆိုတဲ့အသံကိုလည်း ထပ်ပြီးကြားလိုက်ရတယ်။ အဲသလို ကြားနေရတဲ့ကြားက ထပ်ပြီးပစ်ခတ်တော့မယ်အလုပ် ကျွန်တော်တို့လည်း သူ့ကိုဝိုင်းချုပ်ပြီး လူသံကြားရာဆီကို မီးနဲ့လှမ်းထိုးကြည့်လိုက်တော့ မီးရောက်အောက်မှ (၁၂)နှစ်သားလောက်ရှိမယ့် ကလေးတစ်ဦးကို ပွေ့ချီထားတဲ့လူတစ်ယောက်ကို တွေ့လိုက်ကြရတာပါပဲ"

"ကဲ ... ဆက်စမ်းပါဦး ငပိန်ရဲ့၊ လူကိုမှန်သွားသလား"

သူပြောနေသည်ကို အားမလိုအားမရရှိလှသဖြင့် ကျွန်တော်က ကြားဖြတ်မေးလိုက်တော့ ...

"ဒိန်ရဲ့လက်ထဲမှာ ကိုင်ထားတဲ့သေနတ်ကို ကုလားကြီးသန်းညွှန့်ကလှယူပြီး အာလူးက သူ့မေးရိုးကိုထိုးလိုက်တော့မှ သူလည်း သတိလစ်သွားပြီးမှ သေနတ်ကိုရတော့တယ်။ အဲဒီအချိန်မှာ ကလေးကိုဖက်ရင်း ကြောက်ဒူးတုန်နေတဲ့သူဆီကို ကျွန်တော်တို့ရောက်သွားကြပြီး ကလေးကို အသေအချာကြည့်ပြီး ဒဏ်ရာကိုရှာလိုက်ကြတော့ သေနတ်ဒဏ်ရာ တစ်ချက်မှမတွေ့ရဘူး။ သူတို့တက်နေတဲ့ သမွတ်သိမ်ပင်ကြီးထက်ကပြုတ်ကျပြီး မြေပြင်နဲ့ဆောင့်မိပြီးမေ့နေတာကို တွေ့ရတယ်လေ။

အဖြစ်မှန်ကိုမေးလိုက်တော့ သူတို့သားအဖ တောထဲမှာမီးသွေးဖုတ်ဖို့အတွက် ထင်းသွားခုတ်အပြီး အိမ်ကိုပြန်အလာ တောဆင်ရိုင်းအုပ်ကြီးနဲ့တွေ့လို့ နောက်ကြောင်းကိုပြန်ပြေးရင်း မလွတ်သာလို့ အဲဒီအပင်ကြီးပေါ်တက်ပြီး ပုန်းနေကြရာက ယခုလို သူ့သားငယ်ကို အပင်အောက်ကနေ မီးနဲ့လှမ်းထိုးပြီး သေနတ်နဲ့အပစ်ခံလိုက်ရတာတဲ့ဗျ"

"ဟိုက် ... ဘယ်မှန်သွားသလဲ၊ ဘာဖြစ်သွားသလဲ မြန်မြန်ပြောစမ်းကွာ"

ကျွန်တော်က စိတ်မရှည်လှတော့ပြီမို့ လှမ်းဟောက်ရင်း





မေးလိုက်တော့ ...

"အဲဒီသေနတ်နဲ့ အပစ်ခံလိုက်ရတဲ့ ကလေးကံကောင်းသွားတာက သူကအရက်မူးလွန်ပြီး မီးကတစ်ဖက်၊ သေနတ်ကတစ်ဖက်ကို ပစ်လိုက်တာကြောင့်ဗျ။ အကိုင်းထက်မှာထိုင်နေတဲ့ ကလေးကိုမီးထိုးကြည့်ရင်း မျောက်တစ်ကောင်လို့အထင်မှားပြီး ပစ်ချလိုက်တာ ခေါင်းပေါ်ကို ကျည်ကလျှံသွားပြီး ပင်စည်လုံးကို သွားမှန်တယ်လေ။ သားကိုသေနတ်နဲ့လှမ်းအပစ်ခံနေရတဲ့ကလေးရဲ့ ဖခင်နဲ့ကလေးဟာ အကြောက်လွန်ပြီး အောက်ကိုခုန်ချလိုက်ကြတယ်။ ကလေးက မြေပြင်နဲ့ဆောင့်မိပြီးမေ့နေတာကို သူ့ဖခင်က သူ့သားကို သေနတ်မှန်သွားတယ်အထင်နဲ့ပြေးပြီးပွေ့ချီနေတုန်း နောက်တစ်ချက်အပစ်ခံလိုက်ရတာပဲ။ ဒါပေမဲ့ နောက်တစ်ချက်ထပ်မပစ်ခင် ကုလားဒိန်အော်ပြောလိုက်တဲ့အသံက .."

"ငါပစ်ထားတဲ့မျောက်ကို မျောက်ကြီးတစ်ကောင် ဝင်လုနေတယ်။ သေပြီသာမှတ်"

အဲသလို ကြိမ်းဝါးပြီးပစ်လိုက်တာ ကုလားကြီးသန်းညွှန့်နောက်ကလှမ်းတွန်းလိုက်လို့ ကျည်ဆန်က မိုးပေါ်ထောင်သွားတာဗျ"

"ဘုရား ... ဘုရား ... ကံသီကြလို့ပါလားကွာ"

ငပိန်ပြောလိုက်သော စကားများတို့ကြောင့် နားထောင်နေကြသူသုံးဦးထဲမှ ကျွန်တော်က ဘုရားကိုတနေလိုက်မိစဉ် သူဆက်ပြောလိုက်သည့်စကားတို့က ...

"ကံအလွန်ကောင်းတာက အဲဒီကုလားဒိန် အမူးလွန်သွားတဲ့အချက်ပဲဗျ။ ဘာပြုလို့လည်းဆိုရင် မူးနေတော့ မီးရောင်အောက်မှာရှိတဲ့ ပစ်မှတ်ကို လက်တစ်ဖက်တည်းနဲ့ ကိုင်ထားတဲ့သေနတ်ကို ဘယ်လိုတည့်အောင်ချိန်နိုင်မှာလဲဗျာ။ ကျည်တွေကလည်းလုပ်သီး(ကျည်ခွံအဟောင်း

ကို ထပ်မံလုပ်ထားသည့်ကျည်)တွေ။ ပြင်းကလည်းပြင်းတော့ မိုးပေါ်ကို ထောင်သွားတာပါပဲ''

''အေးကွာ ... ခုဒီသားအဖ ဘာဖြစ်သွားလဲ''

စိတ်စောလွန်းသဖြင့် အမောတကောပင်မေးလိုက်မိသည်၊ ငပိန်ဆက်ပြောပုံက ...

''သားအဖနှစ်ယောက်စလုံးကို ကျည်မထိဘူး။ ပထမပစ်တဲ့ကျည်ဆန်က ကလေးရဲ့ခေါင်းပေါ်ကကျော်ပြီး ပင်စည်လုံးကြီးထဲကို စုပြုဝင်သွားတယ်။ ကလေးကကြောက်ကြောက်နဲ့ အောက်ကိုခုန်ချလိုက်တာ အကျမတော်လို့ဆောင့်မိပြီး နေရာမှာတင်မေ့သွားတာပါ။ အပင်ပေါ်မှာရှိနေတဲ့ ဖခင်ကလည်း သူ့သားကို သေနတ်ထိမှန်ပြီး အောက်ကိုကျသွားတယ်အထင်နဲ့ သစ်ပင်ပေါ်က အောက်ကိုခုန်ချပြီး သားဖြစ်သူကို ပွေ့ချီထူမရင်း ငိုနေတုန်း ကုလားဒိန်က သူပစ်ချလိုက်တဲ့မျောက်ကို အခြားမျောက်ကြီးတစ်ကောင်က သစ်ပင်ပေါ်ကခုန်ချပြီး ဝင်လုနေတယ်အမြင်နဲ့ ထပ်ပစ်လိုက်တဲ့ကျည်ဆန်က ယမ်းအားကလည်းပြင်းသလို နောက်က တွန်းလိုက်တဲ့အရှိန်နဲ့ မိုးပေါ်ကိုထောင်သွားပြီး မထိလိုက်ဘူး။

အဲဒီအချိန်မှာ နောက်ထပ်ပစ်ခတ်ဖို့ ကြိုးစားနေတဲ့ ကုလားဒိန်ကို ကျွန်တော်တို့ ဝိုင်းဖမ်းပြီး ထိုးကြိတ်ပစ်လိုက်ကြတာပါပဲ။ ကလေးကတော့မေ့နေလို့ နာနပ်ယူရတာတစ်ခုပဲရှိပါတယ်။ သေနတ်ကြောင့်တော့ဖြင့် ဘာမှမဖြစ်ပါဘူး''

သူ့စကားဆုံးတော့မှ ကျွန်တော်တို့အားလုံး ပင့်သက်မောများကို ရှိုက်ထုတ်လိုက်မိကြပေတော့သည်။ ရင်တွင်းဖြစ်ပေါ်နေသည့် စိတ်သောကများတို့ ငြိမ်းအေးသွားသည်ဆိုသော်လည်း ခုန်နေသောနှလုံးတို့ကို ငြိမ်သက်အောင်စောင့်ရပေဦးမည်။ သို့သော်လည်း သိလိုသည့်





အချက်များတို့က ကျန်နေသေးသည်မို့ မေးလိုက်မိပြန်သည်။

''ခု ... အဲဒီသားအဖ ဘယ်မှာလဲ၊ ငါတို့ကောင်တွေကရော ကွ''

''ကလေးကတော့ သတိရနေပါပြီ။ ကုလားဒိန်ဆိုတဲ့အကောင်က အထိုးခံထားရတာရော၊ မူးနေတာရောပေါင်းပြီး မှောက်နေတုန်းပဲ။ သူတို့သားအဖကို ရွာကအိမ်ကိုရောက်တဲ့ထိလိုက်ပို့ပြီး ကလေးအတွက် ဆေးဖိုးဝါးခပေးဖို့ ငွေလည်းလာယူရင်း အဘကောင်းတို့အဖွဲ့ကို အကျိုးအကြောင်းပြောပြဖို့ သူတို့လွှတ်လိုက်လို့ ပြန်လာခဲ့တာပါ''

''နေပါဦးကွ၊ ဒိန်ရဲ့အပြုအမူတွေက မူးရုံသက်သက်ပဲလား။ မင်းဘယ်လိုမြင်သလဲကွ''

''မူးရုံသက်သက်တော့ မကလောက်ဘူးဗျ။ ကျွန်တော့်စိတ်ထင် တစ်ကောင်ကောင်များ ဝင်ကပ်နေသလားလို့ ထင်နေမိတယ်''

ကျွန်တော်တို့က ဘာမျှဆက်မပြောတော့သော်လည်း အဘကောင်းက ထိုစကားများတို့ကြောင့် ခေါင်းတညိတ်ညိတ်လုပ်နေသည်ကို သတိထားလိုက်မိကြပေသည်။ မည်သို့ဆိုစေ ငပိန်စကားဆုံးတော့ ကျွန်တော်တို့ စိတ်ချမ်းသာသွားသလို ပျော်သွားကြသည်၊ သည်လိုပျော်ရွှင်ကြည်နူးမှုမျိုးကို ခံစားလိုက်ကြရခြင်းသည်ကား တစ်သက်တာတွင် ဘယ်အရာနှင့်မျှ နှိုင်းဆလို့မရသည့် ကြည်နူးပျော်ရွှင်မှုမျိုးပင်။

ဒေါသအလွန်ထွက်နေသော အဘကောင်း။ စိတ်ကိုမချုပ်တည်းနိုင်ရှာသူပင် ကျွန်တော်တို့နည်းအတူ သူ့စိတ်များတို့က ခံစားရသိုက်ဟန်ထင့် နေရာမှရုတ်ခြည်းထကာ ရွာခံမုဆိုးငပိန်ကို သိမ်းကျုံးပွေ့ဖက်လိုက်ရင်း ကလေးတစ်ဦးပမာ ချုံးပွဲချငိုပွဲဆင်လိုက်သည်ကို တွေ့မြင်လိုက်ရပေတော့သည်။

ကျွန်တော်နှင့်အစ်ကိုကြီး ဦးသိန်းလွင်တို့နှစ်ယောက်ကား ငပိန်ကိုဖက်၍ ရှိုက်ကြီးတငင်နှင့်ငိုကြွေးနေသော အဘကောင်းတစ်ယောက်၏ဖြစ်အင်ကို ပီတိဖြစ်ရင်း ရင်တွင်းက မှတ်ချက်ချနေလိုက်မိတာက–

"ဩော် … မယုံမရှိနဲ့ ကြုံမှသိကြတယ်ဆိုတဲ့ စကားအတိုင်း သူ့ရဲဘော်ရဲဘက်များအပေါ် အဘကောင်းထားရှိတဲ့ စေတနာတို့ကား မြင့်မားလှပါကလား။ သူ၏ ပင်ကိုစိတ်ထားကို ကျွန်တော်တို့နှစ်ဦးထက် ဘယ်သူကများ ပို၍ နားလည်နိုင်ကြပါ့မလားရယ်လို့"

ထွေးတောကာသူသွားနေရာဆီသို့ ကျွန်တော်တို့သုံးဦးသား လျှောက်လှမ်းနေလိုက်မိကြပေသည်။ ကျွန်တော်တို့ လျှောက်လှမ်းလမ်းကျဉ်းကလေး၏ ဝဲယာတစ်ဖက်တစ်ချက်များတို့ဆီတွင် အင်၊ ကညင်၊ သစ်ရာ၊ ဒိဒု၊ တောတညင်း၊ ကနစို၊ ကျွန်း၊ ပျဉ်းကတိုး၊ တောဝွေးပင်စသည့် ထွားကျိုင်းသည့် အပင်ကြီးများတို့က ဝါးရုံတောကြီးကို ကျော်ဖြတ်ပါမှ သူတို့ရှိရာကိုရောက်မည်၊ သို့သော် ထိုနေရာဆီသို့ ရောက်ရန်အတွက် မကျော်ဖြတ်ရမည်မို့ အဘကောင်းက …

"ငါတောကို စိတ်ထဲကမသတီဘူးဟေ့။ သေနတ်တွေ အသင့်ပြင်ထားကြ"

အဘကောင်းပြောလိုက်သဖြင့် ကျွန်တော်တို့ လွယ်ထားကြသော သေနတ်များကိုဖြုတ်ကာ အဒရေးရှိက ပစ်ခတ်ရန်အသင့်ကိုင်ဆောင်လိုက်ကြရင်း လူသွားလမ်းနှင့် ဘေးဘယ်ညာများတို့ဆီသို့ မီးကိုဝေ့ဝဲလျက် လိုက်လံကာအခြေအနေကို ကြည့်နေစဉ် …

"အူး … ကြောင်း … ရှမ်း"

ခပ်လှမ်းလှမ်း ဝါးရုံတောကြီးအတွင်းဆီမှ ဝင်ရောက်စားသောက်နေကြသော တောဆင်ရိုင်းအုပ်ကြီး၏ အော်ဟစ်သံများ၊ ဝါးပင်





များကို ချိုးဖဲ့စားသောက်နေကြသည့် အသံများတို့ကို ကြားနေရသည်မို့ …

"ငပိန် … ဟိုအဖွဲ့တွေနဲ့ တောဆင်ရိုင်းအုပ်စု အော်နေတဲ့နေရာ ဘယ်လောက်ဝေးသလဲ"

"ဝေးပါတယ် … အတော်အလှမ်းဝေးပါတယ်။ သူတို့ဆီကိုရောက်တော့မှာပါ"

သူပြောလိုက်သည့်စကားကြောင့် တောဆင်ရိုင်းအုပ်နှင့် ကျွန်တော်တို့လေးဦး အတန်အလှမ်းဝေးနေသဖြင့် မီးများကိုထိုးရင်း လျှောက်လှမ်းခဲ့ကြရာ တစ်နေရာအရောက်တွင် အင်တိုင်းဆန်ဆန် တောပါးကလေးအတိုင်း လျှောက်လှမ်းခဲ့ကြရင်းမှ တောထူထူဘက်ဆီသို့ ရောက်လာခဲ့ကြသည်။

ထိုနေရာကား သစ်ရိုင်းပင်ကြီးများ ချုံနွယ်တောနှင့်ဝါးတောကြီးများ ပေါင်းစပ်သောနေရာမျိုးမို့ နေရာတိုင်းအမှောင်ထုက ကြီးစိုးမင်းမူနေသည်။ တစ်နေရာအရောက် မီးကိုလှမ်းထိုးလိုက်စဉ် ရဲခနဲ မျက်လုံးတစ်စုံကို တွေ့လိုက်ရသည်။ လူကို အန္တရာယ်ပေးနိုင်သည့် သားကောင်တို့၏ မျက်လုံးအရောင်မျိုး။

ရှေ့မှသွားနေသော အဘကောင်း၏ စိုးရိမ်စိတ်နှင့်အသံက ထွက်လာသည်။ သူက လှမ်းလက်စခြေလှမ်းများတို့ကို ရပ်တန့်လိုက်သလို ကျွန်တော်တို့သုံးယောက်ကလည်း ရပ်တန့်လိုက်ကြပြီး လက်တွင်ကိုင်ဆောင်ထားသည့် လက်နှိပ်ဓာတ်မီးဖြင့် ဝန်းကျင်အနှံ့ကို တွေ့မြင်လိုက်ရသည့် မျက်လုံးရဲရဲသားကောင်ကို လိုက်လံထိုးကြည့်ရင်း ရှာဖွေနေလိုက်သည်။

မုဆိုး လုပ်ကြသည့် ကျွန်တော်တို့လေးဦးကား အန္တရာယ်နှင့်

ကြုံတွေ့ကြရတော့မည့်အခါ တစ်ဦးနှင့်တစ်ဦး လက်တွဲ၍ အနိုင်ပြန်ယူကြရတော့မည့်အချိန်မျိုးမို့ ဆိုသည်ကို အားလုံးပင် သိရှိထားကြသဖြင့် အရေးပေါ်ကအသင့်ပစ်ခတ်နိုင်ရန် သေနတ်များကို ညာလက်တွင်ပစ်ကြရန် ကိုင်ထားရင်းဘယ်လက်များတို့က ဝန်းကျင်အနှံ့လိုက်လံမီးထိုးကာရှာဖွေနေလိုက်ကြပေသည်။

သေချာနေသည်က ကျွန်တော်တို့လေးဦးသား သေနတ်များကိုပခုံးတွင်လွယ်ထားကြပြီး လက်ထဲတွင် လက်နှိပ်ဓာတ်မီးများကိုသာကိုင်ဆောင်လျက် လိုက်သွားမည့်လမ်းကို မီးထိုးရင်းသွားနေကြသည်ကို အလစ်အငိုက်ကိုစောင့်၍ ချောင်းမြောင်းနေသည့်သားကောင်ကြီးများ၏သဘောကို အားလုံးက သဘောပေါက်လိုက်ကြပေပြီ။

"ထင်တော့ထင်လိုက်သားကွ၊ တောအခြေအနေက စိတ်နဲ့သိပ်မတွေ့ဘူးရယ်လို့။ ခုတော့ ထင်တဲ့အတိုင်းပဲ။ သတိမလစ်ကြစေနဲ့ပေါ့"

အဘကောင်းပြောလိုက်သည့်စကားကြောင့် အစ်ကိုကြီး ဦးသိန်းလွင်ကလည်း ...

"တောက ထူးထူးခြားခြားငြိမ်နေတာကို သတိတော့ထားလိုက်မိသား။ လမ်းတစ်လျှောက်လုံး မုဆိုးခရမ်းချဉ်တွေရဲ့ မျက်လုံးကလေးတောင် မတွေ့သလို၊ သူတို့ရဲ့ အော်သံဟစ်သံလေးတောင် မကြားရပါလားလို့။ မျက်လုံးရဲရဲကိုတွေ့တော့မှ ဒီအကောင်ကြီးဝင်မွှေနေတာပိုနိုင်လုံသွားတယ်။ ငပိန် ... ဒီနေရာမှာ ဒီလိုအကောင်မျိုးရှိတတ်တယ်ဆိုတာ ငါတို့ကို သတိပေးဖို့ကောင်းတယ်"

အစ်ကိုကြီးဦးသိန်းလွင်စကားကြောင့် ရွာခံမုဆိုးငပိန်က ...

"ဒီနေရာမျိုးမှာ ဒီအကောင်မျိုးရှိဖို့ လာဖို့မပြောနဲ့ တောဆင်ရိုင်း





တွေတောင် မလာတတ်ပါဘူး။ ခုမှတွေ့ရတော့ ကျွန်တော် အတော်အံ့သြနေမိပါတယ်"

မျက်နှာငယ်ကလေးနှင့် သူ့တော၏အခြေအနေကို ရှင်းပြရှာသည်မို့ အဘကောင်းက ...

"မနက်က တောတင်ရင်း ဟိုအကောင်စည်းဖောက်တာကို သတိရကြသေးသလားကွ"

အဘကောင်းပြောလိုက်သည့်စကားကြောင့် ကျွန်တော်နောက်ကြောင်းကို ပြန်စဉ်းစားလိုက်မိသည်။ အချိန်မဲ့အခါမဲ့ မိုးကြီးသည်းထန်စွာရွာချပြီး လေပြင်းများတိုက်ခတ်ခဲ့မှု၊ မျောက်နှင့်လူကို မှားပစ်သည့်အမှု၊ ယခုအခါ ထင်မှတ်မထားသောနေရာမှ ကျွန်တော်တို့နောက်ဆီသို့ "ကျားရဲလိုက်လံအလစ်ချောင်းခံနေရမှုတို့က တစ်နေ့တည်းခံနေရသည်မို့ မယုံလို့ကမရ။ တကယ့်လက်တွေ့များပင်။

"ဒါက မုဆိုးချင်းအတူတူ သူကစပြီး စည်းဖောက်တဲ့သဘောဗျ"

ကျွန်တော်ပြောလိုက်သည့်စကားကြောင့် အဘကောင်းက ...

"အေး ... ဘယ်သူကစပြီး စည်းဖောက်တာလဲကွ။ ပြန်စဉ်းစားစမ်း"

ရှေ့ကိုဆက်ကာလှမ်းရမည့်လမ်းသည် ကျောက်သားဆန်သောလမ်းမျိုးဖြစ်သည်။ ဝိသသာချိန်များသော မြောင်နှင့်စိုင်တို့လို အကောင်ကြီးများ အုပ်လိုက်သွားမှသာလျှင် ခြေရာကိုကြည့်ပြီး ယခုလို ညလယ်မျိုးတွင် အနည်းငယ်မျှ ခန့်မှန်းလို့ရပေမည်။ ယခုကဲ့သို့ ခြေဖဝါးပျော့သော ကျားနှင့်သစ်ဆင်တို့လို အကောင်မျိုးအတွက် တွေ့ရန်ခဲယဉ်းသည်။ စုပေါင်းမီးထိုးရှာဖွေမှသာ ပစ်ရမည်၊ လိုရာဆီသို့ ခရီးဆက်လို့

ရပေမည်။

"ကဲ ... အဘကောင်း ဘယ်လိုလုပ်ကြမလဲ။ ဟိုအဖွဲ့တွေဆီ အရောက်သွားမလား။ ဒီအကောင်ကြီးကို အရင်လိုက်ရှင်းမလား"

အစ်ကိုကြီး ဦးသိန်းလွင်မေးလိုက်သည့်စကားကြောင့် အဘကောင်းက ...

"ဟာ ... ဟိုအဖွဲ့အရင်ရောက်အောင်သွားပြီးမှ လူစုပြီး ဒီအကောင်ကို ဆက်လိုက်သင့်မသင့် စဉ်းစားမယ်။ ဟိုအဖွဲ့ကလည်း တစ်စုတစ်စည်းတည်း မဟုတ်ဘူး။ တစ်ဖွဲ့ခွဲထွက်သွားတယ်မို့လား ... ငပိန်"

"ဟုတ်ကဲ့ ... အဘ၊ နောင်တစ်ဖွဲ့ ခွဲထွက်သွားသေးတယ်"

"ဒါဆိုရင် ဒီအကောင်ကြီး ငါတို့နောက်ကိုချည်း လိုက်ချောင်းနေရင် အကြောင်းမဟုတ်ဘူး။ ဟိုကောင်တွေအနံ့ခံမိသွားပြီး ဦးတည်ချက်ပြောင်းသွားရင် ဒုက္ခရောက်ကုန်ကြမယ်။ သွားကြစို့"

ညအမှောင်ထုကြီးအောက်ဝယ် တောကြီးကဆိတ်ငြိမ်လျက်ရှိသည်ထိုအချိန် 'ဘုတ်ငှက်' တစ်အီလိုက်သည့်အသံကြီးက ချောက်ချားစရာကောင်းလောက်အောင် ထွက်ပေါ်လာသလို၊ အောင်ဝါငှက်အော်သံကြီးနှင့် မျောက်မောင်းမများတို့၏ ပိုင်းအော်လိုက်သံကြီးများတို့ကိုလည်း ထိတ်လန့်စရာကောင်းလောက်အောင် ကြားနေရသည်။

အစ်ကိုကြီးဦးသိန်းလွင်က သူ၏ဝင်ချက်စတာ (၁၃ • ၁၃) အား လည်းကောင်း၊ အဘကောင်းက သူ့လက်စွဲတော် ဒသသမ • ၃၇၅ (မဂ္ဂနမ်) ရိုင်ဖယ်အားလည်းကောင်း၊ ကျွန်တော်က ဘီအက်အေအမျိုးအစား ၃၂လက်မ နှစ်လုံးပြူးကိုလည်းကောင်း၊ ရွာခံမုဆိုးငပိန်က (၃၀ • ဝ၆) ဂျပန်ရိုင်ဖယ်တို့ကို အသီးသီးကိုင်ဆောင်လျက် နေရာအနှံ့





မီးထိုးပြီး သားကောင်ကြီးကိုရှာကြရင်း လျှောက်လှမ်းခဲ့ကြရာ သုံးဖာလုံခန့်အရောက်တွင် သူတို့အဖွဲ့နှင့် ဆုံလိုက်ကြပေသည်။

ကျွန်တော်တို့ရောက်ရှိချိန်တွင် 'ဒိန်' မှာ ပြန်လည်သတိရနေပြီမို့ အခြေအနေကိုလည်း အထိုက်အလျောက် သိရှိထားကြပြီးဖြစ်ကြောင်းကုန်စင်ကို မေးမနေနိုင်အား။ တောခုတ်သမားသားအပတို့နှင့် အဖွဲ့သားများကိုခေါ်ကာ သေနတ်သမားများ ရှေ့မှဖြန့်တက်ရင်း ရွာဘက်ဆီသို့ လှမ်းထွက်ခဲ့ကြပေသည်။

အပြန်လမ်းတွင် တောကြီးဝန်းကျင်အား နေရာအနှံ့လိုက်လံမီးထိုးရှာဖွေကြကာ လျှောက်လှမ်းခဲ့ကြသော်လည်း ကျောက်သားဆန်သောမြေမာမျိုးမို့ နွေခင်းပိုင်းက မိုးကြီးရွာချထားခဲ့သည်ပင် ခြေရာကိုရှာဖို့က အခက်တွေ့နေသည်။ သူ့အနံ့ကိုခံဖို့ဆိုသည်ကလည်း ခွေးတို့ကမပါ။ ညလယ်ပိုင်းကြီးဖြစ်ပြီး ပိန်းပိတ်အောင်မှောင်မည်းနေသည့်အမှောင်ထုကြီးအတွင်း အခက်တွေ့နေကြသည်။ မီးရောင်ကိုအားကိုလျက် မျက်စိနှင့်နားတို့ကို ဖွင့်ကာစွင့်ကာ လျှောက်လှမ်းနေကြရင်းတစ်နေရာအရောက်တွင် နွေခင်းပိုင်းက မိုးကြီးလေးကြီးခါဘ်ကြောင့်သစ်ပင်ကြီးတစ်ပင်က လမ်းကိုဖြတ်ကာ အမြစ်ကျွတ်၍ ပြိုလဲနေပြီးသစ်ကိုင်းသစ်ခက်များတို့က ကျိုးပဲ့စုပုံလျက် ရှုပ်ထွေးနေသည်။ ဘေးတွင်ချုံတန်းပါးပါး ကလေးများနှင့် သပွတ်သိမ်နွယ်ချုံများတို့က ဟိုတစ်ကွက်သည်တစ်ကွက်။

ကျွန်တော်တို့အဖွဲ့သားများ သေနတ်ကို ကိုင်ဆောင်ထားကြရင်း ထိုမြင်ကွင်းကို သက်သာမကောင်းရှိနေကြသည်မို့ အာလူးကိုမေးထိုးပြလိုက်တော့ လက်လှမ်းမီရာ ကျောက်ခဲလုံးကို ကောက်ကိုင်လိုက်ပြီးအရှုပ်တောချုံပုတ်အတွင်း လှမ်းကာပစ်ပေါက်လိုက်တော့ ...

"ဂစ်"

သစ်ကိုင်းသစ်ခက်များတို့အနီး ဝပ်လျက်ရှိသည့် 'မြေဝပ်ငှက်ငယ်'တစ်ကောင်က တထိတ်တလန့်နှင့် ပျံသန်းပြေးထွက်သွားသည်ကို မီးရောင်နှင့် တွေ့မြင်လိုက်ကြရသော်လည်း ထင်မှတ်ထားသည့်အကောင်က အရိပ်အယောင်ပင်မတွေ့ရ။ ထိုအချိန် ...

"ဒိန်း ...ဒိန်း"

အတော်အတန်အလှမ်းဝေးရာဆီမှ သေနတ်ပစ်လိုက်သံကြီးနှစ်ချက်ကိုဆင့်ကာ ဆင့်ကာကြားလိုက်ကြရသည်မို့ ကျွန်တော်တို့ အသံကြားလိုက်ရာဆီသို့ လှမ်းမျှော်ကြည့်လိုက်မိကြပေသည်။ အသံက တိုသည်၊ ပြတ်သည်၊ မြေပြင်ထက်တွင် ဝပ်နေသည့်သားကောင်ကို စိုက်ပစ်လိုက်သည့်အသံမျိုးဆိုသည်ကို ကျွန်တော်တို့အားလုံး သဘောပေါက်လိုက်သလို တစ်ဆက်တည်းပင် သားကောင်ကြီးတစ်ကောင်၏ ရန်လိုမာန်ဖီသံကြီးကိုပါ ကြားလိုက်ရသည်မို့ ထိုအသံနှင့်အတူ နောက်တစ်ကြိမ်ပစ်လိုက်သည့်သေနတ်သံကိုပါ ဆက်တိုက်ကြားလိုက်ရသည်။ စခန်းသိမ်းပစ်ချက်ဟူသော အသံတို့နှင့်အတူ အဘကောင်းထံက အသံများထွက်လာပေသည်။

"တကယ်ပဲကွာ။ တို့အဖွဲ့က သူ့ကို လက်စဖြတ်နိုင်လို့ပဲဟေ့။ မဖြတ်နိုင်ရင် ဘယ်လောက်အထိ ဒုက္ခဆက်ပေးဦးမလဲမသိဘူး။ ပွဲကပြီးသွားပြီ"

ဘယ်သဘောကိုဆောင်ပြီး ဘယ်လိုအဓိပ္ပာယ်မျိုးနှင့် ပြောလိုက်သည်ဆိုတာကို ကျွန်တော်တို့ မသိတာကအမှန်ပင်။ နောက်ပိုင်းမှမေးကြည့်ရပေဦးမည်။ ကျွန်တော်တို့လှုပြန်စုကာ သေနတ်သံကြားလိုက်ရာဆီသို့ လျှောက်လှမ်းလိုက်ကြပေသည်။





"အာလူး ...မီးရိုက်ပြီး အချက်ပြစမ်း။ သူတို့ဘယ်အနားမှာ ရှိမလဲလို့"

အစ်ကိုကြီးဦးသိန်းလွင် ပြောလိုက်သည့်စကားကြောင့် အာလူးတစ်ယောက် လက်တွင်ကိုင်ဆောင်ထားသည့် လေးခဲထိုးဓာတ်မီးကိုမိုးပေါ်ထောင်ကာထိုးလိုက်ပြီး အောက်ကိုဖြည်းဖြည်းနှိမ့်ချပြကာ အချက်ပေးလိုက်သည်ကြောင့် အတော်အလှမ်းဝေးဝေး တောတွင်းတစ်နေရာမှမီးတန်းတစ်ခုကလည်း မိုးပေါ်သို့ထောင်ကာထိုးထားသည်ကို တွေ့မြင်လိုက်ရကာ တဖြည်းဖြည်း အောက်ကိုနှိမ့်ဆင်းကာ မီးရိုက်အချက်ပြနေသည်ကို တွေ့လိုက်ကြရပြီး ဆက်လက်လျှောက်လှမ်းလိုက်တော့ မှန်နှင့်ဉာဏ်ကျယ်တို့နှစ်ယောက် အပြင်မြေပြင်တွင် သွေးသံရဲရဲနှင့် ဘေးတိုက်လဲကျအသက်ပျောက်နေပြီး မာန်စွယ်ကြီးများတို့ အဖွေးသားနှင့်အဝါနှင့် အနက်ရောင်အစင်းကြီးများတို့နှင့် အတိရှိနေသည့် ကျားကြီးတစ်ကောင်ကို တွေ့မြင်လိုက်ကြရသဖြင့် အားလုံးကတအံ့တသြနှင့် ငိုင်းကြည့်နေလိုက်ကြပေတော့သည်။

"မင်းတို့ကျားရှိတာကို ဘယ်လိုသတိထားလိုက်မိကြတာလဲကွ"

အဘကောင်းအမေးကြောင့် မှန်ကပြန်ဖြေလိုက်သည်က ...

"တောကငြိမ်လွန်းလို့ သတိထားမိတာပါ။ စိတ်ထဲမသင်္ကာလို့ နှစ်ဦးသားလှည့်ပတ်ရှာရင်း ဟိုဘက်က သေနတ်သံနှစ်ချက်ကြားလိုက်ရပြီးတဲ့နောက် ကျွန်တော်တို့နှစ်ယောက်ကို လှည့်ပတ်ချောင်းနေပုံရပါတယ်။ ရှာပေမဲ့ မတွေ့ရဘူးလေ။ အဲဒီလိုနဲ့ သူ့ကိုလှည့်ပတ်ရှာရင်းသည်တောကြီးအတွင်းရောက်လာတော့ ချုံကြားထဲက သစ်ကိုင်းခြောက်အသံကိုကြားလိုက်ပြီးတဲ့နောက် ပျောက်လေပွေတို့ရဲ့ အော်သံတွေကိုကြားလိုက်ရတယ်လေ။

မျောက်နဲ့ကျားဆိုတဲ့အကောင်မျိုးက ဟည့်မှမတည့်ကြတဲ့ဟာ။ ကျားနဲ့ကျားသစ်ဆိုတဲ့အကောင်မျိုးဟာ မျောက်တွေနဲ့ကမ္ဘာ့ရန်။ ကျားဆိုတာက မျောက်သားကို အရမ်းကြိုက်တယ်မို့လား။ ဒါကြောင့် သတိထားမိကြတာ။ ဒီအကောင်ဒီအနားမှာ ရှိနေတာသေချာလို့ မျောက်တွေအော်ကြတဲ့အသံများဆိုတာကို သတိထားမိထိုးရှာလိုက်တော့ မြေပြင်မှာ ဝိုက်ဝပ်ပြီး မျက်လုံးမှိတ်၊ သူ့အနီးကို အရောက်စောင့်နေတဲ့အတွက် မျက်လုံးအရောင်ကို မတွေ့ရပေမဲ့ သူ့အမြီးက တလှုပ်လှုပ်တဘုတ်ဘုတ်နဲ့ မြေပြင်ကိုရိုက်နေတဲ့အသံကြောင့် သတိထားမိပြီး တန်းထိုးပစ်ချလိုက်ရတာပါပဲ။ ပါးလိုက်တဲ့အကောင်ကြီးဗျာ။ ဩချလောက်စရာပဲ"

မွန်ပြေလိုက်သံကို အားလုံးကြားလိုက်ရပြီးသည့်နောက် အဘကောင်းက ...

"ကဲ ... ငါတို့ဒီနှစ်ယောက်ကို လိုက်ပို့မယ်။ မင်းတို့ ဒီအကောင်ကြီးကို စခန်းဆီသယ်ဖို့စီစဉ်ပြီး နောက်ကလိုက်ခဲ့ကြ"

မှာကြားခဲ့ပြီး ကျွန်တော်တို့သုံးဦးသား သင်္ဘောဟံသမားနှစ်ယောက်ကို သူတို့အိမ်ရှိရာဆီသို့ပြန်ပို့ပြီး လောလောဆယ်ပါလာသည့် ကျပ်ငွေတစ်သောင်းကို ဆေးဖိုးဝါးခအဖြစ်ပေးအပ်ပြီး စခန်းအထိုင်ချရာဆီသို့ လမ်းတွင် မီးထိုးရှာဖွေပစ်ခတ်ရင်း ပြန်ခဲ့ကြရာ ဆတ်တစ်ကောင်နှင့်ချေနှစ်ကောင်ကို ပစ်ခတ်လို့ရရှိခဲ့ပြန်သည်မို့ မုဆိုးငပိန်အားလည်းဖြင့် သွားရောက်အသယ်ခိုင်းလိုက်ပေတော့သည်။

ကျားသေကြီးကို စခန်း(အထိုင်ချရာ)ဆီသို့ သယ်ဆောင်ထမ်းပိုးလာကြသည့် လူငယ်များမှာ အဘကောင်း၏ လုပ်ရပ်ကိုကြည့်ပြီး ဘအံ့တသြဖြစ်နေကြသလို သူတို့ထက် အသက်ကြီးပါသည်ဆိုသည့် ကျွန်တော်တို့နှစ်ယောက်ပင် သူ့လုပ်ရပ်ကို မျက်စိလည်နေမိသည်က





အမှန်ပင်။ သို့သော် မမေးမိသေး။ သူ့လုပ်ရပ်ကိုစောင့်ကြည့်ရန် လိုအပ်နေသည်က မဟုတ်ပါလား။

ဉာဏ်ကျယ်တို့လူငယ်အဖွဲ့က ညတွင်ချင်းပင် ပစ်ခတ်လို့ရရှိလာသည့်ကျားကြီးကို အရည်ချကာ မြေပြောင်ပြောင်တွင် ကျားသားရေကိုဆွဲဖြန့်ကာ ဝါးစူးချွန်ငယ်များနှင့် သပ်ထိုးငုတ်ရိုက်နေလိုက်ပြီး ဝမ်းတွင်းသားများကိုထုတ်ကာ အတွင်းကလီစာများကို ဆွဲထုတ်နေကြစဉ် အဘကောင်းအသံက ထွက်လာသည်။ အရက်ခွက်နှင့် ငှက်ပျောကြော်ကို လက်ကကိုင်ရင်းက ...

"ငါတို့ဟိုကလေးကို ငွေတစ်သောင်းပေးခဲ့တယ်။ နည်းများနေမလားကွ"

သူ့စကားကအဆန်းသား။ ကျွန်တော်ကပင် စတင်ပြီး ...

"ပါလာသမျှတွေလည်း ကုန်နေပြီလေ။ ပြန်ဖို့စရိတ်တောင် မကျန်တော့ဘူး။ အကုန်လုံးနီးပါး ပေးခဲ့ထားခဲ့ပြီပဲ။ ထပ်ပေးချင်ရင်တော့ ပစ်လို့ရလာတဲ့အသားတွေကိုသာ ရောင်းပေးမှရတော့မယ်။ အဘသဘောက ဘယ်လိုရှိနေလို့လဲ။ မနက်ပြန် လိုင်းကားစီးပြီးပြန်မယ်ဆို"

ကျွန်တော့်ပြောလိုက်သည့်စကားတို့ကြောင့် သူပြန်ပြောလိုက်သည့်စကားတို့က ...

"ဟုတ်တယ်ကွ ... အဲဒါက ပထမအခြေအနေအရ ပြောလိုက်တာ။ ခုအခြေအနေက ရာသီဥတုက ကိုယ့်ဘက်ကိုပါလာပြီမို့ နိုက်စားခွင်ကိုရောက်နေခါမှ ပြန်မယ်ဆိုရင် ငါတို့ထက်မိုက်တဲ့သူတွေ ဘယ်ရှိမလဲကွ။ နေဦးမယ် ပစ်ကြဦးမယ်ကွာ"

သူ့အပြောကြောင့် ကျွန်တော်တို့မည်သို့မျှ နားမလည်နိုင်အောင်ဖြစ်နေစဉ် မုဆိုးငပိန်နှင့်လူငယ်များတို့ သားကောင်သေများကို

သယ်ဆောင်လာသော လှည်းဆိုက်လာသဖြင့် လှည်းပေါ်မှာ ဆတ်နှင့်ချေတို့ကိုချကာ တဲခေါင်းရင်းသစ်ပင်အကိုင်းတွင် လည်ပင်းကိုကြိုးကွင်းစွပ်၊ တွဲလောင်းချိတ်ဆွဲလိုက်ပြီး အရေချကာ ဝမ်းတွင်းသားများကိုထုတ်၊ အသားများကို ခုတ်ထစ်လှီးဖြတ်၍ ယမ်းစိမ်းပက်၊ ဆားနယ်ကာ နေခြောက်လှမ်းရန် ပြင်ဆင်ပြီးကြသောအခါ မိုးပင်လင်းတော့မည့်အချိန်သို့ရောက်ခဲ့ကြပြီမို့ ခေတ္တမှေးစက်အနားယူကာ အိပ်စက်ပစ်လိုက်ကြပေတော့သည်။

အရုဏ်ကျင်း၍ အလင်းရောင်လာတော့မှ ကျွန်တော်တို့ ခေတ္တမှေးစက်လိုက်ကြရသဖြင့် နေ့သစ်တစ်နေ့ကို ဘယ်လိုကူးပြောင်းလာသည်ကို မသိလိုက်ကြ။ အိပ်ရာမှနိုးတော့ နေပင်မွန်းတည့်နေခဲ့ပေပြီ။

ရွာခံမုဆိုးငပိန်က ဆတ်ဝမ်းတွင်းသားချက်၊ ဆတ်သားနှင့်ချေသားများတို့ကို ကြော်ထားသည့်ပန်းကန်နှင့် အဖန်ရည်တို့ကို သောက်စားနေလိုက်ကြရင်း အဘကောင်းက ...

"ညက ငါတို့အဖွဲ့ ဟိုသားအဖကို ပေးခဲ့တဲ့ငွေ နည်းများနေမလားကွ။ ငါတို့မှာပါလာတာကို စုပေးလိုက်ရတာပဲ"

"ကလေးက သစ်ပင်ပေါ်ကကျပြီး မြေပြင်နဲ့ဆောင့်မိပြီး သတိမေ့သွားရုံပါပဲ။ နည်းနည်းတော့ ထိခိုက်တာပေါ့။ ငွေတစ်သောင်းပေးခဲ့တယ်ဆိုတော့ မနည်းလောက်ပါဘူး"

မွန်က ဝင်ပြောလိုက်သည်။ သူပြောလိုက်သည့်စကားကြောင့် ကျွန်တော်ကလည်း ပေးလိုက်သည့်ငွေသည် နည်းများနေသလားဟု တွက်ချက်ခန့်မှန်းလိုက်မိပေသည်။ ထိုအချိန်က ပိုက်ဆံတန်ဖိုးက အထိုက်အလျောက်ရှိနေသည့်အချိန်မျိုးပင်။ ပမာပြောရလျှင် ထိုအချိန်က လက်ဖက်ရည်တစ်ခွက်တန်ဖိုးသည် ပြား (၄၀) ခေတ်ကာလမျိုး။





ထိုအချိန်က တောပေါင်းစုံကို လိုက်လံပစ်ခတ်နေသည့် မုဆိုးတစ်ယောက်အနေနှင့် သားကောင်များကို ပစ်ခတ်လို့ရရှိလျှင် ခုတ်သစ်ပိုင်းဖြတ်ပြီး တစ်ပိသာတွဲများတွဲကာ ပြန်ရောင်းချသော်မှ (၁၅၀) ကျပ်သာရသည့်အချိန်မျိုး။

ထိုအချိန်က မုဆိုးတစ်ယောက်လုပ်သူအဖို့ သားကောင်တစ်ကောင်ကို ပစ်ခတ်လို့ရလျှင် ချေတစ်ဆယ်၊ ဒရယ်အစိတ်၊ ဆတ်လေးဆယ်ဆိုသည့်အတိုင်း ရောင်းချသည့်ငွေကို အကြမ်းအားဖြင့် တွက်ဆသို့ကရသည်။ ထိုတွက်နည်းက အကောင်ကြီးကို တွက်သည့်နည်းပင်။ ဒါတောင် ထိုသားကောင်၏ အတွင်းကလီစာများတို့ကိုပါ ပေါင်းထည့်တွက်ထားခြင်းပင်။

စာဆိုအတိုင်း အချိန်တစ်ဆယ်ရှိသည့် ချေတစ်ကောင်ကို ပစ်ခတ်လို့ရရှိသည့်တိုင် အတွင်းကလီစားများကိုထုတ်၊ ခြေလက်များနှင့် ဦးခေါင်းပိုင်းကို ဖယ်ထုတ်လိုက်လျှင် (၈)ပိသာလောက်သာ ကျန်သည်မို့ ထိုခေတ်ဈေးနှုန်းနှင့် တွက်လိုက်ပါလျှင် ကျပ်ငွေ(၁၂၀၀)လောက်သာ ရရှိမည်ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ ငွေတန်ဖိုးရှိနေသည့်အချိန်မျိုးမို့ ပြောလိုက်သည့်သဘောပင်။

"ဘာလဲ အဘကောင်းက အဲဒီကလေးကို ထပ်ပေးချင်သေးလို့လား"

"အခြေအနေအရပေါ့ကွာ သနားလို့ပါ။ ထပ်ပေးရင်ကောင်းမလားလို့"

"ဒါတော့ အဘသဘောပါလေ။ ပေးချင်ပေးပေါ့၊ ဒါပေမဲ့ ပစ်လို့ရထားတဲ့အသားတွေကို အချို့တစ်ဝက်ရောင်းပြီးမှ ပေးလို့ရမယ်အဘ"

"အေးပါ ... ဒါပေမဲ့ ဒီအသားတွေတော့ မရောင်းနဲ့ကွာ။ ကျားကိုတော့ ရောင်းလိုက်ပေါ့။ နောက် ထပ်ရဦးမယ်ကွ"

သူတို့အပြန်အလှန် ပြောနေကြသည့်စကားများကို ကျွန်တော် နားထောင်နေရင်းက လိုက်လံစဉ်းစားနေလိုက်မိသည်။ တောလမိုင်း တင်ကြတုန်းက 'ဒိန်'တစ်ယောက် ပါးစပ်စည်းမစောင့်လိုက်သဖြင့် အဲဒီ အချိန်က သူ့အခြေအနေကတစ်မျိုး။ ယခု ကျားတစ်ကောင်ကို ပစ် ခတ်လို့ရရှိပြီးတော့ သူကပင်တက်ကြွနေသေးသည့်အဖြစ်ကို ကျွန်တော် တို့အားလုံး ဉာဏ်မမီ။ မေးလျှင်လည်း ကြိုက်ချင်မှကြိုက်မည်မို့ မမေး ရဲ။ သူ့အထာကိုကြည့်ပြီး အချိန်တန်တော့မေးမည်ဟု စိတ်ပိုင်းဖြတ် စဉ်းစားနေလိုက်ချိန် သူက ...

"ညပိုင်းကို မင်းတို့ မီးထိုးအမဲလည်ကြဦးမှာလားကွ"

"အဘခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်တို့က အမဲပစ်ချင်လို့ ထွက်လာခဲ့ကြတာပဲ၊ ထွက်ကြဖို့ အဆင်သင့်ပေါ့"

ကုလားကြီး သန်းညွန့်က ပြန်ပြောလိုက်သည့်အတွက် သူ က ...

"အေး ... ငါတို့အမဲလည်ဖို့အချိန်က ဒီတစ်ညနဲ့ မနက်ဖြန် ပဲ ရှိတော့တယ်။ ညနေဆိုရင်ပြန်ကြရတော့မှာမို့ မီးထိုးရှာပြီး ပစ်ကြ ကွာ။ ငါတို့သုံးယောက်က ညမီးမလည်ဘူး။ ညနေပိုင်းတောပုန်းထွက် ချောင်းမှာမို့ ခုပဲထွက်ကြမယ်။ ကိုသိန်းလွင်နဲ့ဘိုလေး ပြင်ဆင်ထားကြ တော့"

သူပြောလိုက်သည့်စကားတို့ကြောင့် ကျွန်တော် တအံ့တသြ ဖြစ်သော်လည်း မမေးလိုက်မိ။ အငယ်ဆုံးမုဆိုးလေးဖြစ်သည့် ဉာဏ် ကျယ်က ...





"အဘကောင်းအခြေအနေကို ကြည့်ရတာ ကျားကိုပစ်လို့ပြီး ကတည်းက အချိုးပြောင်းသွားတယ်။ အဲဒီနောက် ထူးထူးခြားခြား ဆတ် တစ်ကောင်နဲ့ ချေနှစ်ကောင်ကိုလည်း ရလိုက်ပြန်သေးတယ်။ ခုလည်း ကျွန်တော်တို့ကို မီးလည်အရှာခိုင်းသလို အဘကောင်းတို့က တောပုန်း ချောင်းထွက်ဦးမယ်ဆိုတော့ ကျွန်တော်တို့လူငယ်တွေ လိုက်လို့မမီတော့ ဘူး အဘ။ ရှင်းပြပါဦး"

ထုံးစံအတိုင်း အရစ်ရှည်သော ဉာဏ်ကျယ်ပြောလိုက်သည့် စကားတို့ကြောင့် အဘကောင်း ပြောလိုက်သည့်စကားတို့က ...

"ဟေ့ကောင် ... လျှာရှည်မနေနဲ့။ မင်းမလိုက်ချင် တဲမှာ ထိုင်နေ"

"လိုက်ပါ့မယ် အဘရယ်။ ပစ်ချင်လို့ လာခဲ့ကြတာပဲ။ မသိ လို့ မေးရဦးမယ်။ ကျွန်တော်တို့နဲ့အတူ ဒိန်လိုက်ရင်ကော ခေါ်ရမှာ လား"

"အေး ... ခေါ်သွား။ သူပစ်ချင်ရင် မင်းတို့မီးထိုးပြပြီး သူ့ကို အပစ်ခိုင်းလိုက်ကွာ"

ကျွန်တော်တို့သိလိုသည့် မြှုပ်ကွက်ကိုတော့ သူမဖော်သေး။ သူစိတ်ဆိုးခဲ့သည့် ဒိလိုလူမျိုးကိုပင် သေနတ်ပစ်ခွင့်ပေးနေသဖြင့် ဆက် မမေးတော့။ သူ၏လမ်းညွှန်ချက်အတိုင်းသာ လျှောက်လှမ်းကြရုံပင်။

[ ၇ ]

❑

ဖျားနှင့်ဂနိုင်၊ မြို့င်နှင့်ရဂုံ၊ စုံနှင့်ဟေဝန်၊ ဟေမန်ဟေမာ၊ ရိုင်သာဆိုင်းဆိုင်းဆိုသည့်အတိုင်း ကျွန်တော်တို့သုံးဦးသား တောပုန်းချောင်ထွက်ကြရင်း တောကြီးထဲကိုရောက်တော့ နေဝန်းက အနောက်ဂေါယာဘက်ဆီသို့ စောင်းလုလုပင်။

ထို့ကြောင့် အဘကောင်းက ဟိုသည်လိုက်လံကြည့်ရှုရင်း ကျွန်တော်တို့နှစ်ယောက်အား ...

"ဟုတ်ပါဘူး ... တောက ငြိမ်ချက်သားကောင်းနေပါလားကွ။ သတိထားကြနော်"





သူပြောလိုက်လို့မှစကားမဆုံးသေးမီ တောင်ခြေဘက်ဆီမှ ချေဟောက်သံ၊ မျောက်အုပ်များတို့ တထိတ်တလန့်အော်ဟစ်သံ၊ တောတိုးသံကြီးများကို ကြားလိုက်ကြရသည်။

ရုတ်ခြည်းဖြစ်ပေါ်လာသည့် ကြောက်မက်ဖွယ်ရာ အသံများမို့ ကျွန်တော်တို့သုံးဦးသား အခြားကို စဉ်းစားမနေနိုင်အား။ သေနတ်ကိုကိုင်ဆွဲကြရင်း ကွက်သာဘက်ဆီသို့ ပြေးထွက်လိုက်ကြသည်။ ပြေးနေကြရင်းမှ ကျွန်တော်တို့သုံးဦးသားကို အကာအကွယ်ပေးနိုင်မည့် ကျွန်းကွက်စိုက်ခင်း တောကြီးဘက်ဆီသို့ ခွတ်ပြေးလိုက်ကြရင်း ကျွန်းပင့်မျိုးများတို့၏ ပင်စည်လုံးများကို အကာအကွယ်ယူကာ အသံကြီးများကြားလိုက်ရာဆီသို့ လှမ်းကြည့်လိုက်မိကြပေသည်။ ထိုစဉ် တိရစ္ဆာန်အုပ်ကြီးတစ်အုပ် ကျွန်တော်တို့ရှိရာဘက်ဆီသို့ ပြုဆင်းလာသည့် အသံကြီးဆီသို့ လှမ်းကြည့်လိုက်မိသည်။

"ဘိုလေးတို့ ကျွန်းပင်ပေါ်ကို အမြန်တက်ကြ၊ အမြန်တက်လိုက်ကြ"

အဘကောင်းက ခေါကြီးသုတ်ပျာနှင့် အော်ပြောလိုက်သည်ကြောင့် ကျွန်တော်တို့သုံးဦးသား သေနတ်ကို ကျောပိုးလွယ်လိုက်ကြပြီး မိမိတို့မှီကာပ်နေသည့် ကျွန်းပင်များတို့ အကိုင်းများတို့မှ တစ်ကိုင်းပြီးတစ်ကိုင်း အပင်ထက်ဆီသို့ တွယ်တက်လိုက်ကြပေတော့သည်။

ကျွန်းပင်များတို့အလယ် ဆယ်ပေခန့် ကိုင်းဆုံများတို့တွင် ခွထိုင်လိုက်ကြရင်း အသံတို့လာရာဆီသို့ လှမ်းကြည့်လိုက်တော့ တွေ့မြင်လိုက်ရသည်အကောင်များတို့က အရှယ်မျိုးစုံပါဝင်သည့် တောဝက်အုပ်တစ်အုပ်။ သူတို့၏နောက်မှ ချေ၊ ဒရယ်နှင့်ဆတ်များ ရောထွေးနေသည့်အုပ်များတို့မို့ သေနတ်ကိုအသင့်ပစ်ခတ်ရန် မြင်ဆင်လိုက်ရင်း

သေနတ်မောင်းခလုတ်များတို့ကို ဆင့်ကာဆင့်ကာ ဆွဲဖြုတ်ချလိုက်ကြပေတော့သည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း"

ကျွန်တော်တို့သုံးဦး ပစ်ချက်များကြောင့်နေရာတွင်ပင် တောဝက်နှစ်ကောင်၊ ဆတ်တစ်ကောင်နှင့် ချေတစ်ကောင်တို့မှာ နေရာတွင်လဲကျသွားကြသဖြင့် အုပ်စုကွဲကာ လမ်းကြောင်းပြောင်း ပြေးထွက်သွားကြသလို နောက်မှလိုက်လာကြသည့် အကောင်များကလည်း နောက်ကြောင်းကိုလှည့်ကာ ပြန်လည်ပြေးဝင်သွားကြသည်ကို တွေ့မြင်လိုက်ရပေတော့သည်။

အမှတ်မထင် သားကောင်အုပ်ကြီး ပြေးလွှားလာသည်ကို ပစ်ခတ်လိုက်ကြရသဖြင့် နေရာတွင်ငါးကောင်မြေပြင်တွင် သေးတိုက်လဲကျကာ အသက်ပျောက်နေပြီး သွေးသံရဲရဲတို့အပြင် ယမ်းနံ့များနှင့် ဖုံးလွှမ်းသွားကာ အတန်ကြာတော့ ဝန်းကျင်တစ်ခုလုံး ငြိမ်သက်သွားသည်ကို အတန်ကြာကြာစောင့်ဆိုင်း ကြည့်လိုက်ကြရင်းက ...

"ကဲ ... ဆင်းကြမယ်၊ ပြန်ပြီး လှည်းနဲ့သယ်နိုင်းမှ ရမယ်ကွာ"

ပြောပြောဆိုဆိုနှင့် အဘကောင်းက ကျွန်းပင်ထက်မှ ဆင်းလိုက်သလို ကျွန်တော်တို့နှစ်ဦးလည်း၊ အောက်ကိုဆင်းလိုက်ကြရင်းမှ မနေနိုင်တော့သည့်အတွက် အဘကောင်းကိုမေးလိုက်မိသည်က ...

"အဘ ... အဲဒီသားကောင်အုပ်က ဘာဖြစ်လို့လန့်ပြီး ဒီဘက်ကို စွတ်ပြေးလာကြတာလဲ့ အဘ"

ကျွန်တော့်အမေးကြောင့် သူဖြေလိုက်သည်က ...

"အဲဒါ တောလုန့်တာလေကွာ၊ ဒါကြောင့်ပေါ့"





သူ့အပြောကြောင့် ကျွန်တော် တအံ့တဩနှင့်ပြန်မေးလိုက်မိသည်က ...

"ဘာ ... အဘကောင်း၊ ကျွန်တော်တို့ သိထားတာက တောမှောက်တယ်၊ တောခြောက်တယ်၊ တောလန့်တယ်ပဲ ကြားဖူးတယ်။ ခု အဘပြောတာက တောလုန့်တယ်ဆိုတာ မကြားဖူးသလို၊ မုဆိုးကြီးတွေထံကလည်း ခုလိုပြောသံမကြားမိပါလား။ အဲဒါ ဘယ်လိုကြောင့်ဖြစ်ရတာလဲ။ အစ်ကိုကြီးဦးသိန်းလွင်ကော ကြားဖူးသလား။ တောလုန့်တယ်ဆိုတဲ့ အဖြစ်ကို၊ ကျွန်တော်တို့နားလည်အောင်လည်း ရှင်းပြပါဦး အဘကောင်းရဲ့"

ကျွန်တော်မေးလိုက်သည့်စကားကြောင့် အဘကောင်းက ကျွန်တော်တို့နှစ်ဦးအား တစ်ပြန်တစ်လှည့်ကြည့်လိုက်ရင်း ပြောလိုက်သည်များတို့က ...

"အေး ... ဒီကိစ္စမျိုးက ဖြစ်တောင့်ဖြစ်ခဲကိစ္စမျိုးကွ။ မုဆိုးကြီးတွေတိုင်းလည်း တွေ့ကြုံခဲ့တဲ့အဖြစ်မျိုးကွ။ သူတို့ဘာကြောင့် မတွေ့ကြုံကြရသလဲလို့ မေးရင်အဖြေက တောစည်းကမ်း၊ တောင်စည်းကမ်းကို သူတို့က လိုက်နာခဲ့ကြလို့ပဲကွ။ ရှင်းပြီလား"

"အဘကလည်း ကျွန်တော်တို့ကရော တောစည်းကမ်းကို ဘာများဖောက်ဖျက်မိကြလို့လဲ။ ဟိုအကောင်ဒိန်သာ မသိနားမလည်လို့ မူးမူးနဲ့ပြောလိုက်မိတာကို အဘက ပုံကြီးချဲ့မနေစမ်းပါနဲ့ အဘရယ်၊ ကျွန်တော်တို့နှစ်ယောက် သဘောပေါက်အောင်သာ ရှင်းပြပါ"

ကျွန်တော်ပြောလိုက်သည့် စကားက ရိုးရိုးရှင်းရှင်းလေးဆိုပေမဲ့ မရိုးနိုင်သူက အဘကောင်းရယ်သာ။ ကျွန်တော်ပြောလိုက်သည့် စကားကြောင့် တရှူးရှူး တရှဲရှဲနဲ့ ဒေါ်ပွရင်းက ပြန်ပြောလိုက်သည်က ...

"ဟေ့ကောင် … မင်းတို့က ငါ့ကို နေရာတကာပုံကြီးချဲ့တယ်လို့ ထင်နေကြတယ်မို့လား။ မင်းကို ငါ အတော်အထင်ကြီးမိတယ်။ လေးလည်း လေးစားတယ်။ ဒါပေမဲ့ မင်းဒီစကားကို ပြောလိုက်တော့ မင်းကိုငါပေးထားတဲ့ အမှတ်တွေအားလုံး မရှိတော့ဘူး။

ဒီမှာ … ဟေ့ကောင်၊ မင်းမှတ်ထားစမ်း။ ပုံကြီးချဲ့တယ်ဆိုတာ ချဲ့ချင်တိုင်းချဲ့လို့ မရဘူးကွ။ ကိုယ်က ပုံကြမ်းလောင်းမှ ပုံကြီးချဲ့လို့ ရတယ်ဆိုတာကိုလေ။ ခု … မင်းတို့ ပုံကြမ်းလောင်းထားခဲ့ကြတယ်မို့လား။ ဒါကြောင့် ငါ့ရဲ့မှဆိုးအတွေ့အကြုံအရ တောလှန်ပါတယ်လို့ပြောတာပေါ့။ ငါ့အသိကြောင့် မင်းတို့သားကောင်တွေ ရခဲ့ကြတာပဲ။ ငါဒီအဆိတွေကိုမသိရင် ဘယ်သူ့အရင်သေမလဲဆိုတာ မင်းစဉ်းစားကြည့်စမ်း … စဉ်းစားစမ်း"

"ပြောပါ အဘရယ်။ မှတ်သားလောက်တဲ့ကိစ္စမျိုးမို့ တန်ဖိုးထားပြီး မေးရတာပါ။ ဟုတ်ပါတယ်။ ပုံကြမ်းကို ကျွန်တော်တို့လောင်းမိပါတယ်"

ကျွန်တော်က ဖျောင်းဖျောင်းဖျဖျနှင့် တောင်းပန်လိုက်တော့မှ …

"တောတွေရောက်လေတိုင်း တောလမိုင်း တင်မြှောက်ပ,သတောင်းခံကြပြီးမှ ပစ်ခဲ့ကြတဲ့အတွက် ဘာပြဿနာရှိခဲ့ဖူးလဲကွ။ ပြောစမ်းပါဦး"

"မရှိခဲ့ပါဘူး အဘကောင်း"

"သည်တောကိုရောက်ပြီး တောလမိုင်းတင်နေတုန်း ဘာဖြစ်ခဲ့သလဲ။ အဲဒီအချက်ပေါ်မှာ ငါဘယ်လောက်စိတ်ဆိုးခဲ့သလဲ'

သူပြောနေသည့်စကားတို့က ဟုတ်နေသည့်အတွက် ကျွန်တော်





တို့နှစ်ဦးစလုံး ဘာမျှမပြောကြဘဲ ငြိမ်နေလိုက်ကြသည်မို့ သူဆက်ပြောလိုက်သည်က …

"ဘာဖြစ်ခဲ့တယ်ဆိုတာကို မင်းတို့အသိပဲ။ သည့်အတွက် ငါကအတော်စိုးရိမ်မိသလို ပူပန်မိခဲ့တယ်ကွ။ အချိန်မဟုတ် မိုးရွာခဲ့တာရယ်၊ လူနှံ့မျှောက် မှားပစ်ခဲ့တာရယ်၊ ကျားမရှိနိုင်တဲ့နေရာမှာ ဒဏ်ရာမရှိကျားနာမဟုတ်တဲ့ ကျားကိုတွေ့ပြီ ငါတို့အနိုင်ယူခဲ့ကြတယ်လေ။ ကျားကိုပစ်ခတ်လို့လည်းရရော ငါတို့အဖွဲ့ကိုဒုက္ခပေးမယ့် သည်တောကို ငါတို့ကလှန်လိုက်ပြီး အောင်ပွဲခံလိုက်ကြတာပေါ့"

"ဘယ်လို အောင်ပွဲခံတာလဲအဘ ရှင်းပြပါဦး"

"သူတို့ကျားကို ထမ်းအပြန်နိုင်းပြီး ငါတို့သုံးယောက် အဲဒီအချိန်မှာ ဘာကောင်တွေကို ရလိုက်ကြသလဲ။ အခု ငါတို့သုံးယောက် ဖြစ်တောင့်ဖြစ်ခဲ ဘာကောင်တွေကို ပစ်ခဲ့ကြရလိုက်သလဲ"

"အဲဒီအကောင်တွေ ရလိုက်ကြတယ်လေ အဘရဲ့"

"ဟုတ်ပါပြီ … အဲဒီအကောင်တွေကိုရအောင် အခြေအနေက ဘယ်လိုဖန်တီးပေးလိုက်သလဲ … ပြောစမ်း"

"သားကောင်အုပ်ကြီးတွေ ပြေးလာတဲ့အသံကို ကြားလိုက်ရလို့လေ"

ကျွန်တော် ဖြေလိုက်သည့်စကားတို့သည် သူလိုချင်သည့်အချက်ကို ထိမိသွား၍လားတော့ဖြင့်မသိ၊ သူဆက်ပြောလိုက်သည့်စကားတို့က …

"အေး … လိုရင်းက အဲဒါပဲ။ ငါတို့နိုင်ငံက သူတို့ဆီကအာဖရိကတောကြီးထဲတွေမှာလို သားကောင်တွေက အုပ်လိုက်မနေကြဘူးလေကွာ။ အုပ်နဲ့နေတာက ပြောင်တို့စိုင်တို့ပဲ။ ဒါတောင် အများကြီး

စုနေတာ မဟုတ်ဘူး။ ငါးကောင်နဲ့ဆယ်ကောင်ကြားပဲ နေကြတာ။ ပြောရရင်တော့ ရှိတယ်ပေါ့ကွာ။ တောဝက်အုပ်တို့၊ မျောက်အုပ်တို့လောက်တော့ရှိတာပေါ့။ ခု မင်းတို့မျက်စိရှေ့မှာတွေ့ပြီး ပစ်လိုက်ကြတဲ့အုပ်ထဲမှာ တောဝက်အုပ်ကတော့ ထားပါတော့။ ချေ၊ ဒရယ်နဲ့ဆတ်တွေ အခုလို အုပ်လိုက်ဖြစ်အောင် ဘယ်သူက ခြောက်လှန့်မောင်းထုတ်လိုက်လို့ ခုလို ငါတို့ ပစ်လိုက်ကြရတာလဲ''

''အဲဒီအချက်ကို ကျွန်တော်တို့ စဉ်းစားလို့မရတာအဘရဲ့''

''အေး ... အဲဒါ တောလှန်လို့ပဲကွ''

''တောလှန်လို့ဖြစ်တာ ဟုတ်လားအဘ။ တောလှန်တာက ဘာကိုပြောတာလဲဟင်''

''ငါလည်းအစက ဒီကိစ္စကို မသိဘူးကွ။ ပဲခူးရိုးမကြီးထဲမှာ တစ်ပွဲစားနီမောင်နဲ့တွေ့ကြချိန်က ငါတို့အဖွဲ့ထဲက ဖိုးတုတ်ဆိုတဲ့ကောင် အရက်မူးပြီး တောလမိုင်းတင်ပြီးတောင်းတဲ့အချိန်မှာ ခုလိုပြသနာမျိုး ဖြစ်ခဲ့ဖူးတယ်ကွ။ သူပြောတဲ့စကားအရဆိုရင် မင်းတို့က မှောက်မယ်ဆိုရင် ငါတို့အဖွဲ့ကတော့ ရအောင်လှန်မယ်ကွာလို့ ပြောသံ၊ ကြိမ်းဝါးသံကို ကြားလိုက်ရတာပဲကွ။ အဲဒီမှာ မထင်မှတ်ဘဲ ရိုးကျားကြီးတစ်ကောင် အမျိုးမျိုး လှည့်ပတ်နှောင့်ယှက်တာကို အခက်အခဲမျိုးစုံကြားက နည်းမျိုးစုံကိုသုံးပြီး ငါတို့တွန်းလှန်ပြီးတဲ့နောက် အခုလိုမထင်မှတ်ဘဲ သားကောင်တွေကို မလိုချင်အောင်ရလိုက်တဲ့အတွက် အဲဒီအတွေ့အကြုံအရ ငါစမ်းလိုက်တာ။ ခုမင်းတို့ မြင်ကြတဲ့အတိုင်းပဲလေကွာ''

အဘကောင်းက သူကြုံတွေ့လာခဲ့ရသည့် အဖြစ်အပျက်ကို ကျွန်တော်တို့နှစ်ဦးအား စိတ်ရှည်လက်ရှည် ရှင်းပြနေသည်ကို နားထောင်နေရင်း ကျွန်တော်က ...





''အဘကောင်း ... ဒီအကောင်တွေကို ခုလို တထိတ်တလန့် အသွင်မျိုးနဲ့ ကျွန်တော်တို့ရှိရာဘက်ကို ဖွတ်ပြေးလာအောင် ဘယ်သူက မောင်းထုတ်လိုက်တာလဲ။ သူတို့ ခုလို တထိတ်တလန့်အသွင်မျိုးနဲ့ ပြေးလွှားရအောင်လည်း သူတို့နောက်မှ ဘာကောင်မှလည်း မတွေ့ရဘဲနဲ့ ဘယ်လိုဖြစ်တာလဲ အဘရဲ့''

''အဲဒါပဲပေါ့ကွာ။ သူမကြုံက်တာကို ငါတို့ပြုမူလိုက်မှုကြောင့် ခြောက်တယ်၊ နောက်ပြီး လှန့်တယ်။ မထင်မှတ်ဘဲ ဟိုနှစ်ကောင် ကျားကိုပစ်သတ်လိုက်ပြီးတဲ့နောက်ပိုင်းမှာ ငါတို့ကို ဘယ်လိုစိတ်ဆိုးပြေသွားသလဲမသိဘူး။ တောကိုလှန်ပြီး အလျော့ပေးကူညီလိုက်တဲ့ သဘောမျိုးလို့ပြောလို့ ငါလည်းမှတ်ထားပြီး အဲဒီနည်းကို သုံးကြည့်တာကွ။ ငါတို့ မပြန်ခင် ဟိုမှာအသက်ပျောက်နေတဲ့ အကောင်တွေရဲ့ အမြီး၊ နားရွက်၊ လျှာနဲ့ခွာကို လိုက်ဖြတ်ကြကွာ။ သူ့ကူညီမှုကို အသိအမှတ်ပြုတဲ့အနေနဲ့ တောလမိုင်းလေးတင်လိုက်ကြရအောင်။ အဲဒီအကျိုးဆက်က ဘယ်လို ပြန်လာမယ်ဆိုတာကိုတော့ ညပိုင်း ဟိုကောင်တွေ မီးထိုးရှာပြီး ပစ်ခတ်ကြတဲ့အပေါ်မှာ အဖြေရှာကြည့်လိုက်ကြရအောင်''

အဘကောင်းက စိတ်ရှည်လက်ရှည်နှင့် ကျွန်တော်တို့နှစ်ဦးအားရှင်းပြလိုက်သဖြင့် အာခြောက်သွား၍လားတော့ဖြင့် မသိ၊ ရေဘူးအဖုံးကိုဖွင့်ကာ ငုံသောက်လိုက်ပြီး အနီးတွင်ရှိသည့် 'ဂုံမင်းရွက်'ကြီးတစ်ရွက်ကိုခူးကာ ကတော့ထိုးလိုက်ပြီးနောက် သားကောင်သေများထံမှ ဖြတ်တောက်ထားကြသည့် ပစ္စည်းများတို့ကိုထည့်ကာ လမိုင်းတင်မြှောက်လိုက်ပြီး လှည်းနှင့်သယ်ဆောင်ရန် ပြန်ခဲ့ကြပေတော့သည်။ ယခု ကျွန်တော်တို့နှစ်ယောက်ကို သူပြောပြသည့်အကြောင်းက မျက်ဝါးထင်ထင်မို့ မယုံလို့ကမရ။ ပို၍မှန်ကန်မည့်ကိစ္စကိုတော့ဖြင့် ယနေ့ ညပိုင်းမီးထိုး

ကာ အမဲရှာကြမည့် လူငယ်များတို့၏အခြေအနေကို စောင့်စားကြည့်ရှု ကြရပေတော့မည် မဟုတ်ပါလား။

အပြန်လမ်းတွင် ကျွန်တော်လျှောက်လှမ်းရင်း စဉ်းစားနေလိုက်မိသည်က နေရာတိုင်းတွင် သူ့စည်းနှင့်သူရှိနေကြသလို ကျွန်တော်တို့ မုဆိုးလောကတွင်လည်း 'မုဆိုးနှင့်စည်း' ဆိုတာမျိုးက ရှိနေကြပြန်ပါ သေးရယ်လားလို့ပြင့် ...။

လေးမောင်



| ၁ |

❑

ရုတ်တရက်ဆိုတော့ အောင်မောင်းလန့်ဖျပ်သွားသည်။

ကြည့်စမ်း။ အစ,ကအကောင်းသား။ သူ့လက်ထဲလည်းရောက်ရော ကလေးက ရှုံ့မဲ့ဝါးဝါးကြီး ငိုချသည်။ လက်ကားရား၊ ခြေကားရားဖြင့် ကော့ထိုးတွန့်လိမ်ဖြစ်လာသည်။ ဖြူနုသောအသားကလေးတွေ နီမြန်းရဲတွတ်လာသည်။

"ဟဲ့ ... သင်းထုံ၊ သားကိုကြည့်စမ်းပါဦးဟယ်။ အနီးထဲဝင်ပြီး ပိုးကောင်တစ်ကောင်ကောင်များ ကိုက်နေရော့သလား"ဟုဆိုကာ သားငယ်ကို ဇနီးသည် သင်းထုံလက်သို့ ပြောင်းပေးလိုက်သည်။

ဟော ... ယခုတော့ ကောင်ကလေးက တိခနဲဖြတ်ချလိုက်သလို အငိုရပ်သွား၏။





သင်းထုံသည် ကလေးကိုယ်တွင်ပတ်ထားသော အနီးများကို လှန်လှော၍ရှာသည်။

"ဘာကောင်မှ မတွေ့ပါဘူးတော်။ တော့်သား လန့်သွားတာလားမှ မသိတာ"

အောင်မောင်း 'ကွက်'ခနဲ မျက်နှာတစ်ချက်ပျက်သွား၏။

သင်းထုံ၏ရင်ခွင်ထဲမှသားငယ်ကို စူးစိုက်ကြည့်ရင်း ခေါင်းထဲတွင် မှုန်ဝါးဝါးအတွေးမျှင်တစ်စ ဝေ့ဝဲ၍လာလေသည်။

သည်အဖြစ်မျိုးကြုံရတာ သည်တစ်ကြိမ်တည်းသာမဟုတ်၊ နှစ်ကြိမ်သုံးကြိမ်ရှိခဲ့ပြီ။ သူ့လက်ထဲသို့ရောက်သည်နှင့် ကလေးကငိုပြီး တစ်ကြိမ်တွင်ငိုနေသည့်ကြားထဲက သားငယ်၏ပါးမို့နုထွေးထွေးလေးကို အတင်းနမ်းမိရာ ကောင်လေးတက်မတတ် ချက်မတတ်ဖြစ်ပြီး ပြာနှမ်းသွားခဲ့ဖူးသည်။ ကလေးက သူ့ကိုမလိုလားသည့်သဘောလား ...ဟု တွေးသည်။ သို့သော် ကလေးကယခုမှ လ,သားအရွယ်လေးပဲ ရှိသေးသည်။ စဉ်းစားတွေးခေါ် သိနားလည်တတ်သေးသည်မဟုတ်။ လိုလားသည်၊ မလိုလားဘူးဆိုတာ သည်အရွယ်ကလေးမှာ ရှိနိုင်ပါမည်တဲ့လား။

သည်ကောင်ကလေးမှာ ဘယ်ဘက်လက်တွင် အလယ်လက်ချောင်းလေးသုံးချောင်း။ ပထမလက်ဆစ်အောက်မှ တိတိရိရိပြတ်နေသည်။ မောင်နီဝင်စားတာများလေလား ...ဟု သူ မတူတရှတွေးမိ၏။ ဖြစ်နိုင်ခြေရှိသည်တို့ကို စဉ်လျှောက်၍ စဉ်းစားနေမိပြန်သည်။

မျက်နှာပုံပန်းသဏ္ဍာန်။

ဒိဒိက မျက်နှာသွယ်သည်။ နှာတံပေါ်သည်။ နှာရှုက်သေးသေး။

ယခု သည်ကောင်ကလေးမှာ မျက်နှာပြည့်ပြည့်ဝိုင်းဝိုင်း။ နှာတံမထင်ရှား။ နားရွက်နှစ်ဖက်ကား၍ ကြီးသည်။ မောင်နီနှင့် တထေရာ

တည်းပင်ဖြစ်သည်။ ပြီးတော့ အသားကလည်း မောင်နီ့အတိုင်းပင် ဖြူသည်။ မိမိကညျိုရုံသာမက မည်းသည့်ဘက်သို့ အနည်းငယ်အကဲသာ သေးသည်။

စင်စစ် ... မောင်နီဆိုသည်က အခြားလူမဟုတ်။ သင်းထုံ၏ ပထမယောကျ်ား ဖြစ်သည်။ မိမိ၏ ငယ်သူငယ်ချင်းလည်း ဖြစ်သည်။ သူအသတ်ခံရ၍ သေဆုံးသွားခဲ့လေသည်။

"သင်းထုံရယ် ... တို့သားကလေးဟာ မောင်နီဝင်စားတာ များ ဖြစ်နေရောသလားကွာ"

ဟု သင်းထုံကို ဖွင့်ဟခဲ့ဖူးသည်။

"အို ... မဖြစ်နိုင်တာ ကိုအောင်မောင်းရယ်။ လူဝင်စားဆို ရင် အိပ်မက်မက်တတ်တယ်တဲ့ ... တော်ရဲ့။ အိပ်မက်ထဲမှာ ခွင့်တောင်း ပြီးမှ ဝင်စားကြတာဆိုပဲ။ ခု ကျွန်မက ဘာအိပ်မက်မှမမက်တာ"

"ဒီကောင်လေးရဲ့ရုပ်က မောင်နီနဲ့ဆင်နေသလားပဲ"

"တော်ကလည်း ... ဒီအရွယ်ကလေး ရုပ်ကိုခန့်မှန်းလို့ရသေး တာမှ မဟုတ်ပဲ။ ရုပ်က အမြဲပြောင်းနေတတ်တယ်တဲ့ရှင့်"

အောင်မောင်းက သူ့စိတ်၌ဖြစ်ပေါ်လာသော သံသယအတွေး မျှင်များကို တစ်ပင်စီ၊ တစ်စ,စီ ဆွဲထုတ်လျက်ရှိသည်။ သင်းထုံသည် အောင်မောင်း၏သံသယများကို ချေဖျက်နေ၏။

"မင်းသား ငါ့ချိတိုင်းတက်မတတ်ချက်မတတ် နင်းကန်ငိုတာ ဘာဖြစ်လို့လဲကွာ"

"ကလေးဆိုတာ အမေကိုသိပ်သိတယ် ကိုအောင်မောင်းရဲ့။ မွေးလာပါပြီဆိုကတည်းက အမေ့ရင်ခွင်မှာပဲ နေခဲ့ရတာမဟုတ်လားလို့။ အမေ့လက်ထဲက အခြားတစ်ယောက်ပြောင်းယူလိုက်တာနဲ့ အထိအတွေ့





ချင်းကအစ မတူဘူးလေ။ တော်က ကလေးကို မချီတတ်ချီတတ်နဲ့ချီ တော့ ကလေးအသားတွေ နာချင်လည်းနာသွားမှာပေါ့"

"ဟင်း ... ဒါဆိုလည်းကွာ ဒီကောင်လေး လက်ချောင်းသုံး ချောင်းက တိတိရိရိပြတ်နေတာကော မင်းဘာပြောမလဲ။ မောင်နီဓား ခုတ်ခံရတုန်းက လက်ချောင်းသုံးချောင်းပြတ်နေတယ်ဆို မဟုတ်လား"

"အို ... ကိုအောင်မောင်းရယ် ... တိုက်ဆိုင်တာပဲ ဖြစ်ပါ လိမ့်မယ်"

သည့်တစ်ခါတော့ အောင်မောင်းသည် နှုတ်ခမ်းအစုံကို တင်း တင်းစေ့ပစ်လိုက်၏။

"ဟွန်း ... တိုက်ဆိုင်လိုက်ပုံကလည်းကွာ တိပဲတိကျလွန်း တယ်"

[ ၂ ]

❑

အောင်မောင်းနှင့်သင်းထုံတို့၏ သားကလေးသည် ပက်လက်အရွယ်က သည့်လောက်မဟုတ်သေး။ တဖြည်းဖြည်း ကြီးလာလေလေ မောင်နီနှင့် ပို၍တူလာလေလေ ဖြစ်သည်။ ဘေးပတ်ဝန်းကျင်ကအစ သတိပြုမိလာသည်။

"ဟဲ့ . . . သင်းထုံမွေးထားတဲ့ကလေးဟာ သူ့အရင်ယောက်ျား မောင်နီနဲ့ တစ်ပုံစံတည်းပါလား"

"ဟုတ်တယ်တော့ . . . ကျွန်မလည်း တစ်နေ့ကမှသွားကြည့်မိတယ်။ တကယ့်မောင်နီမှ မောင်နီချွတ်စွပ်"





သည့်လို သတင်းတွေက ရွာထဲတွင် ပျံ့နှံ့နေသည်။

တစ်နေ့တွင် မောင်နီ၏ အဖေနှင့်အမေသည် အောင်မောင်းတို့ထံ ပေါက်ချလာ၏။ အဘွားကြီးက ချွေးမဟောင်းဖြစ်သူကို ခရီးရောက်မဆိုက်မေးသည်။

"ဟဲ့ . . . သင်းထုံ . . . ညည်းတို့ဆီကို ငနီရောက်နေတယ်ဆို"

"ရှင် . . ."

သင်းထုံမှာ မျက်လုံးချာချာလည်ကာ ဘာဖြေရမှန်းမသိ ဖြစ်နေလေသည်။

"ဒီလိုပါဟယ် . . . သင်းထုံရယ်။ နင်မွေးတဲ့ကလေးဟာ ငနီဝင်စားတာလို့ လူတွေပြောကြလွန်းလို့ တို့လာကြည့်တာပါကွယ်။ ဟုတ်ကောဟုတ်လို့လား"ဟု အဘိုးကြီးက ဝင်၍ရှင်းပြရင်း နောက်ဆက်တွဲမေးခွန်းထုတ်သည်။

"ကလေးကသူနဲ့တော့ တော်တော်ကိုတူတယ်အဖေ။ ဒါပေမဲ့ သူဝင်စားတာလား ဘာလားတော့ ကျွန်မလည်း မပြောတတ်ဘူး"

သင်းထုံ၏ အေးစက်စက်အဖြေကို အဘွားကြီးကျေနပ်ပုံမရ မျက်စောင်းတစ်ချက်ခဲလျက် . . .

"ညည်းကို အိပ်မက်မပေးဘူးလား"

ဟု မေးသည်။

"ဘာအိပ်မက်မှမမက်ပါဘူး အမေရယ်"

"ရွာထဲမှာ လူတွေပြောကြလွန်းလို့ လာကြည့်တာပါအေး ကဲ ဘယ်မှာလဲညည်းသား။ ကြည့်ပါရစေ . . . ခေါ်ဝမ်းပါဦး"

"ရှိပါတယ်အမေ။ ကလေးက သူ့အဖေပြန်လာချိန်နီးလို့

အိမ်ထဲဝင်ပုန်းနေတာပါ။ သူက သူ့အဖေကို သိပ်ကြောက်တယ်။ ကျွန်မ သားလေးကို သွားခေါ်လိုက်ဦးမယ်''

သင်းထုံထ, သွားသောအခါ အဘိုးကြီးက တွေးတွေးဆဆဖြင့် စကားဆိုသည်။

''လူတွေပြောပုံအရတော့ ကလေးက ငနီနဲ့တစ်ရုပ်တည်း ချွတ်စွပ်တဲ့။ သင်းထုံက အိပ်မက်တွေဘာတွေလည်း မမက်ဘူးဆိုတော့ အင်း ... ငနီ့ကိုယ်ဝန်များ ကျန်ခဲ့လေရော့သလား''

အဘွားကြီး မျက်လုံးပြူးသွား၏။

''ကြကြီးစည်ရာတော် ... အောင်မောင်းနဲ့သင်းထုံညားကြတော့ ကျုပ်တို့သားငနီဆုံးတာ နှစ်နှစ်ပဲပြည့်တော့မယ်ဥစ္စာ။ ဘယ့်နှယ်ကိုယ်ဝန်ကျန်ပါ့မတုံး''

''အင်း ... ဟုတ်ပေသားကပဲ''

ထိုစဉ် သင်းထုံကလေးချီလျက် အိမ်ထဲမှ ထွက်လာသည်။ အောင်မောင်းက ခြံဝမှဝင်လာသည်။

ကလေးမှာ ခုနစ်လကျော်ရှစ်လသားအရွယ် ဖြူဖြူဖွေးဖွေး ဝဝကစ်ကစ် ချစ်စရာလေး ဖြစ်သည်။ မျက်လုံးလေးများက ကြည်လင်တောက်ပ,သည်။ အဘိုးကြီးနှင့်အဘွားကြီးသည် သူတို့၏သား မောင်နီငယ်စဉ်ကပုံသွင်ကို ပြေး၍ မြင်ယောင်နေလိုက်ကြ၏။

ကလေးသည် မိခင်ဖြစ်သူ၏ရင်ခွင်ထဲတွင် လက်ချောင်းလေးများကို ပါးစပ်ဖြင့်စုပ်လျက် ဆော့ကစားရင်း ပါလာသည်။ အဘိုးကြီးနှင့်အဘွားကြီးကိုမြင်သော် မျက်လုံးတောက်တောက်ကလေးများဖြင့် လှမ်းကြည့်သည်။ ပြီးလျှင် ပါးစပ်တွင်စုပ်ထားသော လက်ချောင်းများကိုထုတ်၍ လက်နှစ်ဖက်ကိုဆန့်တန်းကာ အချိုးခိုင်းသည့် အမူအရာပြ





သည်။

''ဟယ် ... လက်ချောင်းလေးသုံးချောင်းကလည်း ပြတ်လို့ပါလား။ ဒါ တို့သားလေး ငနီအစစ်ပဲ''

အဘိုးကြီးနှင့်အဘွားကြီးတို့သည် ကလေးကိုအငမ်းမရ လှမ်းပွေ့လိုက်ကြ၏။ အောင်မောင်းသည် သက်ပြင်းတစ်ချက်ကို တိတ်တခိုး ချမိလေသည်။

[ ၇ ]

□

အောင်မောင်းနှင့်သင်းထုံတို့၏သားကို မောင်နီ၏မိဘနှစ်ပါး အဘိုးကြီးနှင့်အဘွားကြီးတို့ သည်းသည်းလှုပ် ဖြစ်သွားကြသည်။ သူတို့သား မောင်နီဝင်စားတာအမှန်ပင်ဖြစ်သည်ဟု ယတိပြတ်ယုံကြည်ကြသည်။

အစ,ပိုင်းတွင် သူတို့သည် ကလေးအတွက် ကစားစရာများ၊ မုန့်နှင့်အဝတ်အစားလေးများ ဝယ်ဝယ်ပေးသည်။ နောက်တော့ အဘွားကြီးက ...





"သင်းထုံရယ် ... တို့အိမ်မှာလည်း ကလေးမြေးငယ် ရှိတာမှမဟုတ်ပဲ။ ညည်းသားကို တို့အိမ်လာပို့ထားပါဟယ်။ ညည်းလည်းတစ်ဖက်က သက်သာတာပေါ့။ လယ်အလုပ်ကိုင်းအလုပ် ကူနိုင်တာပေါ့"

ဟု စကားဆိုတာသည်။

သင်းထုံ အောင်မောင်းနှင့် တိုင်ပင်သည်။ အောင်မောင်းအတန်ကြာငိုင်၍ စဉ်းစားသည်။ အောင်မောင်းက ကိုင်းအလုပ် လယ်အလုပ်ကို လောဘတကြီးလုပ်သူ ဖြစ်သည်။

"အေး ... ကောင်းသားကွ။ မင်းလယ်ထဲဆင်းနိုင်တာပေါ့"

အောင်မောင်းသဘောတူသည်။

သည်လိုဖြင့် ... နံနက်လင်းလျှင် အောင်မောင်းနှင့်သင်းထုံတို့၏သားကလေးသည် အဘိုးကြီး အဘွားကြီးအိမ်သို့ ရောက်သွားပြီးကလေးကိုသင်းထုံက နို့အဝတိုက်ထားခဲ့သည်။ နောက် နို့ဆာချိန်များတွင် အဘိုးကြီးက နွားနို့တိုက်ထားသည်။ မြို့မှ ဘီစကစ်မုန့်တွေ မှာကျွေးထားသည်။ ထမင်းကိုပျော့နေအောင် နို့ဖြင့်ကျိုကာ သကြားထည့်၍ကျွေးသည်။ သည်လိုဖြင့်ပင် ကလေးသည် မကြာမီ နို့ပြတ်သွား၏။

ညနေတိုင်း၍ သင်းထုံသွားခေါ်လျှင် ကလေးက လိုက်ပင်မလိုက်ချင်သေး။ သူကလည်း အဘိုးကြီးအဘွားကြီးအပေါ် တွယ်တာသည်။

သူ့ကို အဘိုးကြီးအဘွားကြီးက သူတို့သား၏နာမည်ကို ပြောင်းပြန်လုပ်ကာ "နီမောင်"ဟု အမည်ပေးထားကြ၏။ တစ်ရွာလုံးကလည်း "နီမောင်"ဟုပင် အသိအမှတ်ပြု ခေါ်ဝေါ်ကြသည်။ ကလေးအဖေဖြစ်သူ အောင်မောင်းမှာ သူ့သားငယ်ကို နာမည်လေးမျှ ပေးခွင့်မရလိုက်၊ အတော်ခွကျကျနိုင်သည့်အဖြစ်။

အောင်မောင်းသည် သူ့သားကလေးအဖြစ် မောင်နီဝင်စားခဲ့လေသလားဟု အစောဆုံး သံသယဝင်ခဲ့သူဖြစ်၏။ ကလေး၏ ရုပ်ရည်အသွင်အပြင်နှင့် ပြတ်နေသော လက်ချောင်းလေးသုံးချောင်းကြောင့် ထိုသံသယသည် စ,တင်ခဲ့ခြင်း ဖြစ်သည်။ တစ်စ, တစ်စဖြင့် ကလေး၏ထူးခြားချက်များကို သတိမူမိလာခဲ့သည်။

ကလေးက သူချိုလျှင် ငိုသည်။ သူခေါ်၍မရ။ နည်းနည်းလေးကြီးလာတော့ သူ့ကိုအလိုလိုနေရင်း ကြောက်ရွံ့မုန်းတီးနေသည့်ဟန် မြင်ရသည်။ သူ့အနားသို့ လုံးလုံးမကပ်။ သူဘာကျွေးကျွေးကောင်လေးကမစား။ သူအိမ်မှာရှိနေလျှင် ကောင်လေးသည် အမေအနား၌သာ အမြဲကပ်နေသည်။ သည်အချက်များက အောင်မောင်း၏သံသယကို ပို၍ကြီးထွားစေသည်။ အောင်မောင်းသည် ရင်တွင်း၌ကျိတ်၍ဆုတောင်းနေမိ၏။

"ဒီကောင်လေး မောင်နီဝင်စားတာ မဟုတ်ပါစေနဲ့"

ရွာထဲ၌ လူဝင်စားဆိုသည်ကို မယုံကြည်သော လူငယ်အချို့လည်းရှိသေးသည်။ သူတို့က 'လူဝင်စားဆိုတာ အလကားပါကွာ။ အကြောင်းတရားအချို့ မတော်တဆ တိုက်ဆိုက်သွားခဲ့တာတွေပါ။ ဒါကို လူတွေက ပုံကြီးချဲ့နေကြတာ' ဟု စကားသံလွင့်သည်။

"အေး ...မင်းတို့မယုံဘူးဆိုတဲ့ကောင်တွေ စောင့်နေကြ။ ဒီကလေး စကားတတ်လာတဲ့တစ်နေ့ကျတော့မှ ဒီကလေးဟာ ငါ့သား မောင်နီဝင်စားတာ ဟုတ်တယ်မဟုတ်ဘူးဆိုတာ အဖြေပေါ်လာလိမ့်မယ်"

ဟု မောင်နီ့အဖေအဘိုးကြီးက တုံ့ပြန်သည်။

နီမောင်ကလေး စကားပြောတတ်လာမည့်ရက်ကို အားလုံး





က စောင့်စားနေခဲ့ကြ၏။ သူစကားတတ်လာလျှင် ဘာတွေများပြောလာမှာပါလိမ့်ဟု သိလိုကြသည်။

အောင်မောင်းတစ်ယောက်လည်း အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြင့် ...

[ ၄ ]

❑

နီမောင် စကားပြောတတ်စ, ပြုလာသည်။

သူ့အမေ၏ရင်ဘတ်ကို ပုတ်လျက် ...

" မား ... မား ... မား ..."

ဟုခေါ်ရာမှ နောက်တော့ 'မေမေ' ဟု ပီပီသသ ဖြစ်လာ
သည်။ သင်းထုံမှာ ဝမ်းသာလွန်းသဖြင့် သားငယ်ကိုပွေ့ဖက်၍ အငမ်း
မရနမ်းနေသည်။ အောင်မောင်း အနားရောက်လာတော့ သင်းထုံက
လက်ညှိုးညွှန်ပြကာ ...

"ဖေ ... ဖေ ... ခေါ်လိုက်စမ်း သားလေး။ ဖေဖေလို့ခေါ်
လိုက်စမ်း"





ဟု သားငယ်အား နိုင်းသည်။

နီမောင်ကလေးသည် ဖခင်၏မျက်နှာကို တစ်ချက်စိုက်ကြည့်
ပြီး ခေါင်းကိုတစ်ဖက်သို့ လှည့်သွားသည်။ ပြီးတော့ ခပ်ဆောင့်ဆောင့်
ပြောလိုက်သော အသံတစ်သံ ကလေးနှုတ်မှထွက်လာ၏။

"ထော်ရူး ..."

မခေါ်ဘူး ဟုပြောမှန်း အောင်မောင်းရော သင်းထုံပါ သဘော
ပေါက်ကြသည်။ အကြည့်ချင်း တစ်ချက်ဆုံလိုက်ကြသည်။ နောက်တော့
မျက်နှာညှိုးကာ ပင့်သက်ကိုယ်စီ ချလိုက်မိကြလေသည်။

နီမောင်သည် သူ့အဖေအောင်မောင်းကိုသာ အဖေခေါ်ရန်
ငြင်းဆန်သည်။ မောင်နီ၏အဖေ အဘိုးကြီးကိုကား "အဖေ ... အဖေ"
နှင့် တစ်ဖေတည်းဖေနေလေ၏။ အဘိုးကြီးမှာ ပီတိတွေဖုံးလျက် တပြုံးပြုံး
ဖြစ်နေသည်။

"ကြွေကြပလားကွ ဟေ။ လူဝင်စား မယုံတဲ့အကောင်တွေ။
ဒါတောင် စကားတတ်စပဲရှိသေးတာနော်။ ဒီထက်တတ်လာရင် ဘာတွေ
ပြောလာမလဲဆိုတော့ စောင့်နားထောင်ကြ"

အဘိုးကြီးက လူဝင်စားမယုံဘူးဆိုသော ရွာထဲမှလူငယ်အချို့
အား တုံ့ပြန်သောစကားဖြစ်သည်။ သို့သော် အဘိုးကြီးစကားကြောင့်
သည်းထိတ်ရင်ဖိုဖြစ်သွားရသူကား ... အောင်မောင်း။

"ဒီထက်တတ်လာရင် ဘာတွေပြောလာမလဲ"

ဟုတ်သည်။ ဘာတွေပြောလာမည်လဲ။ အောင်မောင်းသည်း
သိချင်သည်။ ခက်သည်က ... သည်ကောင်ကလေး နီမောင် ...

သူ့ကို စကားမပြော။ သူဘာမေးမေး တစ်ခွန်းတလေမျှပင်
ပြန်မဖြေ။ မိခင်ဖြစ်သူနှင့် စကားတွေ တွတ်တီးတွတ်တာ ပြောနေနိုက်

သူရောက်သွားလျှင် လုံးဝန္တတ်ဆိတ် အသံတိတ်၏။ မျက်နှာကိုပင် တစ်ဖက်သို့ လှည့်သွားလိုက်သေး၏။ သူ့အား အသိအမှတ်မပြုဘူးဆို သည့်သဘော ...

"သင်းထုံရယ် ... တို့သားလေးက ငါ့ကိုဘာကြောင့်များ ဒီလောက်တူးတူးခါးခါး ဖြစ်နေသလဲမသိပါဘူးကွာ။ မင်းတို့သားအမိ နှစ်ယောက်တည်း စကားပြောနေတုန်း ငါ့အကြောင်းများ ထည့်ပြော သေးသလား"

အောင်မောင်း သင်းထုံကို မေးဖူးသည်။

"မပြောပါဘူး ကိုအောင်မောင်းရယ်။ သူ ကိုအောင်မောင်း အပေါ် ဘာကြောင့် တူးတူးခါးခါး ဖြစ်နေသလဲတော့ ကျွန်မလည်း မစဉ်းစားတတ်ဘူး"

အောင်မောင်းသည် အတန်ကြာ ငိုင်လျက်စဉ်းစားနေ၏။

"ဒီကောင်လေး ... ဟို မောင်နီ့ အဘိုးကြီးအဘွားကြီး အိမ်ရောက်ရင် စကားတွေသိပ်ပြောတာပဲ ... တဲ့ကွ။ အဲဒါ ဘာတွေ ပြောသတဲ့လဲ"

"ကျွန်မလည်း မမေးမိပါဘူးတော်"

" ငါတော့ ဒီကောင်လေး အဲဒီအိမ်ကို မလွှတ်ချင်တော့ဘူး"

"အို ... ဘယ်ကောင်းပါ့မလဲ ကိုအောင်မောင်းရဲ့။ ဟိုက ကိုယ့်သားလေးလို ချစ်လို့ဟာကို။ သဝန်တိုရာ သဘောထားသေးသိမ်ရာ ကျတော့မှာပေါ့"

"ဟင်း ..."

အောင်မောင်းသည် ပင့်သက်ရှည်တစ်ချက်ကို ရှိုက်၍ ချလိုက် လေသည်။





သူ့နားတွင် မောင်နီ့အဖေ အဘိုးကြီးပြောလိုက်သော စကား များကို ပြန်လည်ကြားယောင်လာ၏။

"ဒီကလေးဟာ ... ငါ့သားငနီမှ ငနီအစစ်ပါကွာ။ သေချာ ပါတယ်။ စောင့်သာကြည့်နေ။ မကြာခင် သူ့ကို ဘယ်သူသတ်တယ် ဆိုတာ သူ့ပါးစပ်က ထုတ်ပြောလာလိမ့်မယ်"

"အဲဒီလို လူဝင်စားပြောတဲ့စကားနဲ့ ရဲက အရေးယူနိုင်ပါ့ မလားအဘရဲ့။ လူဝင်စားပြောတာတို့၊ သရဲတစ္ဆေပူးပြီး ပြောတာတို့၊ နတ်ဝင်ပြီးပြောတာတို့ကို တရားဝင်အသိအမှတ်ပြုတယ်လို့ ကျွန်တော် တော့ မကြားမိဘူးအဘ"

"အေး ... လူဝင်စားပြောတဲ့စကား တရားမဝင်ပေမဲ့ စဉ်းစား စရာ အချက်တစ်ချက်တော့ ရလာတာပေါ့ကွာ။ ဟိုတုန်းက ကွင်းဆက် ပြတ်နေခဲ့တဲ့ သဲလွန်စတွေကို ပြန်လည်ဆက်စပ်တွေးတောပြီး အမှုကို ပြန်ပြီး စုံစမ်းထောက်လှမ်းနိုင်တာပေါ့"

အဘိုးကြီး တွေးခေါ်စဉ်းစားပုံက မခေ။ သည်အဘိုးကြီးမှာ ဟို ... တစ်ခေတ်တုန်းက ရွာသူကြီးလုပ်ခဲ့ဖူးသူ ဖြစ်၏။

အောင်မောင်းသည် သင်းထုံ၏ရင်ခွင်ထဲတွင် မျက်နှာအပ် လျက် သူ့အား ကျောခိုင်းထားသော သားငယ်ကို တစ်ချက်စိုက်ကြည့် ကာ ...

"သင်းထုံ မင်းသားကို ငါဘယ်သူလဲသိသလားဆိုတာ မေး ကြည့်စမ်းပါဦးကွာ"

သင်းထုံက သားကို သူ့အဖေဘက်သို့လှည့်ပေးပြီး လက်ညှိုး ညွှန်ကာ မေးသည်။

"သားလေး ... မောင်နီမောင်၊ အမေ့သားက သိမှာပါတယ်

ကွယ်။ အဲဒါဘယ်သူလဲ ... သားသိလား''

''တီဒယ် ...''

''သိရင်ဘယ်သူလဲ ... ပြောစမ်းသား ... အမေ့ကို ပြောစမ်း''

ကလေးသည် ပြန်လှည့်သွား၏။ မိခင်၏ရင်၌ မျက်နှာကိုအပ်ထားလျက်က တိုးတိုးကလေး ဖြေသည်။

''အောင်မောင်း ...''

''ဟယ် ...''

အောင်မောင်းရင်ထဲ နင့်ခနဲ ခံစားသွားရသည်။ ကြည့်စမ်း သည်ကလေး သည်အထိ သိတတ်နေပြီပဲ။

''မဟုတ်ဘူးလေ သားရဲ့။ ဖေ ... ဖေ ... ခေါ်လိုက်စမ်း သားလေးဖေဖေ ... လို့''

သင်းထုံက ကလေးကို အဖေခေါ်နိုင်းနေသည်။

သို့သော် ကလေးသည် ခေါင်းခါခါလည်ခါခါ လုပ်နေ၏။ မျက်နှာကို မိခင်၏ရင်မှာအပ်ထားသည်။ ဖခင်ဖြစ်သူ အောင်မောင်းဘက်သို့ လုံးဝမလှည့်။

သင်းထုံက သူ့သားကို အဖေခေါ်ရန် တတွတ်တွတ်သင်ပေးနေသည်။

''သားလေး ... နီမောင် ... အမေ့သားလေးက သိပ်လိမ္မာပါတယ်ကွယ်။ ဒါ ... သားလေးရဲ့ ... ဖေဖေလေ ... ခေါ်လိုက်ပါ သားရယ်။ ဖေဖေလို့ ခေါ်လိုက်စမ်းသား ... ဖေဖေ ... အဖေ ... ဖေကြီး ...။ ဟော ... အမေ့သားလေးက အမေ့ကိုချစ်တယ်ဆို အမေ့ကိုချစ်ရင် ... ဖေဖေလို့ခေါ်လိုက်ပါကွယ်''

---

စိတ်ကူးသစ်စာပေ



နီမောင်က ခေါင်းကို သွက်သွက်လက်လက်ကြီးခါလျက်. ပီပီ သသ, ပင်ပြန်ပြောသည်။

''ခေါ်ဘူး ...''

သင်းထုံ၏မျက်လုံးအိမ်အစုံတွင် မျက်ရည်ကြည်လေးများလဲ့ကာ အောင်မောင်းကို လှမ်းကြည့်သည်။

အောင်မောင်းသည် မျက်နှာရင့်အိုလျက် ငေးငိုင်နေ၏။

[ ၅ ]

❑

သင်းထုံနှင့်မောင်နီတို့ မင်္ဂလာဆောင်ပြီးကတည်းက အောင်မောင်း မြို့ပေါ်သို့တက်ခဲ့လေသည်။

ရွာမှာမနေချင်တော့။ သူအသည်းနှင့် ရင်မွှင့်အောင် ချစ်ခဲ့ရသော သင်းထုံတစ်ယောက် တစ်ပါးသူရင်ခွင်၌ ပျော်ပိုက်နေသည့်အဖြစ်မျိုးကို သူမကြည့်ရက်၊ မမြင်ဝံ့။ တကယ်တော့ သင်းထုံကို သူသာရထိုက်သည်ဟု သူကယုံကြည်သည်။ သင်းထုံ၏အချစ်က သူ့ဘက်သို့ အလေးသာသည်ဟု သူခံစားရသည်။





သင်းထုံ၊ အောင်မောင်းနှင့် မောင်နီတို့သည် သည်ရွာမှာပင်မွေး၍ သည်ရွာမှာပင် အတူတကွ ကြီးပြင်းလာခဲ့ကြသော သူငယ်ချင်းတွေ ဖြစ်သည်။ ငယ်စဉ်က ကစားဖော်ကစားဖက်၊ ရွာမူလတန်းကျောင်းတက်ကြတော့ ကျောင်းသွားဖော်တွေ ဖြစ်ကြ၏။ သူတို့သုံးယောက်က အိမ်ချင်းလည်းနီးကြတော့ သူတကာထက်ပို၍ တွယ်တာခဲ့ကြသည်။

လေးတန်းအောင်ပြီးနောက် မြို့ပေါ်ရှိအလယ်တန်းကျောင်းသို့ သွားတက်ကြရသောအခါ သင်းထုံမပါတော့ပေ။ အောင်မောင်းနှင့်မောင်နီ နှစ်ယောက်တည်းသာ ဖြစ်သည်။ (၁၅)မိုင်ခရီးမျှသာ ဖြစ်သော်လည်း ကားလမ်းမပေါက်သေး။ ငယ်သေးသည့် အရွယ်တွေဆိုတော့ စက်ဘီးလည်း မစီးတတ်ကြသေး။ မြို့ပေါ်တွင် သွားနေကြရသည်။ အောင်မောင်းက ဦးလေးအိမ်တွင် နေသည်။ မောင်နီက သူ့အဖေ၏မိတ်ဆွေတစ်ဦးအိမ်တွင် နေသည်။ ကျောင်းပိတ်တော့မှ ရွာသို့ပြန်ကြရသည်။ ထိုအခါကျမှပင် သူတို့သည် သင်းထုံနှင့်စကားလက်ဆုံ ပြောမကုန်အောင် ဖြစ်ကြရလေသည်။

ခေတ်ကာလအခြေအနေအရဟုပင် ဆိုရတော့မည်။ အောင်မောင်းနှင့်မောင်နီတို့သည် အလယ်တန်းပညာကို ဆုံးခန်းတိုင်အောင်ပင် မသင်လိုက်ရ။ ကျောင်းထွက်ခဲ့ကြရသည်။ အသက်အရွယ်အရလည်း မိဘ၏လယ်ယာအလုပ်ကို ကူညီနိုင်သည့်အရွယ်သို့ ရောက်နေခဲ့ပြီမဟုတ်လား။

အပျိုဖြန်း လူပျိုဖြန်းလေးတွေ ဖြစ်လာကြသောအခါ ငယ်သူငယ်ချင်းသုံးယောက်တို့ အခင်အမင်မပျက်ကြသော်လည်း ရှက်အမ်းအမ်းကာ အပြောအဆို အဆက်အဆံ ခပ်တန်းတန်း ဖြစ်သွားခဲ့ကြသည်။

သင်းထုံသည် ရွာတွင် အချောဆုံးအလှဆုံး ကွမ်းတောင်ကိုင်မလေး ဖြစ်လာ၏။ အောင်မောင်းနှင့်မောင်နီတို့ကလည်း မြို့ကျောင်းထွက် လူရည်သန့်တွေ ဖြစ်သည်။ သူတို့သုံးယောက်ကို ရွာကလူတွေက အကဲခတ်နေကြသည်။ သုံးယောက်တတွဲတွဲ အမြဲနေ၍ရသည်မှ မဟုတ်ပဲ။ နှစ်ယောက်တစ်တွဲဖြစ်ပြီးလျှင် တစ်ယောက်ကတော့ တကွဲတပြား ဖြစ်သွားရပေမည်။ ထိုတစ်ယောက်သည် ဘယ်သူလဲ။ ဒါကို သိချင်နေကြသည်။

နောက်ဆုံးတွင်တော့ ထိုတစ်ယောက်သည် အောင်မောင်းကိုယ်တိုင်ဖြစ်သွားရသည်မှာ ရင်နာစရာကောင်းသည်။

သင်းထုံကို ဖွင့်ဟချစ်ရေးဆိုကြသည့် ကာလမှာ တစ်ပြိုင်တည်းလိုလို ဖြစ်သည်။ သံယောဇဉ်မကင်းသူတွေဖြစ်၍ သင်းထုံ ရတ်ခြည်း ဆုံးဖြတ်ရခက်သည်။ မပြတ်မသား တွေဝေနေသောအချိန်သည် အတန်ကြာခဲ့သည်။ ထိုအခြေအနေကို အခွင့်ကောင်းယူ၍ မောင်နီက မိဘတို့၏စစ်ကူအင်အားဖြင့် အလုံးအရင်းဝင်သည်။ လူကြီးစုံရာဖြင့် ခပ်တည်တည်ဝင်၍ ကြောင်းလမ်းသည်။ သင်းထုံ၏ မိဘတွေဘက်ကလည်း လူငယ်ချင်းမေတ္တာမျှနေပြီဟု အယူရှိသည်။ ထို့ကြောင့်ကြောင်းလမ်းလာသည်ကို လက်ခံလိုက်သည်။ သင်းထုံမှာ ဘယ်လိုအကြောင်းပြချက်ဖြင့် ငြင်းပယ်ရမည်ဆိုသည်ကို တွေပင်မတွေးတတ်။ အလွယ်တကူဖြင့်ပင် ခေါင်းညိတ်လိုက်ရသည်။

သူတို့မင်္ဂလာပွဲပြီးအောင် အောင်မောင်းတစ်ယောက် ဟန်ဆောင်နေခဲ့ရသည်။

နောက်တော့ မြို့ပေါ်သို့တက်လာခဲ့သည်။ ဦးလေး၏ပွဲရုံတွင် အလုပ်ဝင်လုပ်နေခဲ့လေသည်။

စိတ်ကူးသစ်စာပေ



"ကဲပါ . . . ကိုအောင်မောင်းရယ် ဒီလောက်လည်း စိတ်မကောင်းဖြစ်မနေပါနဲ့။ ကလေးက ဘာသိတတ်သေးတာမှတ်လို့။ နောက်တော့ အဖေပဲဟာ အဖေခေါ်လာမှာပေါ့"

ငေးငိုင်သွားသော အောင်မောင်း၏လက်မောင်းကို အသာပုတ်လျက် သင်းထုံက ပြောသည်။

"ဟင်း . . ."

အောင်မောင်း၏သက်ပြင်းမှာ ရှည်လျားလေးလံလွန်းလှ၏။

[ ၆ ]

❑

နီမောင်ဟု အဘိုးကြီးနှင့်အဘွားကြီးက နာမည်မှည့်ထားခဲ့သော အောင်မောင်း၏သားကလေးသည် နှစ်ခါလည်ကျော်အရွယ်သို့ ရောက်လာခဲ့ပြီ။ သည်ကာလတစ်လျှောက်လုံး အောင်မောင်းသည် သူ့သားကလေး ဘာစကားတွေများ ပြောလာလိမ့်မည်လဲဟု စိုးတထိတ်ထိတ်ရှိနေခဲ့သည်။ ယခုအချိန်အထိတော့ ကလေးက သူ့ယခင်ဘဝက မောင်နီပါဟူသောစကားမျိုး တစ်ခွန်းတလေမျှ မပြောသေး။ ဘဝဟောင်းနှင့်ပတ်သက်၍ တစ်စွန်းတစ်စမျှ မဟာသေး။ ရုပ်ရည်သွင်ပြင်ကတော့ တကယ့်မောင်နီအတိုင်းပင်။





လူတွေက သည်ကလေးမောင်နီဝင်စားတာဟု ယုံကြည်နေကြဆဲဖြစ်သည်။ အထူးသဖြင့် မောင်နီ၏မိဘများဖြစ်ကြသော အဘိုးကြီးနှင့်အဘွားကြီးတို့ဖြစ်သည်။ ကလေးကလည်း အဘိုးကြီးနှင့်အဘွားကြီးကိုကျတော့ အဖေအမေထက် ပို၍တွယ်တာသည်။ အိမ်မှာ မိခင်ဖြစ်သူသင်းထုံကို 'အမေ' ဟုခေါ်သည်။ အောင်မောင်းကိုကား ဘယ်လိုမှ မခေါ်။ အနားကပ်ပင်မခံ။ ဟိုအိမ်ရောက်သွားတော့ အဘိုးကြီးနှင့်အဘွားကြီးကို 'အဖေ၊ အမေ'နှင့် တီတာနှဲ့ချွဲနေတတ်လေသည်။

သည်အိမ်မှာကော သည်ကလေး ဘာစကားတွေပြောနေလိမ့်မည်နည်း။

"ဟေ့ ... အောင်မောင်း။ မင်းသားကလေးက သူ မောင်နီဝင်စားတာပါလို့ပြောပြီဆို ... ဟုတ်လား"

"ဟာ ... မပြောပါဘူးကွာ"

"ဒါဆို မင်းတို့အိမ်မှာမပြောဘဲနဲ့ ဟို သူ့အဖေ သူ့အမေအိမ်မှာ ပြောတာဖြစ်မယ်ကွ"

"ဘယ်က သူ့အဖေ သူ့အမေအိမ် ရှိသေးလို့လဲကွ"

"ဩော် ... မင်းကလည်း သူက အရင်ဘဝက မောင်နီမဟုတ်လား။ ဒါကြောင့် ဟိုအဘိုးကြီး အဘွားကြီးတွေကို သူ့အဖေသူ့အမေလို့ ငါကပြောလိုက်တာပါကွာ"

ပြောသူက အောင်မောင်း ကွက်ခနဲ မျက်နှာပျက်သွားသည်ကို အရိပ်ကျသည်။

"ဘာလဲ ... မင်းက ဟိုကောင်မောင်နီ၊ မင်းနဲ့သင်းထုံထက် ဘဝဟောင်းက သူ့အဖေအမေကို အချစ်ပိုသွားမှာတွေးပြီး စိတ်မကောင်းဖြစ်သွားတာလားကွ အောင်မောင်း။ ဘာဖြစ်သလဲကွ။ ဟိုကိုပိုချစ်သွား

တော့ အထိန်းရတောင် သက်သာသေးတယ်။ ဘာပဲပြောပြောကွာ။ ကိုယ့်သူငယ်ချင်းတစ်ယောက် ကိုယ့်ဆီမှာလာဝင်စားတာ ပျော်စရာကောင်းပါသေးတယ်။ ရှေးရေစက်တွေပေါ့ အောင်မောင်းရာ"

အောင်မောင်း ရွာထဲသို့ထွက်လျှင် သည့်စကားများကိုသာ ကြားရတတ်၏။

အိမ်မှာ သင်းထုံကို အောင်မောင်းမေးသည်။

"ဟဲ့ … သင်းထုံ၊ တို့သားလေးက သူ မောင်နီဝင်စားတယ်လို့ ပြောနေပြီဆို"

"မပြောပါဘူးတော်။ တော့်ကို ဘယ်သူကပြောလို့လဲ"

"ရွာထဲမှာ ပြောနေကြတာပဲဟ။ အင်း … ဒါဆို ဒီကလေးတို့ဆီမှာမပြောဘဲ ဟိုအိမ်မှာပြောတာ ဖြစ်ရမယ်"

"ဘယ်အိမ်လဲတော့"

"ဘယ်အိမ်ရမလဲကွ။ မင်းရဲ့ယောက္ခမဟောင်းကြီးအိမ်ပေါ့"

"အို … အဲဒီအိမ်မှာပြောရင် သူတို့က ကျွန်မကို ပြန်မပြောဘဲနေပါ့မလား၊ ကိုအောင်မောင်းရယ်"

အောင်မောင်း ဘာမျှပြန်မပြောတော့။ အဝေးတစ်နေရာသို့ ငေးမောလျက် မှိုင်တွေချနေ၏။ သည်ကိစ္စမှာ မြုပ်ကွက်တစ်ခုရှိနေပြီလားဟု စိတ်ထဲတွင် သံသယဝင်လာသည်။ နီမောင်ကလေးသည် မောင်နီဝင်စားသူဖြစ်သည်ဆိုတာ မိမိမသိစေချင်၍ ဖုံးကွယ်ထားကြလေရော့သလား။ နားထဲတွင် မောင်နီ့အဖေ အဘိုးကြီးပြောသည့်စကားများကို ပြန်လည်ကြားယောင်လာ၏။

" ××× သူ့ကိုယ်ဘယ်သူသတ်တယ်ဆိုတာ သူ့ပါးစပ်က ထုတ်ပြောလာလိမ့်မယ် ×××"





ယခုအချိန်ဆိုလျှင် မောင်နီဝင်စားသည့် နီမောင်ကလေးသည် ဘဝဟောင်းက သူ့အဖေအဘိုးကြီးအား သူ့ကိုသတ်သည့် လက်သည်တရားခံ ဘယ်သူဆိုတာပြောပြီးသွားပြီလား။ သူ့ယာတဲအလယ်က မီးဖိုအနီးတွင် ဆောင့်ကြောင့်ထိုင်လျက် မီးလှုံနေစဉ် အပေါ်စီးမှဓားဖြင့် ခုတ်လိုက်သော လူသတ်သမားကို သူရိပ်ခနဲ မြင်ချင်မြင်လိုက်နိုင်သည်။ ဘယ်လက်ဖြင့် ဆီးကာခံလိုက်သည့်အတွက် သူ့လက်ချောင်းလေးများပင် ပြတ်သွားခဲ့ရသည်။

ထိုညက အရိုးကွဲမတတ် အေးစက်နေခဲ့သည်။ နှင်းတို့မှုန်ဝေနေလိုက်သည်မှာ တစ်လောကလုံး ပိန်းပိတ်နေ၏။

နံနက်အရုဏ်မတက်မီ ကိုင်းထွန်ရန်ထွက်လာခဲ့သော မောင်နီသည် သူ၏ယာတဲထဲတွင် ဓားဖြင့် ခုတ်သတ်ခံလိုက်ရသည်။ ထို လူသတ်မှုမှာ တရားခံမပေါ်ခဲ့ပေ။ လေးနှစ်တင်းတင်းပင် ပြည့်ပေတော့မည်။

ယခုလောက်ဆိုလျှင် မောင်နီ့အဖေ အဘိုးကြီးသည် သူ့သားကိုသတ်သည့် လူသတ်သမားဘယ်သူဆိုတာ သိနေနှင့်လောက်ပြီ။ တစ်ခုခုကြံစည်ဘဲနေမည်လား။ ရဲကိုသွားတိုင်လျှင် ရဲကအမှုပြန်ဖော်ပြီး စုံစမ်းစစ်ဆေးမှုတွေ လုပ်ပေလိမ့်မည်။ ယခု သည်အဘိုးကြီး ရဲကိုတိုင်ပုံမရ။ အိမ်မှာပင် ခပ်အေးအေးရှိနေသည်။ ဘယ်မှမသွား။ သို့သော် တစ်နေ့က လူမိုက်ကျော်ကြီးနှင့် သူ့အိမ်မှာစကားပြောနေသည်ကို တွေ့ခဲ့ရ၏။ ကျော်ကြီးသည် ဓားခုတ်မှုဖြင့် ထောင်နှစ်ကြိမ်ကျဖူးသည်။ နွားခိုးသတ်အရက်ပုန်းချောင်း စသည့်မကောင်းမှုတွေကို လုပ်နေသူဖြစ်သည်။ အဘိုးကြီးသူနှင့် တီးတိုးတိုင်ပင်ခြင်းသည် သွေးရိုးသားရိုးဟုတ်ပုံမရ။ သူ့သားအတွက် ကလဲ့စားချေရန် ကြံစည်နေခြင်းသာဖြစ်မည်။ အောင်မောင်း

သဘောပေါက်သွားပြီ။

ထိုနေ့ညနေက မြို့ပေါ်ရှိရဲစခန်းထဲသို့ အောင်မောင်းဝင်သွားသည်။

လွန်ခဲ့သည့်လေးနှစ်က ကုက္ကိုစုရွာလယ်ထဲတွင် မောင်နီအား သတ်ခဲ့ပါသည်ဟု ဝန်ခံဖြောင့်ချက်ပေးကာ အဖမ်းခံလိုက်လေသည်။

သို့သော် နီမောင်ကလေးက သူသည် မောင်နီဝင်စားသူဖြစ်ပါသည်ဟူ၍လည်းကောင်း၊ သူ့အားသတ်ခဲ့သူမှာ အောင်မောင်းဖြစ်ပါသည်ဟူ၍လည်းကောင်း ထိုစဉ်ကလည်းမပြော။ နောင်တွင်လည်း ပြောမလာခဲ့။ အောင်မောင်းတစ်ယောက် သိမသွားခဲ့ပါချေ။

❦ ❦ ❦

အောင်သာမိုး